# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ခဲ၊ လှံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် ၂၀၁၇ ခုနှစ်၊ ဧပြီ ၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ်(၁၉၁)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ပုလဲမျှော်စင်ပေါ်မှ ရှန်ဟိုင်းမြို့ မြင်ကွင်းအလှကို ကြည့်ရှု

**ရှန်ဟိုင်း ဧပြီ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ (Oriental Pearl Radio & TV Tower) အရှေ့တိုင်းပုလဲမျှော်စင်သို့ သွားရောက်လေ့လာကြသည်။

**မျှော်စင်အတွင်း လှည့်လည်လေ့လာ**

နိုင်ငံတော်သမ္မတနှင့် ဇနီးသည် ပုလဲမျှော်စင်ပေါ်မှ ရှန်ဟိုင်းမြို့ မြင်ကွင်းအလှကို ကြည့်ရှုပြီး မျှော်စင်အတွင်း လှည့်လည်လေ့လာသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးသည် အရှေ့တိုင်းပုလဲမျှော်စင်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

**တရုတ်နိုင်ငံ၏ဒုတိယအမြင့်ဆုံးမျှော်စင်**

အရှေ့တိုင်း ပုလဲမျှော်စင်သည် ရှန်ဟိုင်းမြို့ ဟွမ်ဖူမြစ်ကမ်းဘေး၌ တည်ရှိပြီး ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ပေးသည့် မျှော်စင်ဖြစ်သည်။ ယင်းမျှော်စင်ကို ၁၉၉၁ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။ မျှော်စင်၏အမြင့်မှာ ၄၆၈ မီတာ (၁၅၃၆)ပေမြင့်ပြီး လက်ရှိအချိန်တွင် ကမ္ဘာ့ဆဋ္ဌမမြောက် အမြင့်ဆုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယအမြင့်ဆုံး မျှော်စင်ဖြစ်သည်။ ယင်းမျှော်စင်ကို တည်ဆောက်ရာတွင် နည်းပညာသစ်ကို ရှေးဟောင်းအတွေးအခေါ်ဖြင့် ပေါင်းစပ်ကာ ၂၁ ရာစု၏ နည်းပညာ၊ စီးပွားရေး၊ ဖျော်ဖြေမှု၊ ပညာရေးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ☼



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ရှန်ဟိုင်းမြို့ (Oriental Pearl Radio & TV Tower) အရှေ့တိုင်းပုလဲမျှော်စင်ပေါ်မှ ရှန်ဟိုင်းမြို့၏ မြင်ကွင်းအလှကို ကြည့်ရှုလေ့လာစဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်း ကျင်းပမည်

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်းကို နေပြည်တော် MICC - 2 ၌ ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ ၎င်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် Live စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ (IORA)

ဆောင်းပါး စာ » ၆

## မန္တလေးသင်္ကြန်ပွဲ ကျုံးပတ်လည် ဖျော်ဖြေရေးမဏ္ဍပ် ၁၅ ခုနှင့် ရေကစားမဏ္ဍပ် ၃၀ ကျော်ဖြင့် ဆင်နွှဲမည်

စာ » ၁၁




မြန်မာ့အလင်း

# ဘေးဘယာတွေ ဝေးကွာစေ

ရိုးရာအတာသင်္ကြန်ပွဲကို ဆင်နွှဲကြရန် နိုင်ငံအနှံ့တွင် ပြင်ဆင်နေကြပြီ။ နွေနေ့များ၏ ထူးထူးခြားခြားအပူချိန်များက မြင့်တက်လျက်ရှိသကဲ့သို့ သင်္ကြန်အတွက် ကြိုတင်ပြင်ဆင်မှုများမှာလည်း အရှိန်အဟုန်ရနေချိန် ဖြစ်သည်။

လှည်းနေလှေအောင်းမြင်းဇောင်းမကျန် နိုင်ငံအနှံ့ ကလေးရော လူကြီးပါ အရွယ်သုံးပါးမရွေး ဆင်နွှဲကြမည့် ရိုးရာသင်္ကြန်ပွဲအတွက် လုံခြုံရေးရှုထောင့်မှလည်း ရှုမြင်သတိပြုကြရန် လိုအပ်မည်ဖြစ်သည်။ သင်္ကြန်ပွဲတော်သည် ပျော်ရွှင်ဖွယ်ရာ ရေသဘင်ပွဲဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း သင်္ကြန်ကို အကာအကွယ်ပြုကာ မသမာသူများနှင့် ဒုစရိုက်သမားတို့ အခွင့်ကောင်းယူနိုင်သည့် အခြေအနေတစ်ရပ်ဖြစ်သည့် အလျောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က သင်္ကြန်ကာလလုံခြုံရေးစီမံချက်တစ်ရပ် ရေးဆွဲကာ ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ယာဉ်အန္တရာယ် လျော့နည်းရေးတို့အတွက် အသိပညာပေးမှုများကို ဒေသအလိုက် လှည့်လည်ဆောင်ရွက်နေသကဲ့သို့ လူမှုကွန်ရက်များ၊ မီဒီယာများမှတစ်ဆင့်လည်း ကျယ်ကျယ်ပြန့်ပြန့် အသိပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ယမန်နှစ်သင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးတွင် မူးယစ်ဆေးဝါးမှု ၉၄ မှု၊ တရားခံ ၁၃၀ ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ဘိန်း ၂ ဒသမ ၁၈ ကီလို၊ ဘိန်းဖြူ ၀ ဒသမ ၁၂၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၁၀၀၊ အိုက်စ် ၃၁ ဒသမ ၁၆၄၉ ကီလိုနှင့် အခြားမူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။ ယမန်နှစ်သင်္ကြန်ကာလ ငါးရက်အတွင်း မှုခင်းပေါင်း ၉၆၇ မှုဖြစ်ပွားခဲ့ရာ ယင်းမှုခင်းဖြစ်စဉ်များတွင် သေဆုံးသူ ၂၇၂ ဦး၊ ဒဏ်ရာရသူ ၁၀၈၆ ဦးရှိခဲ့သည်။ မှုခင်းများဟုဆိုရာတွင် ယာဉ်တိုက်မှုများမှာ အများဆုံးဖြစ်ပြီး ခိုက်ရန်ဖြစ်ပွားမှုမှာ ၁၁၉ မှုနှင့် ဒုတိယအများဆုံးဖြစ်သည်ဟု သိရသည်။ ယမန်နှစ်သင်္ကြန်ကာလ ယာဉ်မတော်တဆမှု ၃၅၉ မှု ဖြစ်ပွားခဲ့ရာတွင် သေဆုံးသူ ၁၃၂ ဦး၊ ဒဏ်ရာရသူ ၈၃၈ ဦးရှိခဲ့ကြောင်း။ ခိုက်ရန်ဖြစ်ပွားမှုနှင့် ယာဉ်မတော်တဆမှုများ၏ အဓိကအကြောင်းရင်းမှာ မူးယစ်သောက်စားခြင်းနှင့် အပျော်လွန်ကြူးခြင်းတို့ကြောင့်ဖြစ်ရာ ဆင်ခြင်သတိပြုကြဖွယ်ရာပင် ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာသောက်စားခြင်းတို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး မိန်းကလေးငယ်များ သတိပြုရမည့် အန္တရာယ်တစ်ခုမှာ ကာမစိတ်နှိုးဆွသည့် ဆေးဝါးများ၏ အန္တရာယ်ဖြစ်သည်။ အဆိုပါဆေးဝါးသည် အိမ်နီးချင်းနိုင်ငံများမှ အရည်၊ ဆေးပြား၊ ဆေးမှုန့် စသည့် ပုံစံမျိုးစုံ၊ တံဆိပ်မျိုးစုံတို့ဖြင့် ဝင်ရောက်လာကြခြင်း ဖြစ်သည့်အပြင် အချို့ဆေးများမှာ အရောင်၊ အနံ့၊ အရသာကင်းမဲ့ခြင်းကြောင့် အလစ်အငိုက်တွင် အစားအသောက်များ၌ ရောနှောထည့်သွင်းကျွေးမွေးသည်ကို စားသောက်မိရာမှ မိန်းကလေးများအတွက် အန္တရာယ်ကျရောက်စေနိုင်ကြောင်း ကြိုတင်သတိပေးမှုများ ပြုလုပ်လျက်ရှိသည်။ ယခုနှစ်သင်္ကြန်ကာလ နိုင်ငံတစ်ဝန်းလုံးတွင် မှုခင်းလျော့နည်းကျဆင်းရေး ကြိုတင်ကာကွယ်မှုများ ပြုလုပ်လျက်ရှိရာ လိင်စိတ်ကြွဆေးများ ရောင်းချမှု မရှိရေးအတွက် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။ မတ်လ ၁၂ ရက်မှ ၂၈ ရက်အတွင်း လိင်စိတ်ကြွဆေးတစ်မှု၊ မူးယစ်ဆေးဝါး ၃၄ မှု၊ ယစ်မျိုးမှု ၃၆၆ မှု၊ လက်နက်မှု ၁၇၀၊ ဆင်ဆာမဲ့ဗီဒီယိုဖမ်းဆီးမှု ၂၀ တို့ကို အရေးယူထားကြောင်း သိရသည်။

သင်္ကြန်ကာလတွင် အထူးသတိပြုအပ်သည့် အချက်တစ်ရပ်မှာ လုံခြုံရေးကျိုးပေါက်သည့် ဖြစ်စဉ်များဖြစ်ပေါ်ပြီး အများပြည်သူအပေါ် အန္တရာယ်မကျရောက်စေရေးပင် ဖြစ်သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာတို့က သာသနိကအဆောက်အအုံများ၊ အများနှင့် သက်ဆိုင်သည့်နေရာများ၊ လူအများသွားလာစည်ကားသည့် နေရာများ၊ လမ်းကြောင်းများ၏ လုံခြုံရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ တစ်ဖက်တွင်လည်း ပြည်သူများအနေဖြင့် မိမိတို့၏ရပ်ရွာ၊ နေရာ၊ ဒေသအနီးဝန်းကျင်ကို အမှတ်တမဲ့မနေဘဲ လုံခြုံရေးသတိ၊ လုံခြုံရေးအမြင်ဖြင့် ဂရုပြုစောင့်ကြည့်ကာ မသင်္ကာဖွယ်ရာ တစ်စုံတစ်ရာကို တွေ့မြင်ကြားသိပါက သက်ဆိုင်ရာသို့ သတင်းပို့ကူညီခြင်းဖြင့် မိမိနှင့်တကွ မိမိတို့၏ ပတ်ဝန်းကျင်ကို ဘေးရန်ကင်းကွာကြပါစေလိုကြောင်း။ ။

# လွိုင်ကော်မြို့၌ တရားမဝင်သစ်ထုတ်လုပ်မှုနှင့်တရားမဝင်သစ်သယ်ယူမှုမရှိစေရေးစည်းဝေး



**လွိုင်ကော် ဧပြီ ၈**

တရားမဝင်သစ်ထုတ်လုပ်မှုနှင့်တရားမဝင်သစ်သယ်ယူမှုမရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၇ ရက်က ကယားပြည်နယ်အစိုးရရုံး အဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်တွင် လွန်ခဲ့သော အနှစ် ၂၀ ကျော်ကာလကတည်းက နှစ်နိုင်ငံအစိုးရသဘောတူညီချက်အရထိုင်း-မြန်မာနယ်စပ်ဒေသတွင် သစ်ထုတ်ပြီး ထိုင်းနိုင်ငံသို့ ရောင်းချခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၆- ၂၀၁၇ ခုနှစ်အထိ ကယားဒေသနီ ကုမ္ပဏီသို့ ကျွန်းသစ်လုံး ၂၉၅၂၆ လုံး၊ ၂၀၇၄၃.၀၄ တန် ထုတ်လုပ်ခွင့်ပြုခဲ့ပြီး အရှေ့သံလွင်ကုမ္ပဏီသို့ ကျွန်းခြောက် သစ်လုံး ၇၀၆၈ လုံး ၄၉၁၁ ဒသမ ၇၇တန် ထုတ်လုပ်ခွင့်ပြုခဲ့ကြောင်း သစ်တော ဦးစီးဌာန၏ စာရင်းဇယားများအရ သိရှိရကြောင်း၊ ယခုအစိုးရသစ် လက်ထက်၌ ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် တစ်နိုင်ငံလုံး သစ်ထုတ်လုပ်မှု ရပ်ဆိုင်းခြင်း၊ ပဲခူးရိုးမဒေသတစ်ခုလုံးကို ၁၀ နှစ် သစ်ထုတ်လုပ်မှု ရပ်ဆိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ကယားပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်၌ သစ်ထုတ်လုပ်မှုရပ်ဆိုင်းလိုက်သည့် အတွက် ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ တင်ပြထားသည့် နှစ်ဟောင်းနှစ်ချို့ကျွန်းနှင့် သစ်မာသစ်လုံးများမှာ တရားမဝင်သစ်များအဖြစ်သို့ ရောက်ရှိသွားပြီး သစ်ထုတ်လုပ်ခွင့်မပြုတော့သည့်အတွက် သစ်လုံးများမှာ အချိန်ကာလကြာလာသည်နှင့်အမျှ တောမီးလောင်ပျက်စီးနိုင်ပြီး အလဟဿမဆုံးရှုံးစေရန်အတွက် ကျန်ရှိသည့် နှစ်ဟောင်းကျွန်းသစ်များကို နည်းဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်ကဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြရာ မိမိတို့ပြည်နယ်အစိုးရက ကုမ္ပဏီ၊ အဖွဲ့အစည်းများ၏ သစ်များတရားဝင်ဖြစ်အောင် စီစဉ်ပေးနေသည့် ကာလအတွင်း သစ်များကို တောတွင်း၌သာ စုပုံထားပြီး ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ လာရောက်စစ်ဆေးပြီးမှသာ တရားဝင် သယ်ယူခွင့်ပြုသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)



နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ မင်းကုန်းကျေးရွာအုပ်စု မီးလောင်ကုန်း ကျေးရွာ၌ နွေရာသီတွင် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် နေပြည်တော် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့် ဝန်ထမ်းများ ဧပြီ ၇ ရက်က သောက်သုံးရေသန့် ဂါလန် ၉၀၀ ကို ကျေးရွာနေ ပြည်သူ များအား ဖြန့်ဝေပေးခဲ့ကြစဉ်

ထွန်းထွန်းဝင်း(ပြန်/ဆက်)

# ထရန်စဖော်မာနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်

**လက်ပံတန်း ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ဘီးလင်းတန်းလမ်း ရဲစခန်း ရှေ့တွင် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီ အေထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ခြင်းနှင့် ၎င်းထရန်စဖော်မာမှ ဓာတ်အားပေးထားသော ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၁၃၀ ဖြည့်စွက်တည်ဆောက်ခြင်းကို ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီးဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်အဖွဲ့က ဆောင်ရွက်ခဲ့ရာ ဧပြီ ၃ ရက်မှ စ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြင့်နိုင်(ပြည်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၈-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၄၅၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် | (လက်ကားဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ . ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၁ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၃ . ၉၃ |
| ထိုင်း | တစ်ဘတ် | ၃၉ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ . ၂၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

အစည်းအဝေးသုံးပစ္စည်းများ ပါဝင်သော မျှော်စင်တစ်ခုဖြစ်အောင် တည်ဆောက်ထားသည်။ အရှေ့တိုင်းပုလဲမျှော်စင်မှ ရှန်ဟိုင်းမြို့အား ရုပ်သံလိုင်း ကိုးခုနှင့် ရေဒီယိုအသံလိုင်း ၁၀ ခုကျော် ဝန်ဆောင်မှုပေး စီမံထုတ်လွှင့်ပေးနေကြောင်း သိရသည်။

**ရှန်ဟိုင်းအမျိုးသားပြတိုက်သို့လေ့လာ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရှန်ဟိုင်းအမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး ရှေးဟောင်းတရုတ်လူမျိုးတို့၏ ရိုးရာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**စတင်တည်ဆောက်ခဲ့**

ရှန်ဟိုင်း အမျိုးသားပြတိုက်သည် ရှန်ဟိုင်းမြို့လယ်တွင် တည်ရှိပြီး ရှေးဟောင်း တရုတ်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကို အပြည့်အဝ ခံစားသိရှိနိုင်အောင် စီစဉ်ဆောင်ရွက်ထားသည်။ အဆိုပါပြတိုက်ကို ၁၉၅၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ပြတိုက်အတွင်းတွင် ရှည်လျားသွယ်တန်းသော အနုပညာပြခန်း(၁၁)ခုနှင့် ပြပွဲအခန်း သုံးခန်းပါရှိပြီး ရှေးခေတ်တရုတ်လူမျိုးများ အသုံးပြုသည့် ကြွေထည်၊ ငွေထည်အိုးများ၊ တရုတ်စာ စုတ်တံလက်ရေးမှတ်တမ်းများ၊ ပန်းပုလက်ရာများ၊ တရုတ်လူမျိုးတို့၏ ကြွယ်ဝချမ်းသာမှု၊ ဂုဏ်သိက္ခာကြီးမားမှုတို့ကို ဖော်ပြသည့် ကျောက်မျက်ရတနာပစ္စည်းများနှင့် တိုင်းရင်းသားလူမျိုးများ၏ အသုံးအဆောင်များကို ပြသထားသည်။



ရှန်ဟိုင်းမြို့ရှိ အရှေ့တိုင်းပုလဲမျှော်စင်ကို တွေ့ရစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ရှန်ဟိုင်းအမျိုးသားပြတိုက်အတွင်း ရှေးဟောင်းတရုတ်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ကြည့်ရှုလေ့လာစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

**ဟန်ကျိုးမြို့သို့ရောက်ရှိ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ဦးဆောင်သောအဖွဲ့သည် ရှန်ဟိုင်းမြို့မှ ဟန်ကျိုးမြို့သို့ ကျည်ဆန်ရထားဖြင့် ထွက်ခွာကြရာ မွန်းလွဲ ၂ နာရီခွဲတွင် ဟန်ကျိုးမြို့သို့ ရောက်ရှိကြသည်။

**အနောက်ဘက်ကန်သို့ လေ့လာ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဟန်ကျိုးမြို့ရှိ အနောက်ဘက်ရေကန်(West Lake) သို့ သွားရောက်လေ့လာကြသည်။

**ခရီးသည်လာရောက်မှုအများဆုံးနေရာ**

ဟန်ကျိုးမြို့ရှိ အနောက်ဘက်ကန် (West Lake) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ဘက်ပိုင်း ကျဲ့ကျန်းပြည်နယ်၏ မြို့တော် ဟန်ကျိုးမြို့တွင် တည်ရှိသည်။ အနောက်ဘက်ကန်ကို လျှောက်လမ်း သုံးခုဖြင့် အပိုင်း ငါးပိုင်း ခွဲခြားထားပြီး ကန်အနီး ဘုရားကျောင်းများ၊ ဘုရားများ၊ ဥယျာဉ်များနှင့် ကန်အတွင်း လူများပြုလုပ်ထားသည့် ကျွန်းငယ်များစွာရှိသည်။ ဟန်ကျိုးမြို့တွင် တည်ရှိသော အထင်ရှားဆုံးနေရာတစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပ ခရီးသည်များ လာရောက်လည်ပတ်မှု အများဆုံးနေရာဖြစ်ကြောင်း သိရသည်။

**ပေကျင်းမြို့သို့ရောက်ရှိ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဟန်ကျိုးမြို့မှ ပေကျင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ညနေ ၆ နာရီခွဲတွင် ပေကျင်းမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr. Kong Xuan You ၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ် တင့်ဆန်း၊ သံရုံးဝန်ထမ်းများနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ပေကျင်းမြို့ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဟန်ကျိုးမြို့ရှိ အနောက်ဘက်ကန်ကို ကြည့်ရှုလေ့လာစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

## မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်

**နေပြည်တော် ဧပြီ ၈**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ကို မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တာဝန်ရှိသူများက ဧပြီ ၄ ရက်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါအဆောက်အအုံသစ်သည် အလျား ၆၄ ပေ၊ အနံ ၆၄ ပေ၊ အမြင့် ၁၂ ပေရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ပြီး ခြံစည်းရိုး၊ စက်ရေတွင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း စုစုပေါင်းခွင့်ပြုငွေကျပ် ၁၀၅ ဒသမ ၄၈ သန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**

❄ ကျောဖုံးမှ

"ထိုင်းဘက်က ကြက်မောက်သီး၊ ကျွဲကောသီး၊ မင်းကွတ်သီးတွေ ဝင်နေတော့ တောင်သူကို မျိုလိုက်တဲ့သဘောမျိုး ဖြစ်သွားနိုင်တယ်။ ဒူးရင်းသီး၊ ပိန္နဲသီးကအစ ဝင်တယ်။ ကျွဲကောကို မြန်မာပြည်က ကျွဲကောထက် ဈေးလျှော့ပြီး ရောင်းနိုင်တယ်။ တညင်းသီးကအစ ဝင်ပါတယ်။ သီးနှံကတော့ အစုံပဲဝင်တယ်" ဟု အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။

**တစ်နှစ်မျိုးစေ့ ၁၂ တန်ခန့်လိုအပ်**

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများစိုက်ပျိုးရန် မျိုးစေ့ပိုင်းတွင်လည်း ပြည်တွင်းတွင် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပြည်ပကတင်သွင်းလာသည့် မျိုးစေ့ကိုသာ မှီခိုအားထားနေရပြီး ဖရဲ၊ သခွားတစ်မျိုးတည်းမှာပင် တစ်နှစ်မျိုးစေ့တန်ချိန် ၁၂ တန်ခန့် လိုအပ်နေကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းက သုံးသပ်ထားသည်။

"မျိုးစေ့က ဖရဲတစ်ခုတည်းတောင် ၁၂ တန်လိုတယ်။ အခြားတိုင်းပြည်ကို မှီခိုနေရတယ်။ ဖရဲတစ်မျိုးတည်းတင် တစ်နှစ်ကို တန်ချိန် ခြောက်သိန်းလောက် တရုတ်ကပို့နေတယ်။ မျိုးစေ့မရရင် ဈေးကွက် ပြိုဆင်းသွားနိုင်တယ်။ ၂၀၁၄-၂၀၁၅ ဖရဲမျိုးစေ့လိုအပ်ချက်ကြီးတော့ ဖရဲမျိုးစေ့ကိုကုမ္ပဏီတွေက မစိစစ်ဘဲ ရောင်းတော့ တောင်သူတွေ နစ်နာမှုဖြစ်ခဲ့တယ်"ဟု အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။

၂၀၁၄-၂၀၁၅ခုနှစ်တွင် ဖရဲမျိုးစေ့လိုအပ်မှုအမြင့်ဆုံးဖြစ်ခဲ့ပြီး ထိုအချိန်က ဖရဲစိုက်တောင်သူများအနေဖြင့် ဖရဲမျိုးစေ့များကို ပြည်ပက မျိုးစေ့တင်သွင်းလာသည့် ကုမ္ပဏီများထံမှ ဝယ်ယူခဲ့ရာ သေချာစစ်ဆေးထားခြင်း မရှိသည့် မျိုးစေ့များကိုစိုက်ပျိုးခဲ့ရ၍ စိုက်ပျိုးတောင်သူများ ငွေကြေးအမြောက်အမြား ဆုံးရှုံးနစ်နာခဲ့ရကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ သိရသည်။

**ကူညီပံ့ပိုးမှုလို**

"နိုင်ငံတော်ပိုင်းက လုပ်သင့်တာက မျိုးစေ့ပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံပြီး ဒီကနေ များများထွက်နိုင်အောင် လုပ်ပေးဖို့လိုတယ်။ ကောင်းလာအောင်တော့ ကူညီပံ့ပိုးမှုတွေလိုမယ်၊ ပြင်ဆင်စရာရှိတာပြင်ဖို့လိုမယ်"ဟု အတွင်းရေးမှူး ဦးကျော်သူက အကြံပြုပြောကြားသည်။

အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကမူ "အရည်အသွေးအာမခံချက်ရှိတဲ့ နိုင်ငံတကာသုံးတဲ့ ဓာတ်မြေသြဇာဝင်လာဖို့လိုတယ်။ အခြားတိုင်းပြည်တွေမှာပိတ်ပင်လိုက်တဲ့ ဆေးတွေရှိတယ်။ ပိုးသတ်ဆေးတွေကိုလည်း ဒီမှာသုံးနေရတယ်။ ဒါမျိုးတွေလည်း စနစ်တကျလုပ်ပေးဖို့လိုတယ်"ဟု ပြောသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ အောင်မြင်ရေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် လယ်ယာလုပ်ငန်းဆိုင်ရာ သိပ္ပံနည်းပညာကလည်း ပဓာနကျကြောင်း သုံးသပ်မှုများရှိနေသေးသည်။

"ရာသီအလိုက်ထွက်တဲ့အသီးတွေကလည်း စိုက်ပျိုးရေးနည်းစနစ်လိုအပ်မှုတွေရှိလို့ ပြည်ပနိုင်ငံက တင်သွင်းတဲ့အသီးတွေကို မယှဉ်နိုင်တာကြောင့် သီးနှံစိုက်ပျိုးသူတွေအနေနဲ့ တစ်ခါတလေ ဈေးကွက်ပျောက်သွားတာမျိုးတောင်ရှိပါတယ်"ဟု သီရိမင်္ဂလာဈေး မော်လမြိုင်-သစ်သီးမျိုးစုံ ရောင်းဝယ်ရေးမှ ဒေါ်ဘုတ်ဆုံက ဆိုသည်။

**အထွက်နှုန်းနည်း**

သီရိမင်္ဂလာဈေးဟုန်းနီ- သစ်သီးရောင်းဝယ်ရေးမှ ဦးအာနိုးကမူ "စိုက်ပျိုးရေးနည်းပညာ အများကြီးလိုအပ်နေပါတယ်၊ များသောအားဖြင့် အရည်အသွေးပိုင်းမှာ ပြည်ပကအသီးအနှံတွေကို မယှဉ်နိုင်တဲ့အပြင် အထွက်နှုန်းပါနည်းတဲ့အတွက် ပြည်ပကသီးနှံတွေ နေရာယူလာပါတယ်"ဟု ပြောသည်။

"ဒီမှာက ရင်းနှီးမြှုပ်နှံမှုလည်း အားနည်းတယ်။ ဥပမာ - သရက်စိုက်မယ်ဆိုရင် သရက်သီး သီးလာဖို့နဲ့ အရည်အသွေးကောင်းရဖို့ဆိုရင်၊ ပိုးမွှားအန္တရာယ်ကာကွယ်ဖို့ဆိုရင် ဓာတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေ၊ မှိုဆေးတွေ သုံးရတယ်။ စရိတ်စက မတတ်နိုင်ဘူး။ မဝယ်နိုင်တော့ အရည်အသွေးကောင်းတာ မထွက်လာဘူး။ သီးနှံထွက်နှုန်းမှာလည်းကျသွားတယ်။ အဲ့ဒီမှာလည်း ယှဉ်လို့မရဘူး"ဟု ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က သုံးသပ်ပြောကြားသည်။

"အခုနောက်ပိုင်းမှာ သစ်သီးတော်တော်များများမှာ ထိုင်ဝမ်နည်းပညာနဲ့ ပြည်တွင်းမှာ စိုက်ပျိုးလာတာတွေရှိတယ်။ ဒါပေမယ့်နည်းပညာအရ မလိုက်နိုင်တဲ့အတွက် သူတို့လောက်အလုံးမလှဘူး၊ အရည်အသွေးမကောင်းတဲ့အပြင် တစ်နှစ်ပတ်လုံးလည်း စိုက်ပျိုးလို့ မရပါဘူး"ဟု သီရိမင်္ဂလာဈေး မော်လမြိုင်-သစ်သီးမျိုးစုံရောင်းဝယ်ရေးမှ ဒေါ်ဘုတ်ဆုံက ဆိုသည်။

"စိုက်ပျိုးရေးမှာ နည်းပညာပိုင်းအားနည်းမှုနဲ့ ပြည်ပကတင်သွင်းလာတဲ့ စိုက်ပျိုးရေးသုံးဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုဆေးနဲ့ တခြားစိုက်ပျိုးရေးသုံးပစ္စည်းတွေ ဈေးနှုန်းကြီးမြင့်မှုတွေကလည်း ပြည်ပသစ်သီးဝလံ ဈေးကွက်ကို ယှဉ်ပြိုင်ဖို့ အားနည်းစေတယ်။ ပျမ်းမျှမယှဉ်နိုင်တဲ့အချက် ထုတ်လုပ်မှုစရိတ်က နှစ်ဆလောက်ကွာတယ်၊ ထိုင်းမှာ ဓာတ်မြေသြဇာတစ်အိတ်ကို နှစ်သောင်းဆိုရင် ဒီမှာ လေးသောင်းခွဲလောက်ကျတယ်၊ ပိုးသတ်ဆေးဆို ဒီထက်သုံးဆသက်သာတယ်။ ဒီမှာက သွင်းအားစုတွေသုံးလိုက်တဲ့အချိန်မှာ ထုတ်လုပ်မှုစရိတ်တွေမြင့်သွားတယ်"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။



သီရိမင်္ဂလာဈေးရှိ ဟင်းသီးဟင်းရွက်ဈေးတန်းကို တွေ့ရစဉ်

"ဒီမှာက တောင်သူအများစုက မြေကိုမစစ်ဘူး၊ ရေကိုမစစ်ဘူး၊ ဒီတိုင်း ဓာတ်မြေသြဇာ ပုံအောကျွေးနေတယ်။ ဓာတ်မြေသြဇာလို-မလို၊ ပိုးသတ်ဆေး၊ မှိုဆေးဖျန်းကြမယ်ဆိုရင် ရေက ဘယ်လောက်သုံးရမယ်ဆိုတာ တောင်သူက မသိဘူး၊ တွေ့ကရာရေနဲ့ ဒီဟာတွေ ဖျော်ပြီးဖျန်းနေတော့ ပိုးသတ်ဆေးက ထိရောက်မှုမရှိတော့ဘူး"ဟု အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။

**ယှဉ်ပြိုင်ရန် အခက်တွေ့**

ပြည်တွင်း သစ်သီးဝလံဈေးကွက်တွင် အိမ်နီးချင်းနိုင်ငံများက သစ်သီးဝလံများ ထိုးဖောက်နေရာယူရုံမက မကြာခင်နှစ်များအတွင်းက ဟင်းသီးဟင်းရွက်များပါဝင်ရောက်လာခဲ့၍ စိုက်ပျိုးတောင်သူများ ပြည်တွင်း၌ယှဉ်ပြိုင်ရန် အခက်တွေ့လာရပြန်သည်။

မိရိုးဖလာစိုက်ပျိုးရေးလုပ်ကိုင်နေသူ ဦးနေလင်းမောင်မောင်က "သံပရာသီးပေါ်ရာသီရောက်နေလို့ ဈေးကောင်းရမလားမှတ်တယ်။ အခုထိုင်းဘက်က သံပရာသီးတွေက ကားတွေနဲ့ အလုံးအရင်းဝင်လာတယ်။ သရက်လည်း ဒီလိုပဲ။ ထိုင်းဘက်ကနေ တစ်နေ့ ၁၂ တန်လောက်ဝင်နေတယ်။ ဒီလိုသာရေရှည်ဆိုရင် စိုက်ပျိုးရေးသမားတွေ အခက်တွေ့မယ်"ဟုဆိုသည်။

**စိုက်ပျိုးထား**

၎င်းသည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ မြေဧက ၃၅ ဧကပေါ်တွင် စိန်တစ်လုံး၊ ဟသ်ာ၊ ပတ္တမြားငမောက်၊ ရင်ကွဲသရက်ပင်မျိုး ၇၀၀ နှင့် သံပရာပင် ၁၅၀၀ စိုက်ပျိုးထားသည်။

သီရိမင်္ဂလာဈေး မော်လမြိုင်-သစ်သီးမျိုးစုံရောင်းဝယ်ရေးမှ ဒေါ်ဘုတ်ဆုံကမူ "အခုဆိုရင် ထိုင်းကနေ သစ်သီးတင်မဟုတ်တော့ဘူး၊ အသီးအရွက်ဖြစ်တဲ့ ကုန်စိမ်းတွေတောင် တင်ပို့နေတယ်၊ သူတို့ဆီကပို့တဲ့ အသီးအနှံတွေက ပုံစံလှတယ်၊ ထုပ်ပိုးမှုကောင်းတယ်"ဟု ဆိုသည်။

"မုန်လာဥနီဆိုရင် ထိုင်းကဝင်လာတယ်။ ထိုင်းနယ်စပ်ကနေ မြန်မာပြည်ထဲဝင်လာဖို့ဆိုတာ ဒီကိုလာတဲ့စရိတ်နဲ့ တခြားစရိတ်ပေါင်းလိုက်ရင် ၁ ကီလိုဂရမ်ကို ၆၀၀ လောက်ကျတယ်။ ဒီထဲရောက်တော့ ဒီက သီးနှံကိုယှဉ်ရောင်းနိုင်တယ်။ ဘာလို့လဲဆိုတော့ ထုတ်လုပ်မှုစရိတ်က သက်သာတယ်"ဟု ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။

"ရုံးပတီသီးဆိုလည်း မြန်မာပြည်ထဲ ဝင်လာတယ်။ ဘာကွာလဲဆိုတော့ ၁၀တောင့်တစ်စည်းကို ပလတ်စတစ်အိတ်နဲ့ သေချာထုပ်ပိုးထားတယ်။ ဒီမှာက နှီးလေးနဲ့ချည်ပြီး ရောင်းတဲ့အခါကျတော့ စားသုံးသူကဈေးကလည်း မကွာတော့ ဘယ်ဟာဝယ်မလဲ၊ အဲဒီလိုမျိုးတွေ ဖြစ်နေတယ်"ဟု အသင်းဥက္ကဋ္ဌက သုံးသပ်ပြောကြားသည်။

မြသပြေသစ်သီးပွဲရုံမှ ဒေါ်အေးအေးခိုင်ကမူ "ပြည်တွင်းကထွက်တဲ့ ကုန်ပစ္စည်းကို အဓိကထားပြီး ရောင်းတာဆိုတော့ ရာသီအလိုက်သီးနှံတွေပဲ သူ့အချိန်နဲ့သူ ရောင်းရတယ်၊ ပြင်ပကလာတဲ့ အသီးတွေကျတော့ တစ်နှစ်ပတ်လုံး ဝင်နေတာ၊ ဈေးနှုန်းကနည်းနည်း ပိုကြီးပေမယ့် အလုံးလှတာကြောင့် စားသုံးသူတွေကတော့ ပြည်တွင်းထွက်ကုန်ထက် ပိုပြီး ကြိုက်ကြပါတယ်"ဟု ဆိုသည်။

ဒေသထွက်သီးနှံများ ပိုမိုအောင်မြင်ဖြစ်ထွန်းရေးနှင့် ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် နေရာရရှိရေးနှင့်စပ်လျဉ်း၍ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က နိုင်ငံတော်အနေဖြင့် မျိုးစေ့ပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်ပြီး မျိုးစေ့လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးရန်အကြံပြု ပြောကြားသည်။

"အိမ်နီးချင်း တရုတ်နိုင်ငံမှာ မြေလွတ်မြေရိုင်းဖော်ထုတ်ပြီး စိုက်ပျိုးမယ်ဆိုရင် တစ်ဧကကို မြန်မာငွေကျပ် လေးသိန်းကျော်ထောက်ပံ့တယ်။ ပြီးရင် ချေးငွေရတယ်။ စက်ယန္တရားဝယ်ရင် သိန်း ၁၀၀ ဆို သိန်း ၃၀ က နိုင်ငံတော်က ပံ့ပိုးပေးတယ်။ လမ်းတွေဖောက်ပေးတယ်။ လျှပ်စစ်မီးရအောင်လုပ်တယ်။ ရေရအောင် လုပ်ပေးတယ်။ ဒါမျိုးတွေကို ကူညီပံ့ပိုးဖို့လိုတာပေါ့"ဟု အသင်းဥက္ကဋ္ဌက ဆိုသည်။

**စီမံဆောင်ရွက်လျက်ရှိ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကမူ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ရေသောက်လုပ်ငန်း ၄၁၉၆ ခုကို ဆောင်ရွက်နိုင်ခဲ့ပြီး စိုက်ပျိုးမြေဧရိယာဧက ၁၁ သိန်းခန့်၊ ယခုနှစ် မိုးစပါးဧက ၁၂ ဒသမ ၃၄ သိန်း၊ နွေစပါးစိုက်ဧက ၉ ဒသမ ၅ သိန်းခန့်နှင့် အခြားသီးနှံဧက ၄ သိန်းခန့်ကိုလည်း ရေပေးဝေစိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ တောင်သူများအတွက် သီးနှံများအထွက်တိုးလာစေရန် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ (GAP)ကို ကျေးရွာများအရောက်သင်တန်းများပေးကာ ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေ၍ ပညာပေးအစီအစဉ်များ အလေးပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သီးနှံအမျိုးအစားပေါင်း ၃၀ ကို စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများနှင့်အညီ စိုက်ပျိုးထားရှိခြင်း၊ တောင်သူများအား ပြန်လည်ပညာပေး ပြန့်ပွားနိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်း၊ တောင်သူများကိုယ်တိုင် လာရောက်လေ့လာနိုင်ရန် စီစဉ်ပေးခြင်း စသည့် ပညာပေးအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်ဟုလည်း ဆိုသည်။

**ပူးပေါင်းဆောင်ရွက်**

သီရိမင်္ဂလာ ဈေးကြီးအတွင်းရှိ သစ်သီးတန်းနှင့် ကုန်စိမ်းပွဲရုံများမှာ ညဉ့်ဦးယံထဲက အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာသည့် ကုန်စိမ်းယာဉ်များနှင့် ရန်ကုန်တစ်မြို့လုံးရှိ ဈေးများတွင် လက်လီပြန်လည်ရောင်းချကြမည့် ဈေးသည်များဖြင့် နေ့စဉ်စည်ကားသက်ဝင်လျက်ရှိသည်။ အနာဂတ်တွင် ဒေသထွက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ အပါအဝင် မြန်မာ့လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်မူ အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

---

❄ ကျောဖုံးမှ

စုပေါင်း ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်သင်္ကြန်တွင် (၁၄)ကြိမ် ပြည့်မြောက်ပြီဖြစ်သည်။ ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်(ရန်ကုန်)ပွဲတွင် ဆိုင်ခန်းပေါင်း ၈၀ ကျော်မှ ရခိုင်ရိုးရာအစားအစာများ ပါဝင်ရောင်းချမည်ဖြစ်ပြီး ယခုအခါ မဏ္ဍပ်များ တည်ဆောက်ပြီးစီးမှုအပိုင်းတွင် ၈၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ (၁၄)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်တွင် ပါဝင်ရေကစားမည့် မဏ္ဍပ်အသင်းများမှာ ကျောက်တော်မြို့နယ်အသင်း၊ မြောက်ဦးမြို့နယ်အသင်း၊ ရမ်းဗြဲမြို့နယ်အသင်း၊ ရသေ့တောင်မြို့နယ်အသင်း၊ ကျောက်ဖြူမြို့နယ်အသင်း၊ မာန်အောင်မြို့နယ်အသင်း၊ ပုဏ္ဏားကျွန်းမြို့နယ်အသင်း၊ မြေပုံမြို့နယ်အသင်း၊ ဘူးသီးတောင်မြို့နယ်အသင်း၊ စစ်တွေမြို့နယ်အသင်း၊ မင်းပြားမြို့နယ်အသင်း၊ ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း၊ လေးတောင်နယ်အသင်း၊ လေးဝတီကုလရက္ခိတအသင်း၊ ရခိုင်အမျိုးသမီးအသင်း၊ မောင်တောမြို့နယ်အသင်း၊ ပေါက်တောမြို့နယ်အသင်း၊ တက္ကသိုလ်ရခိုင်ကျောင်းသား ကျောင်းသူများအသင်း၊ တောင်ဒဂုံရခိုင်အသင်းနှင့် ယိုးတရုတ်ကျေးရွာ ရခိုင်အသင်းတို့ဖြစ်ကြသည်။

"ဒီနှစ်သင်္ကြန်မှာ သုဝဏ္ဏကွင်းပတ်ပတ်လည်မှာ ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ရွာအဖြစ်တည်ထားမှာ ဖြစ်ပါတယ်။ အဲဒီရွာမှာလာပြီးတော့ ရခိုင်တိုင်းရင်းသားတွေရဲ့ သင်္ကြန်ရိုးရာယဉ်ကျေးမှုကို လာပြီးလေ့လာပါ။ လာရောက်လည်ပတ်ရေဆော့ကစားတဲ့သူတွေအတွက် အရိပ်အာဝါသရအောင်လည်း လုပ်ထားပေးပါမယ်။ ဒါ့အပြင် လုံခြုံစေရမယ်။ ပျော်ရွှင်ရမယ်၊ ရခိုင်ရိုးရာအစားအစာတွေလည်း သုံးဆောင်နိုင်တဲ့အပြင် ရိုးရာအကတွေ၊ သီချင်းဖျော်ဖြေမှုတွေလည်း ထည့်သွင်းသွားမှာဖြစ်ပါတယ်။ သုဝဏ္ဏဘောလုံးကွင်းပတ်ပတ်လည်မှာ ခါတိုင်းနှစ်တွေနဲ့ မတူတာက ဒီနှစ်ရေကစားမဏ္ဍပ်သုံးခုတိုးပါတယ်။ မဏ္ဍပ်တိုင်းက ကိုယ့်အစီအစဉ်နဲ့ကိုယ် သီချင်းမဖွင့်ဘဲ ဗဟိုမဏ္ဍပ်ကနေ ယဉ်ကျေးမှုနဲ့လျော်ညီတဲ့ ရခိုင်ရိုးရာသင်္ကြန်သီချင်းတွေ ဖွင့်ပေးသွားပါမယ်။ အရင်နှစ်တွေကလို ကိုယ်ဖွင့်ချင်တဲ့သီချင်းတွေကို ဖွင့်ခွင့်မပြုတော့ပါဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ရခိုင်ဓမ္မာရုံ၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

(၁၄)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်(ရန်ကုန်)ကို ဧပြီ ၁၂ ရက်မှ စတင်ကာ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ နံ့သာသွေး ပြိုင်ပွဲ၊ ဧပြီ ၁၃ ရက် နံနက်တွင် နံ့သာရည်ဖြင့် ဘုရားရေသပ္ပာယ်ပွဲနှင့် မွန်းလွဲ ပိုင်းတွင် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ကျင်းပကာ သင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက် အထိ သင်္ကြန်ရေလောင်းပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွား မည်ဖြစ်သည်။

ယခုကျင်းပမည့် ရခိုင်ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်(ရန်ကုန်)အတွက် မဏ္ဍပ်များတည်ဆောက်မှု၊ ဖျော်ဖြေရေး၊ ရေပိုက်သွယ်တန်းခြင်း၊ အကျွေးအမွေး စသည်ဖြင့် ကဏ္ဍမျိုးစုံအတွက် ဘတ်ဂျက်ငွေကျပ်သိန်းပေါင်း ၈၀၀ ဝန်းကျင် ကုန်ကျရန် လျာထားဆောင်ရွက်လျက်ရှိရာ အသစ်ပေါ်ပေါက်လာသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြပွဲ၊ ပြိုင်ပွဲအောက်ဘတ်ဂျက်မှ ငွေကျပ်သိန်းပေါင်း ၃၄၈ ကို ကူညီထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ကို ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် သာကေတတွင် ကျင်းပခဲ့ပြီး ဒုတိယအကြိမ်မှ နဝမအကြိမ်အထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကားမောင်းကွင်း၌ ကျင်းပခဲ့ရာမှ ၂၀၁၂ ခုနှစ်မှစတင်ကာ သုဝဏ္ဏဘောလုံးကွင်းပြင်ပ၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

# ပြည်သူနှင့်အတူ

## ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြ

ကျွန်တော်တို့အစိုးရက တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့ မူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်မှုကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးနဲ့ ပြည်သူအများစုရဲ့ လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ကို ရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့တဲ့ မဲဆန္ဒရှင်ပြည်သူများကလည်း မိမိတို့နေရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွန်တော်တို့ရဲ့ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြခြင်း၊ လုပ်ဆောင်သင့်တာတွေကို အကြံပြုလမ်းညွှန်ခြင်း စတဲ့ နည်းလမ်းတွေနဲ့ ဆက်လက်တက်ကြွစွာ ဝိုင်းဝန်းပါဝင်ပေးကြဖို့ အလေးအနက်ပန်ကြားလိုပါတယ်။

(၁၇-၄-၂၀၁၆ ရက်နေ့တွင် ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးသဝဏ်လွှာမှ ကောက်နုတ်ချက်)

## အစိုးရရဲ့အခြေအနေဟာ ပြည်သူလူထု ကြည်ဖြူသလောက်ပဲ ခိုင်မာမယ်

ဒီမိုကရေစီအစိုးရဆိုတာ ထာဝရမဟုတ်ပါဘူး။ အစဉ်အမြဲ နိုင်ငံကို အုပ်ချုပ်သွားဖို့မဟုတ်ပါဘူး။ အစဉ်အမြဲ ငါတို့သာတော်တယ်။ ငါတို့လောက်တော်တဲ့သူ ဘယ်သူမှမရှိဘူးဆိုပြီးတော့ ရပ်တည်သွားဖို့မဟုတ်ပါဘူး။ ဒီမိုကရေစီအစိုးရဆိုတာဟာ အနိစ္စတရားကို အမြဲပဲ သုံးသပ်နေရမှာဖြစ်ပါတယ်။ ကျွန်မတို့ဟာ မမြဲခြင်းဆိုတဲ့ နိုင်ငံရေးသဘောတရားအရ အစိုးရရဲ့အခြေအနေဟာ ပြည်သူလူထု ကြည်ဖြူသလောက်ပဲ ခိုင်မာမယ်ဆိုတာကို လက်ခံတယ်။ ပြည်သူတွေအနေနဲ့ ကျွန်မတို့ အစိုးရကို သေသေချာချာ လေ့လာပါ။ ဝေဖန်သင့်တာလည်း ဝေဖန်ပါ။ ကျွန်မတို့နဲ့ ကူညီဆောင်ရွက်ပေးသင့်တာတွေလည်း ကူညီဆောင်ရွက်ပေးကြပါ။

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ကဏ္ဍအလိုက် ပါဝင်ရေးဆွေးနွေးပွဲ စတင်ကျင်းပ

**မော်လမြိုင် ဧပြီ ၈**

အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် လူငယ်များအနေဖြင့် မိမိစိတ်ဝင်စားရာကဏ္ဍအလိုက်ပါဝင်၍ မတူညီသော လူမျိုးစုများ၊ နေရာဒေသများမှ လူငယ်များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြပြီး စုံလင်ကွဲပြားသော ဓလေ့စရိုက်များဖလှယ်ကာ အပြန်အလှန်ချစ်ခင်နားလည်ကြစေရန်၊ လူငယ်အချင်းချင်း အားကျအတုယူနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုကြိုးစားနိုင်ကြရန် ရည်ရွယ်ကာ နိုင်ငံတည်ဆောက်ခြင်း အခန်းကဏ္ဍတွင် လူငယ်များ ပါဝင်နိုင်မှုဆွေးနွေးပွဲကို မွန်ပြည်နယ် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ဧပြီ ၈ ရက်က စတင်ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲကို KAS ဖောင်ဒေးရှင်းနှင့် NEI တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မော်လမြိုင်မြို့ရှိ NGO များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူငယ်အသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

"လူငယ်တွေ နယ်ပယ်အသီးသီးမှာ ကျွမ်းကျင်ပညာရှင်များ ဖြစ်လာဖို့၊ တိုင်းရင်းသားပေါင်းစုံ၊ ဘာသာရေးပေါင်းစုံပါဝင်တဲ့ စုံလင်ကွဲပြားမှုတွေနဲ့အတူ လိုချင်တဲ့ နိုင်ငံတစ်ခုတည်ဆောက်သွားနိုင်ဖို့နဲ့အတူ ဘာလိုအပ်နေလဲဆိုတဲ့ တီထွင်ဆန်းသစ်မှုတွေ လုပ်ပေးချင်တာကြောင့် မော်လမြိုင် Youth Camp 2017 ပွဲကို စီစဉ်ဖြစ်ခဲ့ရတာပါ" ဟု ဆွေးနွေးပွဲကို ဦးဆောင်သည့် NEI အဖွဲ့အစည်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ရည်မွန်ဆုက ဆွေးနွေးပွဲပြုလုပ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲ တက်ရောက်လာသည့် မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက သမိုင်းအဆက်ဆက် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုတိုင်းတွင် ဦးဆောင်မှု အခန်းကဏ္ဍတွင် လူငယ်များအမြဲပါဝင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ လူငယ်ဆိုသည်မှာ လှုပ်ရှားတက်ကြွသော၊ ဖန်တီးမှုစွမ်းအားမြင့်သော၊ အင်ပြည့်အားပြည့် အတွေးအခေါ်သစ်များ စုဝေးရာ အင်အားစုပင်ဖြစ်ကြောင်း၊ တစ်ပြိုင်တည်းလိုပင် လူငယ်များသည် ငွေကြေးအားနည်းမှု၊ ပညာရေးအခက်အခဲများ၊ အသက်အရွယ်ခွဲခြားခံရမှုများ ကြုံတွေ့ကြရကြောင်း၊ ယင်းအခြေအနေကို ကျော်လွှားနိုင်ရန် လူငယ်များ မှန်ကန်သော အတွေးအခေါ်များ နည်းစနစ်ကျကျတွေးခေါ်ရေး၊ တန်ဖိုးရှိသောဘဝတွင် မှန်ကန်သောလမ်းကြောင်းအတိုင်း လျှောက်လှမ်းနိုင်စေရေးသည် အလွန်ပင်လိုအပ်ကြောင်း လူငယ်များ၏တန်ဖိုးများနှင့် ကြုံလာဖွယ်အခက်အခဲများကို ထောက်ပြဆွေးနွေးခဲ့သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၌ အသက် ၃၀ နှစ်အောက် လူငယ်များသည် နိုင်ငံ့လူဦးရေ၏ ၅၅ ရာခိုင်နှုန်းထိရှိသည်ဟု သိရပြီး ၎င်းလူငယ်များသည် မိမိစိတ်ဝင်စားရာကဏ္ဍမှပါဝင်ကြခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးအတွက် အင်အားပြည့် စွမ်းအင်သစ် ပေါင်းစည်းအားများ ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး ကဏ္ဍများတွင် နယ်ပယ်အလိုက် အောင်မြင်မှုအသီးသီးရရှိနေကြသော လူငယ်စွမ်းဆောင်ရှင်များကို ဖိတ်ကြားကာ နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ ပါဝင်လှုပ်ရှားနိုင်မှု ခေါင်းစဉ် ၁၅ ခုဖြင့် နှစ်ရက်ကြာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး**







## အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့၏ နည်းပညာကျွမ်းကျင်မှု ကော်မတီအစည်းအဝေး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပ

နေပြည်တော် ဧပြီ ၈

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ (Asian Clearing Union - ACU) ၏ နည်းပညာကျွမ်းကျင်မှု ကော်မတီအစည်းအဝေး (Standing Technical Committee - STC) ကို ဧပြီ ၈ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က သဘာပတိအဖြစ် ဆောင်ရွက်သည်။ အေစီယူအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အေစီယူအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။** (အပေါ်ပုံ)

အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အေစီယူစနစ်တွင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းငွေကြေးများ သုံးစွဲနိုင်ရေး၊ Web-based Application အား အောင်မြင်စွာ အသုံးပြုနိုင်ရေး၊ အေစီယူစနစ်တွင် ထိရောက်၍ အဆင်ပြေမှုရှိသော ငွေပေးချေမှုစနစ်ဖြစ်စေရန်အတွက် လိုအပ်သောနည်းလမ်းများချမှတ်နိုင်ရေး၊ အေစီယူစနစ်ကို ချဲ့ထွင်အသုံးပြုနိုင်ရေးနှင့် အားကောင်းခိုင်မာမှုရှိစေရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

အေစီယူအဖွဲ့ကို ၁၉၇၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံတကာ ငွေပေးချေမှုများတွင် ချောမွေ့လွယ်ကူနိုင်ရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးသုံးစွဲမှုကို အထောက်အကူပြုရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားသုံးငွေသီးသန့်ငွေများကို ခြိုးခြံချွေတာနိုင်ရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုများ တိုးတက်မြင့်မားလာစေရန်တို့အတွက် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၉၇၇ ခုနှစ်တွင် အေစီယူသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည်။

အစည်းအဝေး၏ဆွေးနွေးမှုရလဒ်များကို ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၌ ကျင်းပမည့် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့၏ (၄၆)ကြိမ်မြောက် ဒါရိုက်တာအဖွဲ့ အစည်းအဝေး၌ တင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့(IORA)

## မြူခြယ်




အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ထိပ်သီးအစည်းအဝေး

**အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် IORA အဖွဲ့တွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒေသတွင်းကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိခြင်းကိုလည်း ပြသရာရောက်မည်ဖြစ်သလို မြန်မာနိုင်ငံ၏ ပကတိတိုးတက်မှုအခြေအနေများကို နိုင်ငံရေးအရ အရေးပါသည့် ကမ္ဘာ့နိုင်ငံများသို့ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြနိုင်မည်ဖြစ် . . .**

အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ (Indian Ocean Rim Association - IORA) သည် နိုင်ငံတကာတွင် နိုင်ငံရေးအရ အဓိကကျသည့် အိန္ဒိယသမုဒ္ဒရာကမ်းရိုးတန်းနိုင်ငံ အများစုပါဝင်သော ထူးခြားသည့်အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ ထို့ပြင် ယဉ်ကျေးမှု၊ လူမျိုး၊ ဘာသာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မဟာဗျူဟာကျသည့် အကျိုးစီးပွားတို့တွင် မတူကွဲပြားမှုများစွာရှိသော တောင်နှင့်အရှေ့အာဖရိကဒေသ၊ အေဒင်ပင်လယ်ကွေ့ဒေသ၊ အိုမန်ပင်လယ်၊ တောင်အာရှဒေသ၊ အရှေ့တောင်အာရှဒေသနှင့် ဩစတြေးလျဒေသ အစရှိသော ဒေသခွဲများမှနိုင်ငံများ စုစည်းပါဝင်လျက်ရှိပါသည်။ အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့၏ အဖွဲ့ဝင်များတွင် အာဆီယံအဖွဲ့ (Association for Southeast Asian Nations- ASEAN)၊ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council- GCC)၊ ဆာ့ခ် (South Asian Association for Regional Cooperation-SAARC)စသည့် ဒေသတွင်းအဖွဲ့အစည်းများမှ အဖွဲ့ဝင်နိုင်ငံများလည်း ပါဝင်လျက်ရှိပါသည်။

ကမ္ဘာပေါ်ရှိ သမုဒ္ဒရာများအနက် တတိယအကြီးဆုံးသမုဒ္ဒရာဖြစ်သော အိန္ဒိယသမုဒ္ဒရာရပ်ဝန်းဒေသတွင် လူဦးရေ ၂ ဒသမ ၇ ဘီလီယံခန့် မှီတင်းနေထိုင်လျက်ရှိပြီး ကမ္ဘာ့ကုန်စည်ကူးသန်းရောင်းဝယ်မှု၏ သုံးပုံတစ်ပုံနှင့် ကမ္ဘာ့လောင်စာစွမ်းအင်တင်ပို့မှု၏ သုံးပုံနှစ်ပုံသည် ၎င်းရေပြင်အတွင်း နှစ်စဉ်ဖြတ်သန်းလျက်ရှိသဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် စီးပွားရေးအတွက် အဓိကအရေးကြီးသော လမ်းကြောင်းတစ်ခုလည်းဖြစ်ပါသည်။

အိန္ဒိယသမုဒ္ဒရာ ရပ်ဝန်းဒေသရှိနိုင်ငံများမှ ပြည်သူများသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အသိုက်အဝန်းအသွင်ဖြင့် ရာစုနှစ်များစွာကပင် အတူတကွလွတ်လပ်စွာဖြင့် စုစည်းဆောင်ရွက်ခဲ့ကြပါသည်။ ကုန်သည်များ၊ ပင်လယ်ကူးသင်္ဘောသားများ၊ ငါးဖမ်းသမားများနှင့် ဘုရားဖူးများသည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ဆိပ်ကမ်းများသို့ ကူးသန်းသွားလာခြင်းဖြင့် ကုန်သွယ်မှုကွန်ရက် ပေါ်ထွန်းလာစေရန် အထောက်အကူဖြစ်စေခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ကိုလိုနီနိုင်ငံများ လွတ်လပ်ရေးပေးခြင်း လုပ်ငန်းစဉ်များကြောင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဗြိတိသျှအင်ပါယာ၏ ဩဇာလွှမ်းမိုးမှုကို အဆုံးသတ်စေခဲ့သော်လည်း ၎င်း၏ မဟာဗျူဟာကျသော တည်နေရာအနေအထားကြောင့် ဒေသတွင်း၌ အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုသည် အရှိန်မြင့်တက်လာခဲ့ပါသည်။ အိန္ဒိယသမုဒ္ဒရာ ရပ်ဝန်းဒေသနိုင်ငံများ၏ တူညီသော သမိုင်းကြောင်း၊ အတွေ့အကြုံနှင့် ပထဝီဝင်နိုင်ငံရေးအရ ပဓာနကျမှုတို့ကိုအခြေခံ၍ ယင်းဒေသနိုင်ငံများအကြား ယေဘုယျဝိသေသလက္ခဏာများရှိကြောင်း ခံစားယုံကြည်မှုဖြင့် အိန္ဒိယသမုဒ္ဒရာကမ်းခြေတစ်လျှောက် ရှေးယခင်ရာစုနှစ်များစွာ တည်ရှိခဲ့သည့် ကမ်းရိုးတန်းဒေသ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းကို ပြန်လည်ရှင်သန်လာစေခဲ့ပါသည်။

**ဖွဲ့စည်းခြင်း**

မောရစ်ရှပ်စ်နိုင်ငံ၌ ၁၉၉၇ ခုနှစ် မတ်လ ၆ ရက်မှ ၇ ရက်အထိ ပြုလုပ်ခဲ့သည့် ပထမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးတွင် အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ စတင်ဖွဲ့စည်းခဲ့ပြီး ပဋိညာဉ်စာတမ်း(Charter)ကို ချမှတ်၍ အုပ်ချုပ်မှုဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စများကို ဆုံးဖြတ်ခဲ့ကြပါသည်။ အဖွဲ့၏အတွင်းရေးမှူးချုပ်ရုံးအား မောရစ်သျှနိုင်ငံ အီဘန်နီဆိုက်ဘာမြို့ (Ebène Cyber City)တွင် ဖွင့်လှစ်ထားပြီး လက်ရှိအတွင်းရေးမှူးချုပ်မှာ အိန္ဒိယနိုင်ငံသား Mr. KV Bhagirath ဖြစ်ပါသည်။ အတွင်းရေးမှူးချုပ်သက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး အဖွဲ့၏အတွင်းရေးမှူးချုပ်ကို ဝန်ကြီးများကောင်စီက ရွေးချယ်ခန့်အပ်ပါသည်။

အိန္ဒိယသမုဒ္ဒရာ ကမ်းခြေတစ်လျှောက် တည်ရှိသည့် နိုင်ငံပေါင်း ၂၃ နိုင်ငံအနက် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကိုမိုရိုစ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ ကင်ညာ၊ မဒတ်ကာစကား၊ မလေးရှား၊ မောရစ်သျှ၊ မိုဇမ်ဘစ်၊ အိုမန်၊ ဆေးရှဲလ်စ်၊ စင်ကာပူ၊ ဆိုမာလီယာ၊ တောင်အာဖရိက၊ သီရိလင်္ကာ၊ တန်ဇန်းနီးယား၊ ထိုင်း၊ ယူအေအီးနှင့် ယီမင် စုစုပေါင်း ၂၁ နိုင်ငံမှာ IORA အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြပါသည်။ တရုတ်၊ အီဂျစ်၊ ပြင်သစ်၊ ဂျပန်၊ ဂျာမနီ၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့သည် IORA ၏ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်ကြပါသည်။ အိန္ဒိယသမုဒ္ဒရာခရီးသွားလာရေးအဖွဲ့ (Indian Ocean Tourism Organization-IOTO)နှင့် အိန္ဒိယသမုဒ္ဒရာ သုတေသနအဖွဲ့ (Indian Ocean Research Group)တို့သည် လေ့လာသူအဖွဲ့အစည်းများ ဖြစ်ပါသည်။

၁၉၉၉ ခုနှစ် မတ်လတွင် မိုဇမ်ဘစ်နိုင်ငံ မပူတိုမြို့၌ ဒုတိယအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အိုမန်နိုင်ငံ မတ်စ်ကတ်မြို့၌ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သည့် ဝန်ကြီးအဆင့် ကောင်စီအစည်းအဝေးတွင် အဖွဲ့ဝင်နှင့် ဆွေးနွေးဖက်နိုင်ငံများအား ဖိတ်ခေါ်ရန် အစီအစဉ် ချမှတ်ခဲ့ပါသည်။

အဖွဲ့၏ဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒအလျောက်လျှောက်ထားမှုအပေါ်မူတည်၍ နှစ်နှစ်ကာလအတွက် ဥက္ကဋ္ဌရာထူးတာဝန်ကို ထမ်းဆောင်စေပါသည်။ ဆန္ဒအလျောက်လျှောက်ထားခြင်းမရှိပါက ဒေသ၏ပထဝီ အနေအထားအပေါ်အခြေခံ၍ ဥက္ကဋ္ဌရာထူးထမ်းဆောင်မည့် နိုင်ငံအား ရွေးချယ်ပါသည်။ အဖွဲ့၏ ၂၀၁၇-၂၀၁၉ ခုနှစ်အတွက် ဥက္ကဋ္ဌတာဝန်အား တောင်အာဖရိကနိုင်ငံမှ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉-၂၀၂၁ ခုနှစ်အတွက် ယူအေအီးနိုင်ငံမှ ဆက်လက်၍ တာဝန်ယူမည်ဖြစ်ပါသည်။

**ဦးစားပေးကဏ္ဍများ**

အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ (IORA)၏ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရာတွင် အောက်ပါဦးစားပေး ကဏ္ဍများကို သတ်မှတ်ထားပါသည်

(၁) ရေကြောင်းသွားလာမှု ဘေးကင်းရေးနှင့် လုံခြုံမှု၊
(၂) သဘာဝဘေးအန္တရာယ်လျော့ချရေး၊
(၃) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊
(၄) ငါးဖမ်းလုပ်ငန်းစီမံခန့်ခွဲရေး၊
(၅) ပညာရေး၊ သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊
(၆) ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေး။

ထို့အပြင် Blue Economy နှင့် Women's Empowerment တို့ကိုလည်း အထူးအလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များအဖြစ် သဘောတူသတ်မှတ်ထားခဲ့ပါသည်။

**နှစ် (၂၀)ပြည့်အထိမ်းအမှတ် ပထမအကြိမ် ထိပ်သီးအစည်းအဝေး**

အိန္ဒိယသမုဒ္ဒရာ ကမ်းခြေနိုင်ငံများအဖွဲ့ ထူထောင်သည့် နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ပထမဦးဆုံးအကြိမ် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးများကောင်စီအစည်းအဝေး (COMM)နှင့် အဆင့်မြင့်အရာရှိများအစည်းအဝေး (CSO) တို့ကို ၂၀၁၇ ခုနှစ် မတ်လ ၅ ရက်မှ ၇ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပခဲ့ပါသည်။

ထိပ်သီးအစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံသမ္မတ၊ တောင်အာဖရိကနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် အပါအဝင် IORA အဖွဲ့ဝင် ၂၁ နိုင်ငံမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး အစည်းအဝေးသို့ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ IORA ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ အထူးကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဆိုပါ ထိပ်သီးအစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါသည်။ ထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံသမ္မတ Joko Widodo၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် Malcolm Trunbull နှင့် တောင်အာဖရိကနိုင်ငံသမ္မတ Jacob Zuma တို့က ဦးဆောင်ကျင်းပခဲ့ပါသည်။

ယခု ကျင်းပပြီးစီးခဲ့သော ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် အိန္ဒိယသမုဒ္ဒရာရပ်ဝန်းဒေသ၏ အနာဂတ်အတွက် IORA ၏ မဟာဗျူဟာရည်မှန်းချက်များ ထင်ဟပ်ပြီး အဖွဲ့ဝင်နိုင်ငံများအတွက် လမ်းညွှန်ချက်များပါဝင်သည့် Jakarta Concord နှင့် ORA Action Plan 2017-2021 တို့ကို ချမှတ်သဘောတူညီခဲ့ကြပါသည်။ ထို့အပြင် အစည်းအဝေး၌ ၂၀၁၇-၂၀၁၉ ဥက္ကဋ္ဌတာဝန်အား တောင်အာဖရိကနိုင်ငံသို့လည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌတာဝန်အား ယူအေအီးနိုင်ငံသို့လည်းကောင်း လွှဲပြောင်းပေးခဲ့ပါသည်။

ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မိန့်ခွန်းများအသီးသီး ပြောကြားခဲ့ကြပါသည်။ အထူးဖိတ်ကြားထားသည့် လေ့လာသူအဖြစ် တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ကလည်း မြန်မာနိုင်ငံအား ဖိတ်ကြားမှုအတွက်ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံမှ အိန္ဒိယသမုဒ္ဒရာ၏ အရေးပါမှုနှင့်အတူ IORA အဖွဲ့၏ ဆောင်ရွက်ချက်များကို ထောက်ခံကြောင်း၊ အဖွဲ့ဝင်ဖြစ်ရေးအပေါ် မြန်မာနိုင်ငံ၏ စိတ်ဝင်စားမှုနှင့် ပြည်တွင်းတိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အရပ်ဘက်နှင့် ဒီမိုကရက်တစ်အဖွဲ့အစည်းများ ခိုင်မာရေး၊ အကျင့်ပျက်ခြစားမှုနှိမ်နင်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုတို့ပါဝင်သည့် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်သည် မတ်လ ၆ ရက်နေ့တွင် အိန္ဒိယပြည်ပရေးရာ ဒုတိယဝန်ကြီး General (Dr) VK Singh (Retd)၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Retno LP Marsudi နှင့် အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ (IORA) အတွင်းရေးမှူးချုပ် KV Bhagir ath တို့နှင့် အသီးသီးတွေ့ဆုံကာ မြန်မာနိုင်ငံ၏ ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် ပတ်သက်၍ ထိရောက်ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ခဲ့ပါသည်။

အိန္ဒိယသမုဒ္ဒရာကမ်းခြေနိုင်ငံများအဖွဲ့ (IORA) အနေဖြင့် အစောပိုင်းကာလများတွင် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်မှု ကဏ္ဍများတွင်သာ အဓိကထား ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှ ယခုကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် အောင်မြင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရေးမှာ မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း တညီတညွတ်တည်း သဘောတူညီခဲ့ကြပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ရေကြောင်းသွားလာမှုလုံခြုံရေးကို လေးစားရန် အလေးထားပြောကြားခဲ့ကြပြီး ကြီးမားကျယ်ပြန့်သော အိန္ဒိယသမုဒ္ဒရာဒေသအတွင်း ပဋိပက္ခဖြစ်ပေါ်လာနိုင်မှု အလားအလာကို အသိအမှတ်ပြုခဲ့ကြပါသည်။ အိန္ဒိယသမုဒ္ဒရာကို လုံခြုံ၍ငြိမ်းချမ်းသော ဒေသတစ်ခုဖြစ်စေရန် တူညီသောဆန္ဒရှိကြပြီး United Nations Convention သည် the Law of the Sea (UNCLOS) 1982 အပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာသွားရန် ကတိကဝတ်ပြုခဲ့ကြပါသည်။ ယခုကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးမှ အစပြု၍ IORA ၏ အာရုံစိုက်မှုသည် ဒေသတွင်း ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှုမှ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသို့ ပြောင်းလဲခဲ့ပါသည်။

ယနေ့ ပြောင်းလဲလာသော Globalization ဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်လာသော စိန်ခေါ်မှုပြဿနာရပ်များကို ရင်ဆိုင်ဖြေရှင်းရာတွင် တစ်နိုင်ငံတည်း၊ အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် မဖြစ်နိုင်ပေ။ ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ ပြဿနာရပ်များစွာကို ကျော်လွှားနိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်ရာ အိန္ဒိယသမုဒ္ဒရာကမ်းခြေ နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် IORA အဖွဲ့တွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒေသတွင်းကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိခြင်းကိုလည်း ပြသရာရောက်မည်ဖြစ်သလို မြန်မာနိုင်ငံ၏ ပကတိတိုးတက်မှု အခြေအနေများကို နိုင်ငံရေးအရ အရေးပါသည့် ကမ္ဘာ့နိုင်ငံများသို့ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြနိုင်မည်ဖြစ်ပေသည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ရေကြောင်းဆိုင်ရာလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အထောက်အကူပြုစေနိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံသားများ၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အကျိုးသက်ရောက်မှုရှိစေနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

# ရေယာဉ်နစ်မြုပ်မှုကြောင့် ဘေးဒုက္ခခံစားရသော ပြည်သူများအား နှစ်သိမ့်အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်



**နေပြည်တော် ဧပြီ ၈**

ပုသိမ်မြို့ ဥမ္မာဒန္တီဆိပ်ခံတံတားအနီး၌ ငဝန်မြစ်အတွင်း ကျောက်တင်ရေယာဉ်နှင့် ခရီးသည်များတင်ဆောင်လာသော ငွေကြယ်ပွင့် စက်လှေတို့ ဧပြီ ၇ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က တိုက်မိခဲ့ရာ ခရီးသည်တင်စက်လှေနစ်မြုပ်ခြင်းနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးက သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကနဦးထောက်ပံ့မှုအဖြစ် ဆေးရုံတက်လူနာများအား စောင်နှင့် အဝတ်အထည်များကို ညတွင်းချင်း ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး ရေယာဉ်နစ်မြုပ်မှုကြောင့် ဆေးရုံတက် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသော လူနာများနှင့် သေဆုံးသူများ၏ မိသားစုဝင်များအား နှစ်သိမ့်အားပေးစကား ပြောကြားသည်။ ယင်းနောက် ဆေးရုံတက်ရောက်သူ ၃၀ အတွက် ဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကာယကံရှင်များလက်ဝယ်သို့ တိုက်ရိုက် ထောက်ပံ့ပေးအပ်ခဲ့ကာ သေဆုံးသူ ၂၀ အတွက် ထောက်ပံ့ငွေကျပ်သိန်း ၆၀ ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး သေဆုံးသူများ၏ မိသားစုဝင်အချို့ကို အားပေး နှစ်သိမ့် ပြောကြားသည်။ ကနဦးရရှိသည့်စာရင်းအရ ထောက်ပံ့ခြင်းဖြစ်ပြီး ထပ်တိုးစာရင်းများ ရရှိပါကလည်း ထပ်မံထောက်ပံ့သွားမည် ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆည်မြောင်းရိပ်သာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသင့်ကြိုတင်ပြင်ဆင်ထားရှိမှုများကို ဆွေးနွေးညှိနှိုင်းသည်။ ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ယခင်နှစ် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုများကို သင်ခန်းစာယူ၍ ယခုနှစ်တွင် ကြိုတင်ပြင်ဆင်မှုအပိုင်းကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ ဘေးဒဏ်ခံနိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်စေရေးအတွက် ကြိုတင်ပြင်ဆင်ရေး၊ အလျင်အမြန် တုံ့ပြန်ရေး၊ ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ် ပြန်လည်ရရှိရေးတို့ကို ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးကို တုံ့ပြန်ရန် အစဉ်အမြဲ အသင့်ဖြစ်နေရန် လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် ပတ်သက်၍ ဆောင်ရွက်လိုသည်များ၊ အခက်အခဲများကို ဆွေးနွေးပေးရန်ဖြစ်ကြောင်း၊ ပြည်သူယုံကြည်မှု ရရှိအောင် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးတို့ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသင့်ဖြစ်စေရေး ဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်လိုသည်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သာမန်အချိန်တွင် စာသင်ကျောင်းအဖြစ် အသုံးပြုနိုင်ပြီး ဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံရာအဆောက်အအုံအဖြစ် အသုံးပြုနိုင်ရန် ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့၌ ဆောက်လုပ်မည့် School Cum Shelter နှစ်လုံးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၂၅၉ ဒသမ ၁၆ သန်းနှင့် ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဒေးဒရဲမြို့နယ်တို့၌ သောက်သုံးရေ ဖူလုံစေရေးအတွက် သောက်သုံးရေကန်များ ဆောက်လုပ်ရန် ထောက်ပံ့ငွေကျပ် ၂၂ ဒသမ ၉၀ သန်းကို ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးသူများနှင့် ပြန်လည်ကယ်ဆယ်ရရှိသူများအား ထောက်ပံ့



**ပုသိမ် ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကြက်တန်းကူးတို့ဆိပ်အောက်ဘက် ပုသိမ်ထီးအနီး ငဝန်မြစ်အတွင်း မင်္ဂလာဆောင်မှ ပြန်လာသည့် ငွေကြယ်ပွင့်ခရီးသည်တင်ရေယာဉ်နှင့် နဒီရွှေစင် ကျောက်တင်ရေယာဉ်တို့ ဧပြီ ၇ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က မျက်နှာချင်းဆိုင်တိုက်မိမှုဖြစ်ပွားပြီး ငွေကြယ်ပွင့်ခရီးသည်တင်ရေယာဉ် နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ရေယာဉ်တွင် လိုက်ပါလာသော ခရီးသည် ၂၀ သေဆုံးကာ ၃၀ ကို အသက်ရှင်လျက် ကယ်ဆယ်ရရှိခဲ့သည်။

အဆိုပါ ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးသူ ၂၀ အတွက် တစ်ဦးလျှင် အလှူငွေကျပ် ငါးသိန်းစီနှင့် ပြန်လည်ကယ်ဆယ်ရရှိသူ ၃၀ အတွက် တစ်ဦးလျှင် ထောက်ပံ့လှူဒါန်းငွေကျပ် တစ်သိန်းစီကို ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း တာဝန်ရှိသူများက ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## ရေယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အလှူရှင်များက ထောက်ပံ့ငွေများပေးအပ်လှူဒါန်း

**ပုသိမ် ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဧပြီ ၇ ရက် ညပိုင်းက သင်္ဘောနှစ်စင်း တိုက်မှုဖြစ်ပွားရာ သေဆုံးသူများနှင့် မတော်တဆထိခိုက်မှုများရှိခဲ့သည်။ ထိခိုက်သူများနှင့် သေဆုံးသူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ကူညီ ထောက်ပံ့ပေးအပ်ပွဲကို ဧပြီ ၈ ရက် မွန်းလွဲပိုင်းက ပုသိမ်မြို့ တိုးချဲ့ဆေးရုံသစ်၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်လှူဒါန်းပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဧရာဝတီဖောင်ဒေးရှင်း၊ ဧရာဝတီဘဏ်၊ သင်္ဂဟဖောင်ဒေးရှင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးအသင်းတို့က သေဆုံးသူအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီနှင့် ဆေးကုသမှုခံယူသူတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ရခိုင်အမျိုးသားအသင်းက သေဆုံးသူ ၂၀ အတွက် ငွေကျပ်သုံးသိန်း ၊ ဆေးကုသမှုခံယူသူ ၃၀ အတွက် ငွေကျပ် ၇ သိန်း ၅ သောင်း၊ ဆေးကုသမှုခံယူသူများအတွက် ငွေကျပ်တစ်သိန်းတို့ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## ငဝန်မြစ်အတွင်းရေယာဉ်နစ်မြုပ်မှု ရေကြောင်းရဲတပ်ဖွဲ့စု(ပုသိမ်)မှ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်

**ပုသိမ်မြို့ ဧပြီ ၈-** ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် ဥမ္မာဒန္တီဆိပ်ခံတံတား၌ ငပုတောမြို့နယ် ကမ်းနီကျေးရွာဘက်သို့ လင်းထိုက် မောင်းနှင်သော ငွေကြယ်ပွင့် ခရီးသည်တင်စက်လှေနှင့် ငပုတောမြို့နယ်ဘက်မှ ပုသိမ်မြို့ဘက်သို့ ဦးအောင် မောင်းနှင်လာသော နဒီရွှေစင် ကျောက်တင်ရေယာဉ်တို့ ဥမ္မာဒန္တီဆိပ်ခံတံတားအလွန် ငဝန်မြစ်အတွင်း ဧပြီ ၇ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က တိုက်မိခဲ့ရာ ခရီးသည်တင်စက်လှေမှာ နစ်မြုပ်သွားကြောင်း(သတင်းဖော်ပြပြီး) အဆိုပါရေယာဉ်နစ်မြုပ်ရာသို့ ရေကြောင်းရဲတပ်ဖွဲ့စု (ပုသိမ်)မှ ရဲမှူး သန်းဇော်ထိုက်ဦးစီးတပ်ဖွဲ့ဝင်များ၊ ရဲမှူး ဝေဇွန်အောင် ဦးစီးတပ်ဖွဲ့ဝင်များသည် တပ်ဖွဲ့ဝင်ရေယာဉ် ၁၅၃ နှင့် ရော်ဘာဘုတ်နှစ်စင်းတို့ဖြင့် အခင်းဖြစ်နေရာသို့ ချက်ချင်းသွားရောက်၍ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့်ပူးပေါင်းကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် နစ်မြုပ်သွားသော ငွေကြယ်ပွင့်စက်လှေပေါ်၌ လိုက်ပါလာသည့် ခရီးသည် ၅၀ ခန့်မှ အသက်ရှင်သူ စုစုပေါင်း ၃၀ ၊ သေဆုံးသူ စုစုပေါင်း ၂၀တို့ကို ဆယ်ယူရရှိခဲ့ပြီး သေဆုံးသူများအား ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခြင်းနှင့် ပျောက်ဆုံးနေသူများအား ဆက်လက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရေယာဉ်နစ်မြုပ်မှုအတွက် ရေယာဉ်မောင်းနှစ်ဦးတို့အား ပုသိမ်နယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# ရေကြည်မြို့နယ်၌ တိုက်နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်



**ရေကြည် ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဇရပ်လှကျေးရွာအုပ်စု ဇရပ်လှကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ဧပြီ ၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

တိုက်နယ်ဆေးရုံသစ်ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ၊ ပြည်ထောင်စုလွှတ်တော် ကျန်းမာရေးနှင့် အားကစားကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်၊ ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်နှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် မင်္ဂလာမဏ္ဍပ်အတွင်း၌ တိုင်းရင်းသားရိုးရာအကများဖြင့် ညှော့ခံဖျော်ဖြေကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆေးရုံတစ်ရုံအောင်မြင်ရန်၊ ကျန်းမာရေးစနစ်တစ်ခုအောင်မြင်ရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းနှင့် ပြည်သူနှင့်အတူ ဆောင်ရွက်ကြရန် ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန်နှင့် စည်းကမ်းရှိကြရန် မှာကြားခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ကျန်းမာရေးနှင့် အားကစားကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းက အမှာစကားပြောကြားရာတွင် ကြိုတင်ကာကွယ် ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်း စသည့်အပိုင်းလေးပိုင်းစလုံး ဟန်ချက်ညီအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေက ယခုဖွင့်လှစ်သော တိုက်နယ်ဆေးရုံအပါအဝင် ငါးရုံရှိပြီဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်းနှင့် အဆိုပါ တိုက်နယ်ဆေးရုံသစ်ကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၉၉ ဒသမ ၀ သန်းဖြင့် တည်ဆောက်ခဲ့ပြီး တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်နိုင်ခြင်းကြောင့် ဇရပ်လှကျေးရွာတစ်ဝိုက်ရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာ ၃၂ ရွာနေပြည်သူများ တိုက်ရိုက်အကျိုးခံစားရမည် ဖြစ်သည့်အပြင် ကျိုက်လတ်မြို့နယ် ဆက်စပ်ကျေးရွာ ၁၀ ရွာမှ ကျေးရွာနေပြည်သူများသည်လည်း အားကိုးအားထားပြုနိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မောင်တောခရိုင် ဝါးပိတ်ကျေးရွာတွင် စက်ယန္တရားများဖြင့် မြေနေရာများဖော်ထုတ်ကာ မြေကွက်များအား မကြာမီ ပြန်လည်ပေးအပ်မည်


ဝါးပိတ်ကျေးရွာတွင် စက်ယန္တရားများဖြင့် မြေယာပြန်လည်ဖော်ထုတ်နေသည်ကို မတ်လ နောက်ဆုံးပတ်က တွေ့မြင်ရစဉ်

**မောင်တော မေ ၆**

မောင်တောမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် ညပိုင်းက မီးလောင်ပျက်စီးခဲ့သော ဝါးပိတ်ကျေးရွာတွင် စက်ယန္တရားများဖြင့် မြေနေရာများ စနစ်တကျဖော်ထုတ်လျက်ရှိပြီး မကြာမီပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဝါးပိတ်ကျေးရွာရှိ အိမ်ခြေ ၃၁၈ လုံးအနက် ၂၈၉ လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး ယခုအခါတွင် ကျေးရွာရှိ မြေကေ ၂၄ ကေပေါ်တွင် အိမ်ခြေ ၃၀၀ ခန့်အတွက် စက်ယန္တရားများဖြင့် မြေနေရာများ ဖော်ထုတ်လျက်ရှိသည်။

ကျီးကန်းပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ဖြိုးထွန်းက "ဝါးပိတ်က ကျွန်တော့်ကျေးရွာအုပ်စု အပိုင်ပါ။ လက်ရှိ မြေနေရာဖော်ထုတ်နေတာက အိမ်ခြေ ၂၈၀ အတွက်ပါ။ အိမ်ထောင်စု စာရင်းရှိတာ ၂၅၅ စုပါ။ အိမ်ထောင်စု မရှိတဲ့သူတွေကို ထည့်စဉ်းစားပေးတဲ့အနေနဲ့ အစိုးရက ၂၈၀ အထိ ဖော်ထုတ်တာပါ။ တော်တော်လေးပြီးနေပါပြီ။ မေ ၁၁ ရက်လောက်မှာ နေရာချထားပေးဖို့ခန့်မှန်းပါတယ်" ဟု ပြောသည်။

အိမ်ထောင်စု တစ်စုလျှင် ပေ ၄၀ × ပေ ၆၀ မြေကွက်များ ပြန်လည်ချထားပေးရန် မြေယာဖော်ထုတ်ခြင်းဖြစ်ပြီး အဝင်အထွက် လမ်း၊ ရေစီးရေလာကောင်းစေရန် ရေမြောင်းစနစ်တို့ ပါဝင်ကြောင်း သိရသည်။

ဦးဇော်ဖြိုးထွန်းက "စနစ်ကျတဲ့ စံပြပုံစံ ရွာတည်ဆောက်မှာပါ။ အရင်ကဆို ဟိုဘက်စုစု၊ ဒီဘက်စုစုနဲ့။ မီးဘေးအန္တရာယ်ကြုံလာပြီဆို မီးသတ်ကားဝင်ဖို့ထွက်ဖို့ အခက်အခဲ ရှိပါတယ်။ အခုဆို ဝင်လမ်းထွက်လမ်းရှိလာမယ်။ ရေသွားရေလာကောင်းမယ်။ လိုအပ်ရင် ထပ်မံဖော်ထုတ်ပေးသွားမယ်လို့ ကျွန်တော်သိထားပါတယ်" ဟုပြောသည်။

"မြေနေရာတွေ စနစ်တကျဖော်ထုတ်လို့ ပြန်လည်ပေးအပ်ပြီးရင်တော့ နေအိမ်တွေ ပြန်လည်ဆောက်လုပ်နိုင်ဖို့ အစိုးရအနေနဲ့ ထောက်ပံ့ကြေးတွေလည်းပေးမှာပါ။ လက်ရှိမှာတော့ ထောက်ပံ့မှုအနေနဲ့ ကျီးကန်းပြင် အလယ်ရွာနဲ့ ဝါးပိတ်ကျေးရွာတွေကိုတော့ WFP (ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်)က လစဉ် ဆန်၊ ဆီ နဲ့ ပဲ ကို လစဉ်ထောက်ပံ့ပါတယ်။ တိုင်းရင်းသားရွာနှစ်ရွာမှာတော့ ဆင်းရဲနွမ်းပါးတဲ့ သူတွေကို ရွေးချယ်ထောက်ပံ့ပေးပါတယ်။ အကုန်လုံးကို ထောက်ပံ့တာမျိုးတော့ မရှိပါဘူး" ဟု ကျီးကန်းပြင် အုပ်ချုပ်ရေးမှူးက ဆိုသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ ကောက်ယူထားသည့် စာရင်းများအရ မောင်တောမြို့နယ်အတွင်း အောက်တိုဘာလ အကြမ်းဖက်ဖြစ်စဉ်နောက်ပိုင်း ရွာပေါင်း ၁၂ ရွာတွင် မီးလောင်မှုဖြစ်ပွားပြီး စုစုပေါင်း အိမ်ခြေ ၁၁၅၂ လုံး အထိ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သဖြင့် အမြန်ဆုံးဖော်ထုတ်၍ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ UN / INGOs အဖွဲ့များတွေ့ဆုံ



**စစ်တွေ မေ ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ UN / INGOs အဖွဲ့များ တွေ့ဆုံပွဲ အခမ်းအနားကို ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၁)တွင် မေ ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားချင်း စာနာထောက်ထားရေး အထောက်ပံ့များ၊ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများဆောင်ရွက်ပေးနေသည့် နိုင်ငံတကာ အဖွဲ့အစည်းများအား ကျေးဇူးတင်ပါကြောင်း၊ ကူညီထောက်ပံ့မှုများဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်းညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊ ပြည်ထောင်စုအစိုးရမှ လိုအပ်သလိုညွှန်ကြားလာသည့် အချိန်တွင်လည်း မိမိတို့ပြည်နယ်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ကူညီထောက်ပံ့မှုများလုပ်ဆောင်ရာတွင် ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးမှုအတွက် အပြုသဘောဆောင်သည့် ကူညီမှုမျိုးဖြစ်အောင် လုပ်ဆောင်ပေးမည်ဆိုလျှင် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်းဖြင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုက အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ပြည်နယ်အတွင်း ဆောင်ရွက်နေသောလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ရုံး (ရခိုင်ပြည်နယ်တာဝန်ခံ) Mr.Chris Carter က UN /INGOs များ၏ ရခိုင်ပြည်နယ်အတွင်း ကူညီထောက်ပံ့မှုများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် အားရကျေနပ်မှုရှိကြောင်းနှင့် ယနေ့ဆွေးနွေးချက်များသည်လူသားအားလုံးအတွက် အကျိုးရှိမည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ ကုလသမဂ္ဂအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ရုံး (ရခိုင်ပြည်နယ်တာဝန်ခံ) Mr.Chris Carter နှင့် UN/ INGOs များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဘူးသီးတောင်မြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဘူးသီးတောင် မေ ၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ ၂၀၁၇ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီမှ သိရသည်။

ထိုသို့ကျင်းပရာတွင် ဗဟိုမဏ္ဍပ်၊ ရခိုင်ရိုးရာမဏ္ဍပ်၊ တပ်မမဏ္ဍပ်နှင့် အခြေချစစ်ဗျူဟာမဏ္ဍပ်တို့၌ ရခိုင်ရိုးရာသင်္ကြန်ပွဲကျင်းပခြင်း၊ ဌာနဆိုင်ရာ ယိမ်းအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများအပါအဝင် သင်္ကြန်ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ စင်တင်တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဇီဝတဒါန ငါးလွှတ်ခြင်းနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အတာသင်္ကြန်ပွဲတော် ကျင်းပနေစဉ်ကာလအတွင်း ပြည်သူများ စိတ်အေးချမ်းသာစွာ ရေပက်ကစားနိုင်ရန်နှင့် ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် လုံခြုံရေးအစီအမံများကို ကြိုတင်စီမံဆောင်ရွက်ထားကြောင်း ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၏ ပြောကြားချက်အရ သိရသည်။ **ရာမည၊ တင်စိုး**

# မြောင်းမြတွင် လယ်ယာမြေနစ်နာမှုအတွက် တစ်ကိုယ်တော် ဆန္ဒဖော်ထုတ်

**မြောင်းမြ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကံကြီးကျေးရွာအုပ်စုမှ တောင်သူဦးအောင်သွင်က မိမိလယ်ယာမြေ နစ်နာမှုအတွက် မေ ၇ ရက်က တစ်ကိုယ်တော်ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီက လယ်သမားအရေးဆောင်ရွက်ရာတွင် တိကျစွာ ကွင်းဆင်းလေ့လာ သုံးသပ်မှုမရှိဘဲ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့မှုအပေါ် ကျေနပ်မှုမရှိသဖြင့် အထက်ပါအကြောင်းအရာများ ရေးသားထားသော ဆိုင်းဘုတ်ကို ကိုယ်တွင်ချိတ်ဆွဲကာ နံနက် ၇ နာရီက မြောင်းမြမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းရှေ့မှ စတင်၍ မြို့လယ် (၇)လမ်း ဒီးဒုတ်ဦးဘချို ရင်ပြင်ရှေ့အထိ တစ်ကိုယ်တော်လမ်းလျှောက်ကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့နယ် ကံကြီးကျေးရွာအုပ်စုတွင် နွေစပါးစိုက်ပျိုးရန် ကုလားစုရေမြောင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မြို့နယ်စီမံချက်ဖြင့် တူးဖော်ဆောင်ရွက်ထားရှိခဲ့ပြီး ၂၀၁၆ ခုနှစ် မတ် ၈ ရက်က ကန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ရန် ဦးအောင်သွင်၏ ကွင်းအမှတ်(၂၂၃) ဦးပိုင်အမှတ်(၈၂/၂) ဧရိယာ ၂ ဒသမ ၃၃ ဧကနှင့် ဧရိယာ ၁ ဒသမ ၆၆ ဧကရှိ လယ်မြေပေါ် ဖြတ်သန်း၍ ကုလားစု ရေမြောင်းနှင့် ဆက်သွယ်ကာ ကန်ထုတ်လမ်း ရေမြောင်းဖောက်လုပ်ခဲ့ရာ ရေမြောင်းတစ်လျှောက် မြေသားများ ပုံကြွေပြီး လယ်မြေဆုံးရှုံးမှုများ ဖြစ်ပေါ်လာခြင်းတို့ကြောင့် ဦးအောင်သွင်နှင့်အတူ လယ်မြေဆုံးရှုံးနစ်နာသူတို့က ယခုနှစ် ရာသီအစတွင် ကန်ထုတ်ရေမြောင်းကို ပြန်လည်ပိတ်ဆို့ထားခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ပိတ်ဆို့ထားမှုအပေါ် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီက ပြန်လည်ဖွင့်လှစ်ပေးရန် (နို့တစ်)အကြောင်းကြားစာ သုံးကြိမ် ထုတ်ပြန်ပေးပို့ခဲ့ပြီး ဆောင်ရွက်မှုမရှိပါက ရေမြောင်းပိတ်ဆို့ဖျက်ဆီးမှုကြောင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားထားရှိခဲ့မှုအပေါ် ကျေနပ်မှုမရှိသဖြင့် တစ်ကိုယ်တော်ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ဘူးသီးတောင်မြို့နယ်၌ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဆင်း




**ဘူးသီးတောင် မေ ၆**

ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို ဘူးသီးတောင်မြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။ **(ယာပုံ)**

အခမ်းအနားတွင် ကဲရ်မြန်မာအဖွဲ့ ကိုယ်စားလှယ် ဦးအောင်ခန့်ကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းထိုက်က သင်တန်းတွင် ပို့ချခဲ့သည့် ရှာဖွေ/ကယ်ဆယ်ရေးပညာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီ ဒုတပ်ရင်းမှူး ဦးကျော်မြင့်ဝေက ရှေးဦးပြုစုခြင်း ပညာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ ဝတ်စုံနှင့် ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ စာအုပ်စာစောင်များအား တာဝန်ရှိသူများက သင်တန်းသားများထံ ပေးအပ်သည်။

အဆိုပါသင်တန်းကို ငါးရက်တာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဘူးသီးတောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ၁၂ ဦး၊ မြို့နယ်ကြက်ခြေနီအသင်းမှ ၁၄ ဦး စုစုပေါင်း ၂၆ ဦးတို့ တက်ရောက်ခဲ့ကြကာ ဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-**
**ရာမည၊ တင်စိုး**

# ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အရှိန်အဟုန်ဖြင့်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၈**
ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ် ပြည်သူတို့ ခရီးသွားလာရာတွင် ယာဉ်ကြောပိတ်ဆို့မှု အခက်အခဲနှင့် ယာဉ်အန္တရာယ်များကို ကြုံတွေ့နေရလျက်ရှိရာ မြို့ပြသာယာလှပရေးကို အထောက်အကူဖြစ်စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ရက်သတ္တပတ်လှုပ်ရှားမှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS)နှင့် ပညာရေးဌာန၊ လမ်း၊ တံတားဌာနနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဧပြီ ၁ ရက်မှ ၇ ရက်အထိ လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ယာဉ်ကြောကြပ်ရတာက ကားတွေ သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းတာနဲ့ လမ်းပေါ် စည်းကမ်းမဲ့ရပ်တာလည်း ပါတယ်။ ခရီးသွားတဲ့ ပြည်သူကလည်း ခုံးကျော်တံတားပေါ်က မသွားဘဲ ကားလမ်းပေါ်ကဖြတ်တာ၊ လူကူးမျဉ်းကြားကမသွားဘဲ ရုတ်တရက်လမ်းပေါ် ဖြတ်သန်းတာတွေကြောင့် ယာဉ်အန္တရာယ် ဖြစ်ပေါ်တာပါ။ ဧပြီ ၁ ရက်ကနေ ၇ ရက်အထိ ဂျပန်၊ မြန်မာ ပူးပေါင်းပြီး တစ်နေ့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှစ်နေရာမှာ ဆောင်ရွက်တာကြောင့် တစ်ပတ်မှာ ၅၆ နေရာ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်တာပါ။ အားလုံးစည်းကမ်းရှိမယ်ဆိုရင် ယာဉ်ကြောကြပ်တည်းတာကို ဖြေရှင်းနိုင်မှာပါ"ဟု စမ်းချောင်း ဗဟိုလမ်းဆုံတွင် ကျောင်းသား ကျောင်းသူများနှင့်အတူ ယာဉ်၊ လမ်း အန္တရာယ် ကင်းရှင်းရေး အသိပညာပေး ဆောင်ရွက်နေသော အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမဒေါ်မာမာကြည်က ပြောသည်။

ဧပြီ ၄ ရက်မှ ၇ ရက်အတွင်း လှုပ်ရှားမှုဆောင်ရွက်ခဲ့သော နေရာများမှာ ကမ္ဘာအေးဘုရားလမ်းနှင့် အင်းလျားလိပ်ဟိုတယ်လမ်းဆုံ(ရန်ကင်း)၊ ဗားဂရာလမ်းနှင့် ဗဟိုလမ်းဆုံ(စမ်းချောင်း)၊ အောက်မင်္ဂလာဒုံလမ်း အောင်ဆန်းကျောင်း(အင်းစိန်)၊ အင်းစိန်လမ်း YTU (မရမ်းကုန်း)၊ သံသုမာလမ်းရှိ သုဝဏ္ဏပန်းခြံ(သုဝဏ္ဏ)၊ ခေမာသီလမ်း ဆေးတက္ကသိုလ်(၂)(မြောက်ဥက္ကလာပ)၊ ပြည်ထောင်စုလမ်းနှင့် စည်ပင်လမ်းဆုံ (ဒဂုံတောင်)နှင့် သုမင်္ဂလာလမ်း(တောင်ဥက္ကလာပ)တို့ ဖြစ်ပြီး အဆိုပါနေရာများမှ တစ်ရက်လျှင် နေရာရှစ်ခုတွင် ပြည်သူများအား ယာဉ်အန္တရာယ် လမ်းအန္တရာယ်အကြောင်း အသိပညာပေးမှုများကို လမ်းတံတားဌာန၊ ပညာရေးဌာနနှင့် ယာဉ်ထိန်းတပ်ဖွဲ့စုတို့ ပူးပေါင်း၍ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး လှုံ့ဆော်မှုအဖြစ် ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်းမပြောပါနှင့်၊ သတ်မှတ်ယာဉ်ကြောမှ မောင်းနှင်ပါ၊ မူးရင်မမောင်းနှင့် မောင်းရင်မမူးနှင့်၊ ပြိုင်မမောင်းရ လုမမောင်းရ၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါ၊ အရှိန်နှုန်းကန့်သတ်ချက်များအား လိုက်နာပါ၊ ခဏလေးစောင့်လျှင် အသက်ရှင်၊ စည်းကမ်းပြည့်ဝ ဂုဏ်ရှိစွ၊ နိုင်ငံကြီးသား ပီသသူများ စည်းကမ်းလိုက်နာကြ စသည့် စာရွက်များကို လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်သူ ကျောင်းသား ကျောင်းသူလေးများက ကိုင်ဆောင်၍ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် တက်ကြွစွာ အသိပညာပေးဆောင်ရွက်ခဲ့ကြသည်။




ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ပထမအကြိမ်အဖြစ် ရန်ကုန်မြို့တွင် ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်ကို မန္တလေးမြို့တွင် ဆောင်ရွက်ခဲ့ကာ ယခု တတိယအကြိမ်ကို ရန်ကုန်မြို့တွင် ထပ်မံဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## သတင်းတိုများ

### သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့ အမှတ်(၁)ရပ်ကွက် ကံစွယ်ကျောင်းတိုက်ဆရာတော် ဦးကောဝိဒ(မြို့နယ်သံဃနာယကဆရာတော်)၏ ဩဝါဒကိုခံယူလျက် မန္တလေးမြို့နေ ဦးကျော်မျိုးထက်မိသားစုက ဆားလင်းကြီးမြို့ပေါ်မှ အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား အလှူငွေနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့လှူဒါန်းသည့် အခမ်းအနားကို ဧပြီ ၆ ရက်က ကံစွယ်ကျောင်းတိုက် အောင်ရတနာဓမ္မာရုံ၌ ကျင်းပခဲ့ရာ မြို့ပေါ် အမှတ်(၁)(၂)(၃)ရပ်ကွက်များမှ သက်ကြီးဘိုးဘွား ၁၀၁ ဦးအား ထောက်ပံ့လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

### ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်(ပြည်နယ်အဆင့်) အခမ်းအနားကို ဧပြီ ၇ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက အမှာစကားပြောကြားကြီး ၂၀၁၇ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပေးပို့သောသဝဏ်လွှာကို လားရှိုးပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာသီတာရီက ဖတ်ကြားသည်။ ထို့နောက် ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် စိတ်ကျဝေဒနာ ပြောဆိုတိုင်ပင်ဆွေးနွေးပါ ဆောင်ပုဒ်နှင့်အညီ စိတ်ကျဝေဒနာရှင်များ လိုက်နာသင့်သော အချက်များကို ဟောပြောခဲ့ကြောင်းသိရသည်။
**စိုင်းအောင်ကျော်စိုး(ပြန်/ဆက်)**

### (၉၁)ကြိမ်မြောက် မဟာဒုက်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် (၉၁)ကြိမ်မြောက် မဟာဒုက်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ မဟာဒုက်ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လက်ပံတန်းမြို့နေ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၁၄၆ ကျောင်းအတွက် ငွေပဒေသာပင် ၁၄၇ ပင်နှင့် ဆန်အိတ် ၁၅၀၊ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၄၀၀ ကျော်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ဗုဒ္ဓဝင်အခြေပြုယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံး ဓမ္မရက္ခိတ ဓမ္မာရုံ၌ ဒုတိယအကြိမ်မြောက် မဇ္ဈိမဝံသ ဗုဒ္ဓ ဓမ္မနှင့် ဗုဒ္ဓဝင်အခြေပြု ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ဧပြီ ၇ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်များကို ရှင်းလင်းအမှာစကားပြောကြားပြီး ဧပြီ ၁ ရက်မှစ၍ ကျင်းပခဲ့သော ယဉ်ကျေးလိမ္မာသင်တန်း အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း စာမေးပွဲများတွင် အောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူ ၃၅ ဦးအား သင်တန်းအောင်လက်မှတ်နှင့် ဆုများကို ညွှန်ကြားရေးမှူးက ပေးအပ်ချီးမြှင့်ခဲ့သည်။
**ကိုလွင်(ဆွာ)**

### နှစ်သစ်ကူးမဟာသင်္ကြန် လှူဒါန်းပွဲအခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လက်ပံတောင်းတောင်ကြား စေတီဝင်းအတွင်း၌ နှစ်သစ်ကူးမဟာသင်္ကြန် လှူဒါန်းပွဲကို ဧပြီ ၆ ရက်က ကျင်းပခဲ့သည်။ လှူဒါန်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်၊ ဆားလင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော်နှင့် ဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ရှိသူများက သံဃာတော် ၂၆ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုး ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။
**ဦးငယ်(ဆားလင်းကြီး)**

## အရေးပေါ်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြပွဲ ခရမ်းမြို့နယ်၌ပြုလုပ်

**ခရမ်း ဧပြီ ၈**
မြန်မာနိုင်ငံ(RESCUE) လူမှုကယ်ဆယ်ရေး အဖွဲ့ချုပ်နှင့် ခရမ်းမြို့နယ်နာရေးကူညီမှုအသင်း လူမှုရေးရာကူညီမှုအဖွဲ့တို့ ပူးပေါင်း၍ ခရမ်းမြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သည့် အရေးပေါ် ကယ်ဆယ်ရေးနည်းပညာ သင်တန်းသားများ၏ အရေးပေါ်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြသပွဲကို ဧပြီ ၇ ရက်က ခရမ်းမြို့ နာရီစင်အဝိုင်းပတ်တွင် ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် သင်တန်းသား သင်တန်းသူ ၁၀၀ နှင့် သင်တန်းနည်းပြများက ယာဉ်တိမ်းမှောက်မှုနှင့် ယာဉ်တိုက်မှုများတွင် ဒဏ်ရာရလူနာများအား အရေးပေါ်ကူညီကယ်ဆယ်ခြင်း၊ လူနာတင်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများကို လက်တွေ့သရုပ်ပြခဲ့ကြပြီး သရုပ်ပြပွဲကို ခရမ်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျန်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ စု(၅၆)မှ ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။



အဆိုပါ အရေးပေါ် ကယ်ဆယ်ရေး နည်းပညာသင်တန်းကို မြန်မာနိုင်ငံ (RESCUE)လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှထွန်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်နာရေးကူညီမှုအသင်း လူမှုရေးရာကူညီမှုအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဧပြီ ၂ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ခဲ့သည့် အဆိုပါသင်တန်းတွင် ခရမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ နာရေးကူညီမှုနှင့် လူမှုကူညီရေးအဖွဲ့များမှ အဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။
**ကိုမင်း(ခရမ်း)**

## သီးနှံများ အထွက်နှုန်းတိုးတက်ရေး စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်

**မိတ္ထီလာ ဧပြီ ၈**
မိတ္ထီလာခရိုင်အတွင်း သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းကို မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဧပြီ ၅ ရက်က ဖွင့်လှစ်ခဲ့သည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်ခဲ့သည့် အဆိုပါသင်တန်းတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းထိန်က သီးနှံများ အထွက်နှုန်းတိုးတက်ရေးနှင့် ရိက္ခာဖူလုံရေးကို ဦးတည်ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းများ၏ ကောင်းကျိုးဆိုးကျိုးနှင့်အတူ ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်လာခြင်း၊ အစားအစာလုံခြုံမှု (Food Safety) နည်းပါးလာခြင်းတို့ကြောင့် တိုးပွားလာသော လူဦးရေအတွက် စားနပ်ရိက္ခာ လုံလောက်စွာ စီမံနိုင်ရေး၊ အစားအစာများ ဓာတုအဆိပ်သင့်ခြင်း ကင်းဝေးစေရေး အကြောင်းအရာများ ပါဝင်သည့် Food Security ဘာသာရပ်ကို နိုင်ငံခြားတိုင်းပြည်များနှင့် မြန်မာနိုင်ငံ၏ အခြေအနေအလားလာများနှင့် နှိုင်းယှဉ်၍ ပို့ချသင်ကြားခဲ့သည်။

ထို့အတူ ခရိုင်ပိုးမွှားတာဝန်ခံက စပါးပင်များတွင် ကျရောက်တတ်သော ဘက်တီးရီးယားရောဂါများအကြောင်းကိုလည်းကောင်း၊ မြေအသုံးချရေးတာဝန်ခံက မြန်မာနိုင်ငံတွင် တွေ့ရသော မြေအမျိုးအစားများနှင့် အာဟာရဓာတ်တွက်ချက်ခြင်း ဘာသာရပ်ကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံက မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းနှင့် မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်း ဘာသာရပ်များအား ပို့ချခဲ့သည်။ သင်တန်းကို ဧပြီ ၅ ရက်နှင့် ၆ ရက် နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ စိုက်ပျိုးရေးပညာပေးဝန်ထမ်း ၅၀ တက်ရောက်ခဲ့သည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကျေးရွာနှစ်ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဖွင့်ပွဲကျင်းပ

**ညောင်ဦး ဧပြီ ၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စု ကောင်းညိုကျေးရွာနှင့် ဝါခင်းကြီးကျေးရွာအုပ်စု၊ ဝါခင်းကြီးကျေးရွာတို့တွင် ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲများကို ဧပြီ ၇ ရက်က ကျင်းပခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ကောင်းညိုကျေးရွာ မီးလင်းရေးလုပ်ငန်းဖွင့်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ လျှပ်စစ်မီးစတင်ပို့လွှတ်ပေးသည်။ ကောင်းညိုကျေးရွာ မီးလင်းရေးလုပ်ငန်းကို တိုင်းဒေသကြီး တင်ဒါပိုလျှံငွေ ကျပ် ၅၇ ဒသမ ၅ သန်းနှင့် ကျေးရွာနေပြည်သူများထည့်ဝင်ငွေ ကျပ် ၅၅ သန်းတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝါခင်းကြီးကျေးရွာသို့ ဆက်လက်သွားရောက်ပြီး လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ဖွင့်လှစ်ပေးခဲ့သည်။ ဝါခင်းကြီးကျေးရွာ မီးလင်းရေးလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ကျပ် ၄၆ ဒသမ ၂၆ သန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေ ကျပ် ၂၇ သန်းတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ညောင်ဦး-ကျောက်ပန်းတောင်းလမ်း အလယ်ကျွန်းတွင် နှစ်ဖက်မီးလင်းတိုင်များ စိုက်ထူနေမှုကိုလည်းကောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စူဠာမဏိဘုရား အရှေ့ဘက်ရှိ ညောင်လက်တစ်ဖက်ကန်ပေါင်တွင် ပုဂံဒေသ ရှုခင်းကြည့်ရှုနိုင်ရန် တောင်ကုန်းပြုလုပ်နေမှု အခြေအနေကိုလည်းကောင်း၊ နှစ်စဉ် ဧရာဝတီမြစ်ရေ မြင့်တက်ချိန်တွင် ရေဘေးကြုံတွေ့ရသည့် ဆယ်လံမြစ်လယ်ကျွန်းကျေးရွာကို မြေနဲလေးကျေးရွာ ညောင်ချောက်ကွင်းသို့ ရွာလုံးကျွတ်ပြောင်းရွှေ့ပေးနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **ရဲသူရအောင်(ညောင်ဦး)**

# စတော့ဟုမ်း တိုက်ခိုက်မှုပြုလုပ်ခဲ့သည့် တရားခံအား ဖမ်းမိ




**စတော့ဟုမ်း ဧပြီ ၈**

ယမန်နေ့က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့လယ် လူစည်ကားရာဈေးလမ်းတစ်ခုအတွင်း ကုန်တင်ယာဉ်တစ်စီး အရှိန်ဖြင့်တစ်ဟုန်ထိုးမောင်းဝင်လာပြီး စတိုးဆိုင်တစ်ဆိုင်အား ဝင်တိုက်မိရာ လူလေးဦးသေဆုံးခဲ့ပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့မှုနှင့်ပတ်သက်၍ ဆွီဒင်ရဲတပ်ဖွဲ့က စစ်ဆင်ရေးတစ်ခုဆောင်ရွက်ခဲ့ရာ ယင်းစစ်ဆင်ရေးအတွင်း အမျိုးသားတစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ဖမ်းဆီးရမိသည့် အမျိုးသားသည် အသက် ၃၉ နှစ်ရှိ ဥဇဘက်အမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။

ယင်းအမျိုးသားကို ထိခိုက်ဒဏ်ရာအနည်းငယ်ဖြင့် မာစတာမြို့တွင် ဖမ်းမိခဲ့ခြင်းဖြစ်ကာ ၎င်းသည် စတော့ဟုမ်းတိုက်ခိုက်မှုတွင် အပြစ်ရှိသူတစ်ဦးဖြစ်ကြောင်း ဆွီဒင်သတင်းစာတစ်စောင်တွင်ဖော်ပြခဲ့သည်။ ထို့ပြင် ယင်းတိုက်ခိုက်မှုအား ဝန်ကြီးချုပ် စတီဖန်လော့ဗ်ဗန်က အကြမ်းဖက်တိုက်ခိုက်မှုပုံစံဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖမ်းဆီးရမိသောအမျိုးသား၏ ပုံသည် ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည့် တရားခံဓာတ်ပုံနှင့် တူညီနေကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ၎င်းအမျိုးသားသည် ထရပ်ကားအနီးတွင် ရှိနေနိုင်သည်ဟု ယူဆခဲ့ကြောင်း ဆွီဒင်ရုပ်သံလိုင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

စတော့ဟုမ်းရဲတပ်ဖွဲ့မှ ဂျန်အီဗန်ဆန်က တရားခံအား ဖမ်းဆီးရမိခဲ့ပြီဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ထားကြောင်း ပြောခဲ့သည်။ စတော့ဟုမ်းတိုက်ခိုက်မှုတွင် သေဆုံးသူ လေးဦးအထိရှိပြီး ၁၅ ဦးအထိဒဏ်ရာရရှိလာခဲ့ကြောင်း ကာရိုလင်စကာဆေးတက္ကသိုလ် သတင်းရင်းမြစ်များကို ကိုးကား၍ ဆွီဒင်ရုပ်သံလိုင်းက ထုတ်လွှင့်ခဲ့သည်။

**(ဆင်ဟွာ၊ ရိုက်တာ)**

# ဆီးရီးယားအား တားမြစ်ပိတ်ဆို့မှုအသစ်များပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်ကြေညာ



**ဝါရှင်တန်ဒီစီ ဧပြီ ၈**

ဆီးရီးယားအစိုးရက ယခုအပတ်အစောပိုင်းတွင် ဓာတုလက်နက်များဖြင့် တရားမဝင်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံအနေဖြင့် တားမြစ်ပိတ်ဆို့မှုအသစ်များ ချမှတ်သွားမည်ဖြစ်ကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စတိဗ်မန်နျူချင်က ယမန်နေ့က ပြောခဲ့သည်။

ဆီးရီးယား၏ ဓာတုလက်နက်သုံးတိုက်ခိုက်မှုများရပ်တန့်ရန် အမေရိကန်က ပိတ်ဆို့မှုအသစ်များ ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းပိတ်ဆို့မှုအသစ်များကို မကြာမီ ကြေညာသွားမည်ဖြစ်ကြောင်း မန်နျူချင်က ပြောကြားခဲ့သည်။

သို့သော်လည်း အသေးစိတ်အချက်အလက်များကို ပြောကြားသွားခြင်းမရှိကြောင်း သိရသည်။ တားမြစ်ပိတ်ဆို့မှုများကို အသုံးပြု၍ အကျိုးသက်ရောက်မှုများရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ မြေထဲပင်လယ်အရှေ့ပိုင်းတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်ဖျက်သင်္ဘောများဖြစ်သည့် ယူအက်စ်အက်စ်ပေါ်တာနှင့် ယူအက်စ်အက်စ်ရော့စ်တို့ကလည်း အစောပိုင်းရက်များက ဆီးရီးယားလေယာဉ်များ၊ လေယာဉ်ဂိုဒေါင်များ၊ လောင်စာဆီသိုလှောင်ရုံများ၊ လေကြောင်းကာကွယ်ရေးစနစ်များ၊ ရေဒါများကို ပစ်မှတ်ထားကာ ဒုံးကျည် ၅၉ လုံးဖြင့် ပစ်ခတ်ခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောခဲ့သည်။

ထို့ပြင် ဆီးရီးယားပဋိပက္ခခြောက်နှစ်တာကာလအတွင်း ဆီးရီးယားနိုင်ငံကို တိုက်ခိုက်ရန် အမေရိကန်သမ္မတ၏ ပထမဆုံး တိုက်ရိုက်ညွှန်ကြားချက်လည်းဖြစ်ကြောင်း သိရသည်။

အမေရိကန်၏ ဆီးရီးယားလေတပ်စခန်းတိုက်ခိုက်ခဲ့မှုကို ရုရှားအစိုးရက ပြစ်တင်ရှုတ်ချခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တရုတ်၏ ခေတ်သစ်ပိုးလမ်းမကြီးစီမံကိန်းအား သီရိလင်္ကာထောက်ခံ

**ကိုလံဘို ဧပြီ ၈**

တရုတ်နှင့် သီရိလင်္ကာနိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများချဲ့ထွင်ရန်နှင့် ခေတ်သစ်ပိုးလမ်းမကြီး စီမံကိန်းမူဘောင်အတွင်း အဓိကစီမံကိန်းများ ရှေ့ဆက်လုပ်ဆောင်နိုင်ရေးအတွက် သီရိလင်္ကာအထက်လွှတ်တော်ဥက္ကဋ္ဌ ကာရူဂျယာဆူရိယာနှင့် တရုတ်ပြည်သူ့ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုညီလာခံ အမျိုးသားကော်မတီဥက္ကဋ္ဌ ယွီကျန့်စန်းတို့ ယမန်နေ့က ဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်နှင့် သီရိလင်္ကာနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တည်ထောင်ခြင်းနှစ် ၆၀ ပြည့် အခါသမယဖြစ်သည့် အားလျော်စွာ နှစ်နိုင်ငံ သဘောတူညီချက်များအား အကောင်အထည်ဖော်နိုင်ရန်နှင့် တရုတ်နှင့် သီရိလင်္ကာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးများ အဆင့်မြှင့်တင်ရန် နှစ်နိုင်ငံခေါင်းဆောင်များအတွက် အခွင့်အခါကောင်းပင်ဖြစ်ကြောင်း ယွီက ပြောကြားခဲ့သည်။

ထို့ပြင် ယွီက ခေတ်သစ်ပိုးလမ်းမကြီးစီမံကိန်း အကောင်အထည်ဖော်နိုင်ရန်အတွက် နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် အက်ဖ်တီအေဆွေးနွေးမှု မြန်ဆန်စေရန်အတွက် ပြည်သူအချင်းချင်း ဖလှယ်မှုများတိုးမြှင့်သွားရန် အဆင်သင့်ရှိကြောင်း ပြောခဲ့သည်။

သီရိလင်္ကာနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌကလည်း ခေတ်သစ်ပိုးလမ်းမကြီး စီမံကိန်းအား ထောက်ခံပါကြောင်းနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များအား ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တရုတ်ကုမ္ပဏီများ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း ပြောခဲ့သည်။

**(ဆင်ဟွာ)**

# ပိုလန်နိုင်ငံတွင် လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ သုံးဦးထက်မနည်းသေဆုံး

**ဝါဆော ဧပြီ ၈**

ပိုလန်နိုင်ငံ အနောက်တောင်ပိုင်း ဆွာဘိုဘ်ဇစ်ဒေသတွင် လူနေအဆောက်အအုံတစ်လုံး ဧပြီ ၈ ရက်ကပြိုကျမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ကာ အခြားလေးဦး ပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသောကြောင့် သေဆုံး၊ ဒဏ်ရာရစာရင်းမှာ ပြောင်းလဲနိုင်ကြောင်း သိရသည်။

သေဆုံးသူများထဲမှ သုံးဦးမှာ ကလေးငယ်များဖြစ်ကြောင်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောသည်။

မီးသတ်သမားများသည် ပျောက်ဆုံးနေသော လူလေးဦးအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း၊ အဆောက်အအုံပြိုကျမှုကြောင့် မြေအောက်ပိနေသူအရေအတွက်မှာ ရှင်းလင်းစွာမသိရသေးကြောင်း သိရသည်။

ပိုလန်ဝန်ကြီးချုပ်က သေဆုံးသူများ၏ မိသားစုဝင်များအတွက် ထပ်တူဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

သုံးထပ်လူနေအဆောက်အအုံ၏ ၈၀ ရာခိုင်နှုန်းလောက် ပြိုကျပြီးချိန်တွင် မီးသတ်တပ်ဖွဲ့ဝင် ၂၃ ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့ဝင် နှစ်ဖွဲ့တို့သည် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဓာတ်ငွေ့ပေါက်ကွဲခြင်းသည် လူနေအဆောက်အအုံပြိုကျသည့် အကြောင်းရင်းဖြစ်နိုင်ကြောင်း သိရသည်။

သို့သော်လည်း မည်သည့်အတွက်ကြောင့် လူနေအဆောက်အအုံပြိုကျရခြင်းဖြစ်သည်ကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။

**(ဆင်ဟွာ)**

# ဆီးရီးယားအား အမေရိကန်ကတိုက်ခိုက်ခြင်းကို ခွင့်မလွှတ်နိုင်ကြောင်း မြောက်ကိုရီးယားပြောကြား



**ပြုံယမ်း ဧပြီ ၈**

ဆီးရီးယားစစ်အခြေစိုက်စခန်းကို အမေရိကန်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းသည် ခွင့်မလွှတ်နိုင်သောကိစ္စဖြစ်ကြောင်း၊ ထို့အတူ မြောက်ကိုရီးယားနိုင်ငံအတွက် ယင်းကိစ္စက အချက်ပေးအသံပင်ဖြစ်ကြောင်း၊ အဆိုပါကိစ္စအား သုံးသပ်ခြင်းဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို တိုးတက်အောင် လုပ်ဆောင်နေသည့် ဆုံးဖြတ်ချက်မှန်ကန်သည်ကို ပြသရာရောက်ကြောင်း မြောက်ကိုရီးယားက ဧပြီ ၈ ရက်၌ ပြောခဲ့သည်။

အပြစ်မဲ့ကလေးများစွာကို အသက်ဆုံးရှုံးစေခဲ့သည့် ဓာတုအဆိပ်လက်နက်ဖြင့် တိုက်ခိုက်မှုကို ဆီးရီးယားက ပြုလုပ်သည်ဆိုကာ မြေထဲပင်လယ်ရှိ အမေရိကန်ဖျက်သင်္ဘောများက ယမန်နေ့များ၌ ဆီးရီးယားစစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားကာ တာဝေးပစ်ဒုံးကျည် အမြောက်အမြားပစ်လွှတ်ခဲ့ရကြောင်း ပင်တဂွန်က ပြောသည်။

ဆီးရီးယားကို အမေရိကန်တို့ ဒုံးကျည်ဖြင့် တိုက်ခိုက်ခြင်းသည် အချုပ်အခြာပိုင်နိုင်ငံတစ်ခုကို ကျူးကျော်ခြင်းပင်ဖြစ်ကြောင်း၊ အဆိုပါ ကိစ္စအား ပြင်းထန်စွာရှုတ်ချကြောင်း မြောက်ကိုရီးယားနိုင်ငံက ဆက်လက်ပြောကြားခဲ့သည်။ ယနေ့ဖြစ်စဉ်ကို ကြည့်ခြင်းဖြင့် မြောက်ကိုရီးယားနိုင်ငံက စစ်ရေးအင်အားတောင့်တင်းအောင် လုပ်ဆောင်ခြင်းသည် မှန်ကန်သော လုပ်ဆောင်ချက်ဖြစ်ကြောင်း ပြောခဲ့သည်။

သံတမန်ရေးအရ သီးခြားရပ်တည်နေသော မြောက်ကိုရီးယားနိုင်ငံသည် ဆီးရီးယားနိုင်ငံအား အဓိက မိတ်ဖက်အဖြစ် သုံးသပ်ရှုမြင်ထားကြောင်း သိရသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်တို့သည် အပြန်အလှန်ဆုမွန်ကောင်းများတောင်းခဲ့ပြီး နှစ်နိုင်ငံဆက်ဆံမှုမှသည် ပူးပေါင်းဆောင်ရွက်မှုများအထိ အပြန်အလှန် နားလည်မှုရှိရေး ကတိကဝတ်များပြုခဲ့ကြောင်း မြောက်ကိုရီးယားတရားဝင် သတင်းရင်းမြစ်ဖြစ်သော ကေစီအင်န်အေတွင် ဖော်ပြခဲ့သည်။

**(ရိုက်တာ)**




# မန္တလေးသင်္ကြန်ပွဲ ကျုံးပတ်လည်ဖျော်ဖြေရေးမဏ္ဍပ် ၁၅ ခုနှင့် ရေကစားမဏ္ဍပ် ၃၀ ကျော်ဖြင့် ဆင်နွှဲမည်

**မန္တလေး ဧပြီ ၈**

ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်အား ကျုံးပတ်လည်တွင်ဖျော်ဖြေရေးမဏ္ဍပ် ၁၅ ခုနှင့်အတူ ကျုံးတောင်ဘက်ခြမ်း၌ ကျင်းပမည့် လမ်းလျှောက် သင်္ကြန်ပွဲတော်တွင် ရေကစားမဏ္ဍပ် ၃၀ ကျော်ပါဝင်၍ ပျော်ရွှင်စွာဆင်နွှဲသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ကျုံးပတ်လည်ဖျော်ဖြေရေးမဏ္ဍပ်များအနက် ကျုံးတောင်ဘက်တွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်၊ နန်းမြို့သူမဏ္ဍပ်နှင့် ခရီးသွားမြှင့်တင်ရေးဗဟိုမဏ္ဍပ်တို့ဆောက်လုပ်ထားကြပြီး ကျုံးအရှေ့ဘက်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဖျော်ဖြေရေးမဏ္ဍပ် ခုနစ်ခုနှင့်အတူ စသုံးလုံးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏မဏ္ဍပ်များပါဝင်ကြပြီး ကျုံးမြောက်ဘက်တွင် Iron Cross ဖျော်ဖြေရေးမဏ္ဍပ်နှင့် ကျုံးအနောက်ဘက်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ မဏ္ဍပ်နှစ်ခု ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

ယခုနှစ်တွင် ကျုံးတောင်ဘက်ခြမ်း၌ စတင်ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရေကစားမဏ္ဍပ်၊ နန်းမြို့သူရေကစားမဏ္ဍပ်၊ ခရီးသွားမြှင့်တင်ရေးအတွက်ဆောက်လုပ်ထားသည့် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၁၁ ခုနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ပါဝင်ဆောက်လုပ်ထားကြသည့် ပေ ၃၀ နှင့် ၁၂ ပေအကျယ်ရှိ ရေကစားမဏ္ဍပ် အခု၂၀ တို့ပါဝင်ကြပြီး စတုဒိသာမဏ္ဍပ်ခုနစ်ခုတို့လည်း ထည့်သွင်းဆောက်လုပ်ထားကြောင်း သိရသည်။

“ဒီကျုံးတောင်ဘက်ခြမ်းမှာကျင်းပမယ့် လမ်းလျှောက်သင်္ကြန်ပွဲတော်အတွက် ၇၈ လမ်းနဲ့ ၆၆ လမ်းထိပ်တွေမှာ မုခ်ဦးတွေ တပ်ဆင်ထားမယ်။ ဘယ်ယာဉ်မှ မဝင်ရဘဲ လမ်းလျှောက်ပြီး ပါဝင်ဆင်နွှဲရမှာပါ။ ဘယ်သူမဆိုပါဝင်ရေကစားနိုင်တဲ့ မဏ္ဍပ်တွေ၊ စတုဒိသာကျွေးမွေးဖို့နဲ့ အနားယူဖို့ မြေစိုက်မဏ္ဍပ်တွေလည်း ထည့်သွင်းထားတဲ့အပြင် အစားအသောက်ရောင်းချမယ့်ဆိုင်ခန်းတွေလည်း ဖွင့်လှစ်ပေးထားမှာဖြစ်ပါတယ်” ဟု မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်ကို အကြိုနေ့အရုဏ်တက်တွင် သံဃာတော် ၁၀၈ ပါးအား မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ရှေ့၌ ဆွမ်းကြီးလောင်းလှူ၍ နံနက် ၇ နာရီခွဲတွင် ကျောင်းသူ ၃၀၀ က မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုဖျော်ဖြေကာ မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် မြို့မအလှပြယာဉ်တို့က သင်္ကြန်သီချင်းများကို တစ်လှည့်စီ အပြန်အလှန်သီဆိုကြပြီး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆင်းရဲဒုက္ခနည်းပါးသက်သာရေးဆောင်ရွက်ပေးမည့် ဂီတရန်ပုံငွေဖျော်ဖြေပွဲ ကျင်းပမည်

**မြစ်ကြီးနား ဧပြီ ၈**

ကချင်ပြည်နယ် ကြက်ခြေနီလူငယ်အဖွဲ့က ကြီးမှူးကျင်းပမည့် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဂီတရန်ပုံငွေဖျော်ဖြေပွဲနှင့် Fashion Show ပွဲတော်ကို ဧပြီ ၁၀ ရက် ညနေ ၆ နာရီတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းရှိ မဂ္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“ဂီတဖျော်ဖြေပွဲကို ကချင်ပြည်နယ် ကြက်ခြေနီ လူငယ်အဖွဲ့တွေ ဦးစီးပြီး ကျင်းပတာပါ။ ပွဲကရရှိလာတဲ့ ရန်ပုံငွေတွေကို ပြည်နယ်အတွင်းရှိတဲ့ ဆင်းရဲဒုက္ခရောက်နေတဲ့နေရာတွေနဲ့ ကြက်ခြေနီလူမှုကရုဏာ လုပ်ငန်းတွေမှာ အသုံးပြုသွားမှာဖြစ်တယ်”ဟု ပြည်နယ် ကြက်ခြေနီလူငယ်ကော်မတီခေါင်းဆောင် ဦးနောင်တိန်က ပြောသည်။

အဆိုပါဂီတဖျော်ဖြေပွဲကို ဧပြီ ၁၀ ရက်တစ်ရက်တည်းသာ ကျင်းပမည်ဖြစ်ပြီး ကချင်တိုင်းရင်းသား နာမည်ကြီးအဆိုတော်များဖြစ်သည့် ဂျီဖုံးကို၊ မရန်ဆိုင်းနော်နှင့် Myanmar Idol Top(10) စာရင်းဝင် မိုင်းမိုင်ဆိုင်းတို့ အပါအဝင် အဆိုတော် ၁၁ ဦးဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်းနှင့် Fashion Show အစီအစဉ်ကိုလည်း ထည့်သွင်းပြုလုပ်မည်ဖြစ်ရာ ဝင်ကြေးလက်မှတ်တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် သတ်မှတ်ထားရှိကြောင်း သိရသည်။ ပြည်နယ်ကြက်ခြေနီလူငယ်ကော်မတီ စတင်ဖွဲ့စည်းချိန်မှစပြီး ပြည်နယ်အတွင်းရှိ စစ်ရှောင်စခန်းနေပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်း၊ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လူငယ်များအား ကြက်ခြေနီ အခြေခံရှေးဦးပြုစုခြင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေရှာဖွေလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**



မြန်မာ့ရိုးရာ မန္တလေး မဟာသင်္ကြန်ပွဲတော်တွင် မန္တလေး အောင်မြေသာစံမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး မိသားစု၏ မန္တလာအောင်မြေ ရေကစားမဏ္ဍပ်ကို ၂၆ လမ်းနှင့် ကမ်းနားလမ်းထောင့် မြို့တော်ဥယျာဉ် အနီးတွင် ရေပက်ကစားကြမည်ဖြစ်ရာ ဧပြီ ၇ ရက်က မန္တလေးပန်တျာကျောင်းမှ အကနည်းပြဖြင့် ဖျော်ဖြေရေးအကအဖွဲ့ အဆို၊ အက လေ့ကျင့်စဉ်
ထွဏ်းလှအောင်(မန္တလေး)

# တောင်ငူမြို့ရှိ စည်းကမ်းပျက်ကြက်သားသည်များကြောင့် ပြည်သူများကျန်းမာရေးထိခိုက်ပြီး မြို့အလှပျက်စီးနေ

**တောင်ငူ ဧပြီ ၈**

တောင်ငူမြို့ပေါ်ရှိ ဈေးအသီးသီးတို့တွင် ကြက်သားများ ရောင်းချကြသည့် ဈေးသည် အချို့တို့သည် ၎င်းတို့ပေါ်ထားသော ကြက်များ၏ အမွေးအမှင်များနှင့် အတွင်း အညစ်အကြေးအထုပ်များကို စည်ပင်က သတ်မှတ်ထားသည့်နေရာများတွင် စွန့်ပစ်ကြခြင်းမရှိကြဘဲ နီးစပ်ရာရပ်ကွက်များရှိ ကားလမ်းများပေါ်နှင့် လမ်းကြားများထဲတွင် ညဥ့်နက်ချိန်၌ ဆိုင်ကယ်များဖြင့် လိုက်လံပစ်ချလျက်ရှိရာ ခွေးများက ကိုက်ချီသယ်ဆောင်စားသောက်ကြရာမှ ရပ်ကွက်တစ်ခုလုံး အပုပ်နံ့များထွက်ရှိခြင်း၊ အမွေးအမှင်များလမ်းပေါ်သို့ ပြန့်ကျဲထွက်ရှိနေသဖြင့် အများပြည်သူ ကျန်းမာရေးကိုထိခိုက်သည့်အပြင် မြို့၏အလှကိုပါ အရုပ်ဆိုးအကျည်းတန်လျက်ရှိသည်။

ယင်းဖြစ်စဉ်များကို တောင်ငူမြို့ (၁၁)ရပ်ကွက်၊ ခတုကလျာလမ်း၊ ကန်တော်ကြီးရှိ မိုးဆွတ်ပန်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူကြိုင်က သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အကြိမ်ကြိမ်သွားရောက် အကြောင်းကြားခဲ့သော်လည်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိသဖြင့် မိမိအစီအစဉ်ဖြင့် သန့်ရှင်းရေးများကို ပြုလုပ်ခဲ့ရကြောင်း သိရသည်။ (၁၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက စည်ပင်ဝန်ထမ်းများဖြင့် စောင့်ဆိုင်းဖမ်းဆီးရန် ကြိုးစားခဲ့ရာ စည်းကမ်းမဲ့စွန့်ပစ်သူများက ရှေ့ပြေးအစောင့်ဖြင့် လိုက်လံပစ်ချခြင်းဖြစ်သဖြင့် ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိကြောင်း ပြောသည်။ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးမောင်မောင်ငြိမ်း၊ ဒုတိယဦးစီးမှူး (သန့်ရှင်းရေး)က ပြောကြားရာတွင် ဌာနအနေဖြင့် မြို့ပေါ်ရပ်ကွက်များတွင် အမှိုက်များစွန့်ပစ်ရန် သတ်မှတ်နေရာ ခုနစ်ခုထားရှိပေးထားသော်လည်း စည်းကမ်းမဲ့သူများက ယခုကဲ့သို့ စည်းကမ်းမဲ့ပြုလုပ်နေကြခြင်းဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဖမ်းဆီးပြီး စည်းကမ်းမဲ့သူများကို ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(ဝ၈၄)**

# နေပြည်တော်တွင် သင်္ကြန်အကြိုကာလ စည်းကမ်းပျက်ယာဉ်များ အရှိန်အဟုန်မြှင့်စစ်ဆေး

**နေပြည်တော် ဧပြီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတွက် သင်္ကြန်အကြိုကာလတွင် အရှိန်အဟုန် မြှင့်စစ်ဆေးဆောင်ရွက်မှုကို ဧပြီ ၈ ရက်က စတင်ပြုလုပ်ကြောင်း သိရသည်။
**(အောက်ပုံ)**

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးဇော်မင်း၊ ဒက္ခိဏခရိုင် ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးတင်မိုးဦးတို့၏ ညွှန်ကြားမှုနှင့်အတူ ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းအောင်နှင့်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းအဖွဲ့သည် ဧပြီ ၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအချိန်ထိ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းမကြီး၏ နေပြည်တော် မြို့တော်ခန်းမရှေ့တွင် မော်တော်ဆိုင်ကယ်များအားရပ်တန့်၍ ဆိုင်ကယ်အိတ်ဇောဖြုတ်မောင်းနှင်ခြင်း၊ ဆိုင်ကယ်တွင်မူလပါရှိသော အိတ်ဇောအားဖြုတ်၍ အသံကျယ်လောင်မှုဖြစ်ပေါ်စေရန် ပြောင်းတိုအိတ်ဇောတီထွင်တပ်ဆင်မောင်းနှင်ခြင်းတို့ကို အဓိကစစ်ဆေးဆောင်ရွက်ပြီး လိုက်နာမှုမရှိသော ဆိုင်ကယ်ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ခဲ့သည်။

ယခုကဲ့သို့ စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များအား သင်္ကြန်အကြိုကာလအဖြစ် အရှိန်အဟုန်မြှင့် စစ်ဆေးဆောင်ရွက်မှုကို နေပြည်တော်ကောင်စီနယ်မြေတွင် ဧပြီ ၈ ရက်မှ ၁၂ ရက်ထိ မြို့နယ်အလိုက် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# သင်္ကြန်အကြိုကာလအတွင်း မှုခင်းများကျဆင်းစေရေး အသိပညာပေးစစ်ဆေးအရေးယူမှုများ တိုးမြှင့်ဆောင်ရွက်

**သုဝဏ္ဏဝတီ ဧပြီ ၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အတွင်း မြို့ပေါ်ရပ်ကွက်နေရာအသီးသီး၌ နှစ်သစ်ကူး သင်္ကြန်ကာလအတွင်း မှုခင်းများ လျော့နည်းပပျောက်စေရေးအတွက် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း၏ ဦးဆောင်မှုနှင့်အတူ သိမ်ဆိပ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သိုက်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ ညမရွေး အချိန်ပြည့် အသိပညာပေး စစ်ဆေးအရေးယူဆောင်ရွက်နေမှုများအား ဧပြီ ၇ ရက် ည ၁၀ နာရီက ဆောင်ရွက်နေကြောင်း သိရသည်။ **(အောက်ပုံ)**

မှုခင်းများဖြစ်ပေါ်လာနိုင်သည့် နေရာများ၊ လမ်းဆုံလမ်းခွများတွင် ရှောင်တခင်စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ မလိုက်နာသူများအား အရေးယူဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးခြင်းများအား နေ့ညဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် လူငယ်များ မူးယစ်သောက်စားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ မလိုက်နာမှုများကို အထူးအလေးထား၍ အသိပညာပေးဆောင်ရွက်နေကြောင်း၊ ဖမ်းဆီးအရေးယူမှုများလည်းရှိကြောင်း၊ ဧပြီ ၅ ရက်မှ စတင်၍ နေ့စဉ် မှုခင်းများကျဆင်းစေရေးအတွက် ဥပဒေကို မလိုက်နာသူများအား တိုးမြှင့်စစ်ဆေး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိမ်ဆိပ်နယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ခွန်(ဝင်းပ)**



# ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ ဒလမြို့နယ် ရပ်ကွက်များသို့ ရေလှူဒါန်း

**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်၌ သောက်ရေ သုံးရေအခက်အခဲရှိသော တပင်ရွှေထီးရပ်ကွက်နှင့် ၁၁/၁၄ ရပ်ကွက်သို့ ရေဂါလန် ၂၀၀၀ ဆံ့ Water Tank Truck ယာဉ်တစ်စီး၊ ဂါလန် ၁၂၀၀ ဆံ့ ရေဘောက်ဆာယာဉ်သုံးစီး၊ သောက်ရေသန့် ငါးလီတာဝင် ဘူး ၂၅၀ ဖောကားနှစ်စီး၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် သုံးရေများနှင့် သောက်ရေသန့်ဘူးများ သွားရောက်လှူဒါန်းခဲ့ကြသည်။



ယင်းသို့ လှူဒါန်းခဲ့ရာတွင် တပင်ရွှေထီးရပ်ကွက်၌ အိမ်ထောင်စုတစ်စုလျှင် သုံးရေ ၁၅ ဂါလန်နှုန်းဖြင့် ရေဂါလန် ၄၄၀၀၊ သောက်ရေသန့်ဘူး ငါးလီတာဝင် ဘူး ၂၈၀နှင့် ၁၁/၁၄ ရပ်ကွက်၌ အိမ်ထောင်စုတစ်စုလျှင် သုံးရေ ၁၅ ဂါလန်နှုန်းဖြင့် ရေဂါလန် ၅၂၀၀၊ သောက်ရေသန့်ဘူး ငါးလီတာဝင် ဘူး ၂၂၀၊ ၂၀ လီတာဝင် ၇၅ ဘူးတို့ကို ဝေငှလှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဟာသင်္ကြန်မဏ္ဍပ်များတည်ဆောက်နေမှု ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဧပြီ ၈**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့တွင်း စည်ကားစွာ ကျင်းပမည့် ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်အတွက် ရေကစားမဏ္ဍပ်များ ဆောက်လုပ်နေမှုနှင့် မြို့တွင်းလမ်းများ တိုးချဲ့ရေးအတွက် ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းရပ် ရပ်ကွက် ပြည်သူ့အားကစားကွင်း၌ ဆောက်လုပ်လျက်ရှိသော တိုင်းရင်းသားရေးရာမဏ္ဍပ်၊ ရှောရပ်ကွက်၌ တည်ဆောက်လျက်ရှိသော ဗဟိုမဏ္ဍပ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်္ကြန်ပွဲတော်အတွင်း လုံခြုံရေးအစီအမံများ စနစ်တကျရှိစေရေးနှင့် အများပြည်သူ အန္တရာယ်ကင်းရှင်းပျော်ရွှင်စွာ ရေကစားနိုင်ရေး ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပေါ်ရှိ သီတာလမ်းသွယ်(၁)နှင့် ပြည်သူ့ဆေးရုံကြီးရှေ့၌ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းတိုးချဲ့မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းရပ်ကွက်၌ မြဋ္ဌသာ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိ သည့် ကားကြီးကွင်းအတွင်း ကားဂိတ်အဆောက်အအုံ၊ စားသောက်ဆိုင်ခန်းများနှင့် ကွန်ကရစ်လမ်းများ တည်ဆောက်မှုအခြေအနေ၊ သခင်နက်ဖေလမ်းမီးပွိုင့်ရှိ ဆောက်လုပ်ရေးကုမ္ပဏီများ၏ စုပေါင်းရေသဘင်မဏ္ဍပ် တည်ဆောက်နေမှု၊ သခင်နက်ဖေလမ်း၌ လမ်းဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်လျက်ရှိသည့် နိုင်လွန်ကတ္တရာလမ်းနှင့် ကွန်ကရစ်ပလက်ဖောင်း ခင်းကျင်းနေမှုနှင့် ဆမားလမ်း တိုးချဲ့နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(ပြည်နယ် ပြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း ရန်ကုန်-ရေး -ထားဝယ် ရထားခရီးစဉ်ကို ပုံမှန်အတိုင်း ပြေးဆွဲ

**ရန်ကုန် ဧပြီ ၈**

လာမည့် မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် မြန်မာ့မီးရထားမှ ပြေးဆွဲလျက်ရှိနေသော ရန်ကုန်-ရေး -ထားဝယ် တိုက်ရိုက်ခရီးစဉ်ကို ယခင်ပုံမှန်ခရီးစဉ်အတိုင်း ဆက်လက်ပြေးဆွဲသွားရန်ရှိကြောင်း မွန်ပြည်နယ်ရေးမြို့ ဘူတာရုံ ရုံပိုင်တာဝန်ခံ ဦးအေးအောင်စိုးက ပြောသည်။

အဆိုပါ ရထားခရီးစဉ်မှာ လက်ရှိ တစ်နေ့လျှင် ပျမ်းမျှခရီးသည် ၂၀၀ ဝန်းကျင်ခန့်အထိဖြစ်ရာ ယခင်မတ်လကထက် ခရီးသည် ၇၀ အထိ ပိုမိုများပြားလာလျက်ရှိကြောင်း၊ ငါးခြောက်ငါးရေခဲစိမ်ကုန်စည်မှာ ပုံမှန်အတိုင်း တင်ပို့ပေးနေရကြောင်း ၎င်းကဆက်လက်ပြောပြသည်။

ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြည်သူ့ဆက်ဆံရေးဘာသာရပ်နှင့်အညီ လက်မှတ်ခနှုန်းထားများကို သတ်မှတ်ထားသော နှုန်းထားများအတိုင်း ဆက်လက် ရောင်းချသွားမည်ဖြစ်ကြောင်း၊ ရန်ကုန် - ရေး - ထားဝယ် ရထားတိုက်ရိုက်ခရီးစဉ်အပြင် ရေး-မော်လမြိုင် လူစီးကုန်တင်ရထားကိုလည်း ယခင် ပုံမှန်ခရီးစဉ်အတိုင်း ပြေးဆွဲရန်ရှိပြီး အဆင့်မြင့် မှန်လုံယာဉ်လိုင်းများဖြစ်သော ရန်ကုန်-ရေး တိုက်ရိုက်ခရီးစဉ်များတွင် ရွှေစင်စကြာ၊ ရွှေပြည်စိုး၊ သန်မြန်သူ၊ အာကာမင်း၊ ရွှေပျံလွှား၊ အောင်ကျော်မိုး ယူနီဗာဆယ်၊ ရတနာ မှန်လုံယာဉ်လိုင်းများမှာ ဧပြီ ၁၁ ရက်တွင် နောက်ဆုံးထား ပြေးဆွဲသွားရန်ရှိကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# မြေယာလျော်ကြေးငွေပေးအပ်ပွဲ ကျင်းပ

**ခန္တီး ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဆင်သေ-လဟယ်လမ်းအထူးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ချင်းတွင်းတံတား(ခန္တီး) ချဉ်းကပ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတွင် ချဉ်းကပ်လမ်းတစ်လျှောက် မလွတ်သောမြေပိုင်ရှင်များအား မြေယာလျော်ကြေးပေးအပ်ပွဲကို ဧပြီ ၇ ရက်က ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး မြေယာလျော်ကြေးအဖြစ် မြေတစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ နှုန်းနှင့် စားပင်သီးနှံ ပင်များအတွက် အမျိုးအစားအလိုက် ဒေသပေါက်စျေးနှုန်းဖြင့် နစ်နာကြေး ပေးအပ်ခဲ့ကြောင်းသိရသည်။ **ချန်လော**

# သုံးခွမြို့နယ်တွင် ညောင်နီကျေးရွာချောင်းကူးတံတားတည်ဆောက်ရန် မြေသားစမ်းသပ်စစ်ဆေး



**သုံးခွ ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ သွားလာရေး အဆင်ပြေစေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ညောင်နီကျေးရွာ၌ ဆောင်ရွက်ရန် လျာထားသည့် အရှည်ပေ ၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ညောင်နီကျေးရွာချောင်းကူးကွန်ကရစ်တံတားတည်ဆောက်မည့် မြေနေရာကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာနှင့် ဝန်ထမ်းများက မြေသားစမ်းသပ်စစ်ဆေးခြင်းကို ဧပြီလပထမပတ်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် တောင်ပို့သာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးကျော်ဇင်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ ဧပြီလပထမပတ်က ငှက်ဖျားရောဂါကင်းဝေးရေးစီမံချက်အရ ထုံးဘိုကျေးရွာ၌ ဆေးရည်စိမ်ခြင်ထောင်များ ဖြန့်ဝေပေးစဉ် တင်စိုးလွင်(ပြန်/ဆက်)

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဧပြီ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၉ စီး၊ သွင်းကုန် ၈၀၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၈၃ စီးတို့မှာ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၆၂၀၄ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂၉၇၆ သန်းခန့် စုစုပေါင်း ၁၂ မှုခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄ ဒသမ ၉၁၈၀ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၇ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီး မိုင်တိုင်အမှတ် (၁၉၅)မိုင် အနီးတွင်ပါဂျဲရိုးနှင့် တိုယိုတာဆပ်ဖ်ယာဉ်နှစ်စီး မသင်္ကာဖွယ်ရပ်တန့်ထားကြောင်း သတင်းရရှိ၍ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်/ တမလန်း ခါးရွေသစ် ၇၅ တုံး ၂ ဒသမ ၂၀၆၈ တန်ခန့်နှင့် သယ်ဆောင်သည့် ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၆၂၀၄ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှေ့ ကားပါကင်၌ သေနတ်ဖြင့် ပစ်ခတ်မှုတွင် ပူးပေါင်းပါဝင်ခဲ့သူ တရားခံပြေး အောင်ဝင်းခိုင်အား INTERPOL က အနီရောင်ကြေညာချက် ထုတ်ပြန်ထားရှိ



**နေပြည်တော်  ဧပြီ  ၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်ဂိတ်(၆)ရှေ့၌ ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းက တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ကြည်လင်းက သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သဖြင့် မင်္ဂလာဒုံမြို့မရဲစခန်း(ပ)၁၅၀/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

စစ်ဆေးချက်များအရ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ခဲ့သူ တရားခံပြေး အောင်ဝင်းခိုင်(၄၅)နှစ် (ဝဲပုံ)(ဘ)ဦးအောင်သန်းသည် အမှုမှထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ၎င်းအားဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရုံး (INTERPOL)နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ဧပြီ ၇ ရက်တွင် INTERPOL က ၎င်းအားအနီရောင်ကြေညာချက် (Red Notice) တရားဝင်ထုတ်ပြန်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ပျဉ်းမနားအချုပ်ထောင်မှ အချုပ်သားနှစ်ဦး ထွက်ပြေး

**နေပြည်တော်  ဧပြီ  ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့မရဲစခန်းအနီးရှိ ပျဉ်းမနားအချုပ်ထောင်မှ အချုပ်သားထွက်ပြေးလွတ်မြောက်မှု ဧပြီ ၈ ရက် နံနက်က ဖြစ်ပွားခဲ့ကြောင်း ပျဉ်းမနားမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အချုပ်ထောင်အတွင်း အချုပ်တရားခံများ ချုပ်ထားရာမှ သန့်ရှင်းရေးလုပ်ရန် အချုပ်ခန်းအမှတ် (၇)မှ တရားခံ ငွေသိန်း(ခ)ညီညီနှင့် ဝင်းထိုက်ကျော်၊ အချုပ်ခန်းအမှတ် (၈) မှ တရားခံ ပြည့်ဖြိုးအောင်နှင့် မြင့်လွင်တို့အား သန့်ရှင်းရေးလုပ်ခိုင်းပြီး အချုပ်ခန်းအမှတ်(၈)မှ တရားခံ ပြည့်ဖြိုးအောင်နှင့် မြင့်လွင်တို့အား အချုပ်ခန်းအတွင်းပြန်ထည့်ခဲ့ပြီး အချုပ်ခန်းအမှတ် (၇) မှ တရားခံ ငွေသိန်း (ခ)ညီညီနှင့် ဝင်းထိုက်ကျော်တို့နှစ်ဦးအား ပြန်ထည့်မည်လုပ်စဉ် ၎င်းတို့ နှစ်ဦးအားမတွေ့ရှိသဖြင့် အမှတ် (၇)အချုပ်ခန်းအား ပြန်လည်စစ်ဆေးရာ တရားခံ ငွေသိန်း (ခ)ညီညီနှင့် ဝင်းထိုက်ကျော်တို့နှစ်ဦး ပျောက်ဆုံးကြောင်းသိရသဖြင့် လိုက်လံရှာဖွေရာ တရားခံ ငွေသိန်း (ခ)ညီညီ နှင့် ဝင်းထိုက်ကျော်တို့နှစ်ဦးမှာ ဆောက်လုပ်ဆဲ အချုပ်ခန်းအသစ်အုတ်နံရံမှတစ်ဆင့် အချုပ်ထောင်အဟောင်း ခေါင်မိုးပေါ်သို့ တက်ရောက်ထွက်ပြေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထွက်ပြေးလွတ်မြောက်သူ အချုပ်သား နှစ်ဦးအား ပြန်လည်ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ချိတ်ဆက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**သူရိန်ထွန်း**

# ရေးမြို့နယ် ပင်လယ်ပြင် ငါးဖမ်းစက်လှေပေါ်၌ မီးလောင်မှုဖြစ်ပွား

**ရေး  ဧပြီ  ၈**

မွန်ပြည်နယ် ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု အဘော်ကျွားတန်းရှိ ချောင်းထဲတွင် အဘော်ကျွားတန်းနေ ဦးသိန်းစိုး ပိုင်ဆိုင်သော ပင်လယ်ငါးဖမ်းငါးသယ်လှေ၌ ဧပြီ ၈ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုမှာ ငါးဖမ်းငါးသယ်လှေကို ပြန်လည်ပြုပြင်ရန် ရပ်တန့်ထားစဉ် လှေပေါ်တွင် ညစောင့်အဖြစ်ထားရှိသည့် ရေလုပ်သားသန့်ဇင်သည် လှေပေါ်၌ ဆေးလိပ်သောက်ပြီးနောက် လှေ၏ပေါင်းမိုးတွင် မီးညှိထားသောဆေးလိပ်တိုကို ထိုးထားရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါမီးလောင်မှုကြောင့် လူထိခိုက်မှုမရှိကြောင်း၊ မီးကိုပေါ့ဆစွာအသုံးပြုသူ သန့်ဇင်ကို ရေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**

# ကလောမြို့နယ်တွင် ငွေကျပ်သိန်းပေါင်း ၁၁၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော်  ဧပြီ  ၈**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၇ ရက်က ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည် သွားကားလမ်းမပေါ်တွင် မောင်မောင်မြင့် မောင်းနှင်ပြီး ပြည့်ဖြိုးဝင်း လိုက်ပါလာသည့် အဲလ်ဖရက်မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ သိန်း (ယင်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၁၀၀၀) သိမ်းဆည်းရမိသည်။ **(ယာပုံ)**



အလားတူ မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်-မန္တလေးသွားကားလမ်း၊ နောင်ချိုမြို့အဝင်တွင် သက်ခိုင်မောင်းနှင်ပြီး ရဲပိုင် လိုက်ပါလာသည့် ဟိုင်းလတ်ဇီဂိုမော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁၀ ခွက်(အလေးချိန် ၁ ဒသမ ၅၉၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် မြန်မာငွေ ၂၃ သိန်းတို့ကိုလည်းကောင်း၊ ဆက်လက်၍ ရွှေလိပ်ပြာ ခရီးသည်တင်ယာဉ်ငယ်အသင်းမှ နစ်ဆန်းဗင်မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄၆ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# လုယက်မှုကျူးလွန်သူ နှစ်ဦးအား အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးက ပြစ်ဒဏ်ချမှတ်

**မန္တလေး  ဧပြီ  ၈**

ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ တရားလိုဒုရဲအုပ် ဝင်းညွန့်အောင်နှင့်အဖွဲ့သည် ၂၁-၁၀-၂၀၁၆ ရက် ည ၁၁ နာရီခွဲက လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ် သင်ပန်းကုန်းရပ်ကွက် ၅၀×၅၁ လမ်းကြား မင်းကြီးရန်နောင်လမ်းနှင့် သမိန်ဗရမ်းလမ်းကြားအရောက်တွင် MSX အမျိုးအစားဆိုင်ကယ်အား နေသူရဦးနှင့် အောင်သိန်းဦးတို့နှစ်ဦး စီးနင်းလာသည်ကိုတွေ့ရှိရသဖြင့် စစ်ဆေးရာ ၎င်းတို့ထံမှ လက်ကိုင်ကြိုးပြတ်နေသည့် အမျိုးသမီး ကျောပိုးအိတ်တစ်လုံးကိုတွေ့ရှိ၍ နေသူရဦးနှင့် အောင်သိန်းဦးတို့နှစ်ဦးအား ရာဇသတ်ကြီးပုဒ်မ-၃၈၂ အရ စွဲဆိုတင်ပို့ခဲ့သည်။

ပြည်ကြီးတံခွန်မြို့နယ်တရားရုံးက ရာဇဝတ်ကြီးမှုအမှတ် - ၈၂၃/၂၀၁၆ ဖြင့် လက်ခံစစ်ဆေးခဲ့ရာ ဒေါ်မေဖြိုးဇင်လတ်သည် ၂၁-၁၀-၂၀၁၆ ရက်က မနှင်းဝတ်ရည်အောင်နှင့်အတူ အလုပ်မှ ဆိုင်ကယ် မောင်းနှင်ပြီး ပြန်လာစဉ် မနော်ဟရီ ရထားသံလမ်းကူးအရောက်တွင် နေသူရဦးနှင့် အောင်သိန်းဦးတို့က ဆိုင်ကယ်ဖြင့်ရောက်လာကာ ဒေါ်မေဖြိုးဇင်လတ်၏ ကျောပိုးအိတ်ကိုလုယူ၍ ထွက်ပြေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဧပြီ ၇ ရက်တွင် နေသူရဦးနှင့်အောင်သိန်းဦး(ခ) ကုလားတို့ အပေါ် ရာဇသတ်ကြီး ပုဒ်မ-၃၈၂ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ ကျခံစေရန် မြို့နယ်တရားသူကြီးက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

၁။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်အောက်ရှိ မီးသတ်စခန်းအသီးသီးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးသတ်စခန်းဆောက်လုပ်ခြင်း (သံကူကွန်ကရစ်) (၆၅×၅၂×၂၆)ပေ (၂)ထပ် (၃)လုံး
(ခ) (၄)ခန်းတွဲ(၃)ထပ် ဝန်ထမ်းနေအိမ် (သံကူကွန်ကရစ်) (၈၀×၃၀) (ရေသန့်/လျှပ်စစ်ပါ) (၁)လုံး
(ဂ) (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းနေအိမ်(သံကူကွန်ကရစ်) (၈၀×၃၀)(ရေသန့်/လျှပ်စစ်ပါ) (၁)လုံး
(ဃ) (၆)ခန်းတွဲ (၃)ထပ် ဝန်ထမ်းနေအိမ်(သံကူကွန်ကရစ်) (၁၂၀×၃၀)(ရေသန့်/လျှပ်စစ်ပါ) (၁)လုံး

၂။ အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို (၁၀-၄-၂၀၁၇)ရက်မှစတင်၍ (ရုံးချိန်အတွင်း) မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၈-၅-၂၀၁၇ ရက်နေ့ ၁၈:၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၁၈-၅-၂၀၁၇ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၏ ၀၂-၆၀၇၄၀၊ ၀၉-၂၀၀၀၁၅၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၅၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ ၂၄၀၀ စတုရန်းပေအကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ အမှတ် (၅)ဟုခေါ်တွင်သည့်မြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်ပိုင်ဆိုင်သူ ဦးတင့်လွင် ၁၂/ကမရ(နိုင်)၀၄၄၂၅၃ ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာ၍ ရောင်းချသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထွဋ်ဝင်း LL.B အထက်တန်းရှေ့နေ (စဉ်-၃၉၈၈၃)**
**အမှတ် (၅၆)၊ (၁၅၇)လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၂၆၁၇၄၀၅**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

၁။ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန လက်အောက်ရှိ မြို့နယ်များအတွက် အောက်ဖော်ပြပါ မီးသတ်လုပ်ငန်းဆိုင်ရာ ယာဉ်/စက်ပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| က | Hydraulic Resuce Tool | ၈ |
| ခ | မီးသတ်ပိုက်လိပ် | ၂၈၀ |
| ဂ | Casuality Search (2 in 1 Camera/Detector) | ၁ |
| ဃ | Carabiner | ၁၄၀ |
| င | Harness | ၁၄၀ |
| စ | Chain Saw | ၂၈ |
| ဆ | အသက်ကယ်ဘော | ၄၀ |
| ဈ | ပေ ၅၀ ကြိုး | ၂၈ |
| ည | ၁၄ ပေ ကြိုး | ၂၈ |
| ဋ | ပေ ၃၀ ကြိုး | ၂၈ |
| ဌ | ပေ ၁၀၀ ကြိုး | ၂၈ |
| ဍ | Computer | ၂၁ |
| ဎ | Printer | ၂၁ |
| ဏ | မိတ္တူကူးစက် | ၂၈ |
| တ | Fax | ၂၈ |
| ထ | မီးငြိမ်းသတ်ယာဉ် | ၃ |
| ဒ | မီးသတ်ရေယာဉ် | ၅ |

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁၀-၄-၂၀၁၇ ရက်မှစတင်၍ (ရုံးချိန်အတွင်း) မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၈-၅-၂၀၁၇ ရက် ၁၈:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် ၁၉-၅-၂၀၁၇ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၏ ဖုန်း-၀၂-၆၀၇၄၀၊ ၀၉-၂၀၀၀၁၅၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၉၈၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း MGN-၀၉၇၅၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၇၂၇၆ Honda C90 Custom CMS,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင် ၈/မမန(နိုင်)၁၃၂၅၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၅၄၆၈၆ Honda C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိမိကြီး ၉/မနမ(နိုင်)၀၂၆၄၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၇၀၉၂ Toyota Ractis Hatch Back (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူဆွေ ၉/အမဇ(နိုင်)၀၄၁၅၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ခရမ်းလွန်ရောင်ခြည်၊ အသံတိတ်လူသတ်သမားနှင့်မဟာသင်္ကြန်

**ကိုကြီးစိုး(ဆိပ်ကမ်း)၊ဓာတ်ပုံ-ချစ်သမီး**

တန်ခူးလသည် မြန်မာသက္ကရာဇ်နှစ်တစ်နှစ်ကုန်ဆုံး၍ နောက်တစ်နှစ်သို့ကူးပြောင်းသည့်လဖြစ်သည်။ ထို့ကြောင့် အတာကူးသည့် လတန်ခူးတွင် နှစ်ဟောင်းက အညစ်အကြေးများ နှစ်သစ်သို့ ပါမလာရလေအောင် သင်္ကြန်ပွဲတော်ဆင်ယင်ကျင်းပ၍ အတာရေဖြင့် ဆေးကြောသန့်စင်ကြသည်ဟု ဖတ်ခဲ့၊ မှတ်ခဲ့ဖူးသည်။

သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်လိုက်၍ အညစ်အကြေးတို့ ပျောက်မပျောက်ကိုတော့မသိ၊ လူအများစု၏ စိတ်နှလုံးအိမ်မှ စိတ်ဓာတ်အညစ်အကြေးနှင့် တစ်ကိုယ်ကောင်းဆန်သော ညစ်ပတ်ညစ်ထေးမှုများကိုတော့ သင်္ကြန်ရေဆေးရုံမက မီးသတ်ပိုက်နှင့်ထိုးပြီး အင်းလျား၊ ကန်တော်ကြီးရေကုန်အောင်ပက်ချိုးစေဦးတော့ ရေသာကုန်သွားမည် သန့်စင်မည်မဟုတ်ပါ။

မဟာသင်္ကြန်ကာလအတွင်း တိရစ္ဆာန်များအားဘေးမဲ့ပေးခြင်း၊ သက်သတ်လွတ်စားခြင်း၊ ဥပုသ်သီလစောင့်တည်ခြင်း၊ မြန်မာ့ရိုးရာအစားအစာမုန့်များပြုလုပ်ကာ ဘုရားအမှူးပြု၍ ဘုန်းတော်ကြီးများအား ကပ်လှူခြင်း၊ စတုဒိသာဝေမျှကျွေးမွေးခြင်း၊ ဘုရားစေတီကျောင်းကန်များတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ တစ်နှစ်တွင်တစ်လ၊ တစ်လတွင် တစ်ရက်၊ ခက်ခဲစွာပွင့်ဝေသည့်ရွှေရည်လူးသော ပိတောက်ပန်းဝါအား ခူးဆွတ်၍ ဘုရားပန်းကပ်ခြင်း၊ ခေါင်းပေါ်တွင် အမြတ်တနိုးပန်ဆင်၍ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ လှပျိုတို့ အပြိုင်အဆိုင် သင်္ကြန်ယိမ်းကပြဖျော်ဖြေခြင်း၊ ငွေဖလားနှင့် သပြေပန်းဖြင့် ရေပက်ခြင်းတို့သည် ယခုအခါတွင် မြို့ကြီးများ၌ ပပျောက်သလောက်ဖြစ်နေပါပြီ။ မြန်မာ့ယဉ်ကျေးမှု ရိုးရာသင်္ကြန်ဓလေ့များမတွေ့သလောက်ရှားပါးနေပြီဖြစ်သည်။

သဘင်ဂိမှာန် တာသင်္ကြန်ဟုအဆိုရှိခဲ့သည်။ ရွက်ဟောင်းတို့ကြွေ၍ ရွက်သစ်တို့ဝေကြသည့် ထိုကာလတွင် ပူပြင်းသောအရှိန်ကို ဖက်ဆွတ်မိုးဟုခေါ်သည့် သင်္ကြန်မိုးကလည်း မြေသင်းနံ့ကလေးနှင့်အတူ အပူရှိန်ကို သက်သာစေသည်။ လောကမြေပြင်ကို အအေးဓာတ်ဖြင့် လွှမ်းခြုံပေသည်။ အညစ်အဟောင်းကို အသစ်ကောင်းသို့ ပြောင်းစေရန်အလို့ငှာ ရေလောင်းသဘင်ဆင်နွှဲကြသည်။ အတာတန်ခူးကို ကြည်နူးဖွယ်ရာ ဆင်ယင်ကျင်းပကြသည်။ နှစ်ဟောင်းကအဖြစ်အပျက်အတွေ့အကြုံများတွင် ပြုပြင်စရာ၊ ဆင်ခြင်စရာတို့ကို ပြည်သူအများသိရှိအောင် သင်္ကြန်သံချပ်များထိုး၍ ရှုတ်ချသရော်တင်ပြရင်း သင်္ကြန်သရုပ်ကို ပီပြင်စေကြသည်။ လှပျိုဖြူများ၏ ညီညာသော ယိမ်းအကများကို မြင်တွေ့ကြည်မွေ့ကြရသည်။ အကပြိုင်ပွဲများဖြင့် စည်ကားခဲ့ကြသည်။

သို့သော် ယခုခေတ်များသင်္ကြန်ကား ယခင့်ယခင်ခေတ်များကဲ့သို့ မဟုတ်တော့ပေ။ သင်္ကြန်၏အနှစ်သာရပျောက်ဆုံးခဲ့ပြီ။ မိရိုးဖလာဓလေ့ထုံးစံတို့ မတွေ့မမြင်ရတော့။ မြို့ကြီးများတွင် မိန်းကလေး၊ ယောကျ်ားကလေး သရုပ်ပျက်အဝတ်အစားများဝတ်ဆင်၍ အပျော်ကြူးကြသည်။ အမိုးဖွင့်ကားများပေါ်တွင် အမျိုးသမီးများမလုံ့တလုံဝတ်ဆင်၍ မြို့အနှံ့လှည့်လည်အော်ဟစ်ပျော်မြူးကြသည်။ အရက်ဘီယာအလွန်အကျွံသောက်စားမူးယစ်ကခုန်ကြသည်။ အပျော်လွန်၍ ယာဉ်တိုက်မှုများဖြစ်ပြီး ဆေးရုံဆေးခန်းများသို့ ရောက်ကြသည်။ နှစ်ဟောင်းက အညစ်အကြေးသင်္ကြန်ရေဖြင့် ဆေး၍မပျောက်၊ ဆေးရုံများသို့ ရောက်၍ အသက်ပျောက်ကြသည်မှာ သင်္ကြန်ကာလတိုင်း တစ်နှစ်ထက်တစ်နှစ် အရေအတွက် တိုးလာခဲ့သည်။

**ထိုအပူချိန်တွင် ရင်တွင်းအစာအိမ်ထဲရှိ အရက်ဘီယာကြောင့် ပြင်ပအပူချိန်နှင့် အအေးကိုမသိရှိပေ။ အဆက်မပြတ် ဖျန်းပက်လိုက်သည့် ရေပိုက်များ၏ ရေအေးချိန်ကိုလည်း သတိမထားမိ၊ အပူနှင့်အအေး ရုတ်တရက် ထိတွေ့ပေါက်ကွဲခြင်းဖြစ်ပြီး ရုတ်တရက် နှလုံးသွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်း၊ အကြောအခြင်းများ မာကျောတောင့် တင်းပြီး လေဖြတ်ခြင်း (လေသင် တုန်းဖြတ်) တို့ဖြင့် အသက်ဆုံးရှုံးနိုင်**



ယမန်နှစ် မကွေးသင်္ကြန်ပုံရိပ်ကို တွေ့ရစဉ်

မကြာမီ မြန်မာသက္ကရာဇ်(၁၃၇၈)ခုနှစ် မဟာသင်္ကြန်ရောက်လာတော့မည်။ တန်ခူးလမတိုင်ခင် တပေါင်းလတွင်ပင် မြန်မာနိုင်ငံနေရာ တော်တော်များများတွင် နေ့အပူချိန်များ အမြင့်ဆုံးအနေအထားရှိနေပြီး "ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်း" အနေအထားများမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)တို့မှာ အမြင့်ဆုံးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ လွန်ကဲအဆင့်ဖြစ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်း (၁၁) အထက်သို့ မြင့်တက်နေသော ယခုနွေရာသီမဟာသင်္ကြန်၌ ပူပြင်းသော နေအပူချိန်အောက်တွင် လူငယ်မောင်မယ်များ ရေကစားရင်း ပျော်မြူးကြပေဦးမည်။ ယမကာအရှိန်ဖြင့် ပြင်ပအပူကိုလည်း မသိ၊ အသက်အန္တရာယ်ကိုလည်း ဂရုမပြု၊ မစိုးရိမ်ကြဘဲ နေပူပူအောက်တွင် သွေးဆူစွာ အော်ဟစ်မြူးတူး၊ ပေါက်ကွဲမြောက်ကြဦးမည်။

အရက်ဘီယာသောက်ထားသူသည် 'အယ်လ်ကိုဟော' အရှိန်ကြောင့် သွေးလည်ပတ်မှုမြန်ဆန်နေပြီး သွေးဆူစေမည်၊ အပူချိန်မြင့် တက်နေမည်။ ထိုအပူချိန်တွင် ရင်တွင်းအစာအိမ်ထဲရှိ အရက်ဘီယာကြောင့် ပြင်ပအပူချိန်နှင့် အအေးကို မသိရှိပေ။ အဆက်မပြတ် ဖျန်းပက်လိုက်သည့် ရေပိုက်များ၏ ရေအေးချိန်ကိုလည်း သတိမထားမိ၊ အပူနှင့်အအေး ရုတ်တရက် ထိတွေ့ပေါက်ကွဲခြင်းဖြစ်ပြီး ရုတ်တရက် နှလုံးသွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်း၊ အကြောအခြင်းများ မာကျောတောင့်တင်းပြီး လေဖြတ်ခြင်း (လေသင်တုန်းဖြတ်)တို့ဖြင့် အသက်ဆုံးရှုံးနိုင်သည်။

နွေရာသီအပူဒဏ်သတိထားရန် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်သတိပေးထားသည်။ "လက်ရှိနွေရာသီမှာ ကျရောက်မယ့် အပူဒဏ်တွေထဲမှာ လူကို အသံတိတ်အန္တရာယ် ပေးနိုင်မယ့် အပူဒဏ်အမျိုးအစားတွေပါတဲ့အတွက် သတိထားရန် လက်ရှိနွေရာသီက ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းအမြင့်ဆုံးအနေအထားကို ရောက်နေတော့ ဒီနှစ်မှာ ကျရောက်တဲ့ အပူဒဏ်အမျိုးအစားလေးမျိုးမှာ လူကို အသံတိတ်အန္တရာယ်ပေးမယ့် အပူဒဏ်အမျိုးအစားလည်း ပါဝင်တယ်"လို့ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ဆိုပါသည်။

"ကြောက်စရာကောင်းတာက ဒီအပူက မသိသာဘူး။ ဘာလို့လဲဆိုတော့ ယင်းကတိုင်းလို့မရဘူး၊ တွက်ယူမှရတာဆိုတော့ တွက်ကြည့်တဲ့လူရှိမှ၊ တွက်တတ်တဲ့လူတွက်မှပဲ ဒီအပူဘယ်လောက်ဆိုးတယ်ဆိုတာ သိရမယ်ပေါ့နော်...၊ ရန်ကုန်မြို့မှာ မနှစ်က ဆရာတွက်ကြည့်တာကတော့ အဲဒီနေ့က အပူချိန် (၃၆)ပဲရှိတယ်။ ဒါပေမယ့် အဲဒီရက်ကရေငွေ့က ၉၄ ရာခိုင်နှုန်းရှိနေတယ်။ ခန္ဓာကိုယ်မှာ လူမသိဘဲ ခံနေရတဲ့ အပူချိန်ကို တွက်ကြည့်လိုက်တော့ ၆၄ လောက်ရှိတယ်။ ၆၄ ဆိုတော့ ဘယ်နည်းနဲ့မှ မခံနိုင်တော့ဘူး။ အဲဒီတော့ heat stress ဖြစ်တာပေါ့...။"

"အသံတိတ်လူသတ်သမားလို့ ပြောလို့ရတဲ့ အပူဒဏ်ဟာ... ခန္ဓာကိုယ်တွင်းခံစားရတဲ့ အပူဒဏ်အပြင် အပြင်လေ အပူနှင့် ရေငွေ့အပူပေါင်းစပ်ပြီး လူခံနိုင်ရည်ထက်ကျော်လွန်တဲ့ အပူမျိုးဖြစ်ပေါ်လာတာပေါ့...။ အဲဒီအပူဒဏ်ဟာ hight heat index ပဲဖြစ်ပါတယ်။"

"လူကိုတခြားအန္တရာယ်ဖြစ်စေနိုင်တဲ့ အပူဒဏ်တွေကတော့ နေ့အပူချိန်စံချိန်တင်မြင့်တက်လာတာတွေ၊ အပူချိန်စံချိန်တစ်အောင်စ မြင့်ပေမယ့် အမြင့်ပိုင်း အပူချိန်နေ့စဉ်ရက်ဆက် ကျရောက်နေတဲ့အတွက် အပူဒဏ် heat stress ခံစားရတာတွေနဲ့ ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းမြင့်မားတာတွေပဲဖြစ်ပါတယ်။ ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းမြင့်တက်တဲ့အချိန်မှာ အကာအကွယ်မဲ့နေမယ်ဆိုရင်တော့ ရောဂါအသေးအဖွဲ့ကစပြီး သားသမီးမရနိုင်တဲ့ အခြေအနေအထိဖြစ်မယ်လို့ ဒေါက်တာထွန်းလွင်က သတိပေးထားပါတယ်။

"နှစ်စဉ်နှစ်တိုင်း အန္တရာယ်ရှိတယ်လို့ သတ်မှတ်ထားတဲ့ ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်း (၁၁) ရဲ့အထက်ကို နှစ်တိုင်းကျော်တယ်။ အချို့နှစ်တွေမှာ (၁၅-၁၆) တွေရှိတယ်။ ဒီနှစ်ဆိုရင် ဒီအပတ်ကစပြီးတော့ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းဟာ "လွန်ကဲတဲ့အဆင့်" ကို စရောက်လာပြီပေါ့နော်။

"ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားတဲ့အခြေအနေမှာ လူဟာအကာအကွယ်မဲ့နေမိရင်ပေါ့.. အထူးသဖြင့် အန္တရာယ်ရှိတဲ့ မွန်းတည့်အချိန်တွေ၊ မွန်းလွဲ ၂ နာရီတို့ အဲဒီလိုအချိန်တွေမှာ နေပူထဲမှာ အကာအကွယ်မပါဘဲနဲ့ သွားလာနေမိသူတွေမှာ ရောင်ခြည်သင့်နိုင်တာပေါ့...။ အနိမ့်ဆုံးအဆင့်ကတော့ အရေပြားလောင်တာပေါ့။ အဲဒီက တစ်ဆင့်မြင့်တက်လာရင်တော့ အရေပြားကင်ဆာဖြစ်တာပေါ့။ နောက်...၊ မျက်လုံးကို ထိမိရင် မျက်စိအမြင်အာရုံ ထိခိုက်မယ်...။ အကြာကြီးထိခိုက်မိရင်တော့ အထိခိုက်ခံရသူဟာ သားသမီးမရနိုင်တဲ့ရောဂါ ဖြစ်နိုင်တယ်" လို့ ဒေါက်တာထွန်းလွင်က သတိပေးပြောကြားထားပါတယ်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း လွန်ကဲအဆင့်ဖြစ်ခြင်းကြောင့် ရေတွင်းရေကန်များ ရေခန်းခြောက်ခြင်း၊ အပူလှိုင်းများတိုက်ခတ်ခြင်း၊ မီးလောင်မှုများ ပိုမိုများပြားလာခြင်း၊ နေအိမ်များ၊ စက်ရုံအလုပ်ရုံများ၊ ဈေးများတွင်တပ်ဆင်အသုံးပြုသည့် သက်တမ်းလွန်ဝိုင်ယာကြိုးများ အရည်ပျော်ပူးကပ်၍ မီးလောင်ခြင်းများဖြစ်ပေါ်နိုင်ခြင်းတို့အပြင် လူ့ခန္ဓာကိုယ်အပူရှိန် မြင့်တက်၍ အပူရှပ်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း နှင့်နှလုံးရောဂါရှိသူများ ဝေဒနာကို ပြင်းထန်စွာခံစားရခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း သက်ဆိုင်ရာပညာရှင်များကလည်း ကြိုတင်သတိပေးမှုများ ဆော်ဩလုပ်ဆောင်လျက်ရှိသည်။

သဘာဝရာသီဥတုဖောက်ပြန်မှုအား ကြိုတင်သိရှိပါက လူသားအားလုံးကြိုတင်ကာကွယ်နည်းမျိုးစုံဖြင့် တုံ့ပြန်ရင်ဆိုင်နိုင်ပါသည်။ ရာသီဥတုနှင့်အညီလိုက်လျောညီထွေစွာ နေထိုင်တတ်ဖို့လိုပါသည်။ ခံနိုင်ရည်စွမ်းအားမည်မျှပင်ရှိစေ အနေအထိုင်၊ အစားအသောက် ဆင်ခြင်၍ ဖြစ်ပေါ်နေသော ရာသီဥတုကို အသိဉာဏ်နှင့်ယှဉ်၍ တုံ့ပြန်ရန်သာဖြစ်သည်။ အရိပ်ရသည့် ဦးထုပ်၊ ထီးများဖြင့်သွားလာခြင်း၊ အပူအစပ်များစားသောက်ခြင်းကို ရှောင်ကြဉ်ခြင်း၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အရိပ်ကောင်းစွာရရှိသည့် နေရာများတွင် နေထိုင်စေခြင်း၊ ပူပြင်းနေချိန်ရေချိုးခြင်းကို ရှောင်ကြဉ်ခြင်း၊ ရေတွင်းရေကန်များ ပတ်လည်တွင် အရိပ်ရသည့် သစ်ပင်ဝါးပင်များ စိုက်ပျိုးထားခြင်းဖြင့် ရေခန်းခြောက်မှုကို ထိန်းသိမ်းနိုင်ခြင်းတို့ဖြစ်သည်။

အပူဒဏ်ခံစားရပါက ကျန်းမာရေးဌာနသို့ မပို့ဆောင်မီ အေးမြပြီး အရိပ်ကောင်းသောနေရာတွင် ထားရှိ၍ ရေဖတ်တိုက်ပေးခြင်းဖြင့် ရှေးဦးပြုစုထားနိုင်ကာ ကျန်းမာရေးဝန်ထမ်းများကလည်း ပြည်သူများထံသို့ အပူဒဏ်နှင့်ပတ်သက်၍ ရှောင်ရန် ဆောင်ရန်များကို သိရှိစေရန် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သထုံခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိက အသိပေးပြောကြားခဲ့သည်။

"ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်း"လွန်ကဲအဆင့်ဖြစ်ပေါ်နေခြင်းကြောင့် အပူရှိန်မြင့်မားနေသည်ကို သိရှိထားပြီးဖြစ်သည့်အတွက် သင်္ကြန်ကာလအတွင်း အရက်ဘီယာအလွန်အကျွံသောက်၍ ရေကစားခြင်းကို ရှောင်ရှားစေချင်ပါသည်။ ပြင်ပအပူရှိန်နှင့်အယ်လ်ကိုဟော အရှိန်ကြောင့် သွေးပေါင်ချိန်တက်ကာ သွေးလည်ပတ်မှုမြန်စေပြီး ပြင်းထန်သော ဝေဒနာခံစားပြီး ဦးနှောက်သွေးကြောပြတ်၍ အသက်ဆုံးနိုင်ပါသည်။ ခန္ဓာကိုယ် ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ဂရုပြု၍ အရက်ဘီယာသောက်စားပျော်ပါးခြင်းကို စည်းကမ်းတကျဖြင့်သာ သောက်ကြစေလိုကြောင်း အသိပေးလိုပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာသင်္ကြန်သည် သင်္ကြန်သံချပ်အဖွဲ့များ၊ အကအလှသဘာဝ ဖျော်ဖြေရေး ယာဉ်များဖြင့် ပြန်လည်အသက်ဝင်ခဲ့ပါပြီ။ ထိုသို့သော မြန်မာ့ ရိုးရာသင်္ကြန်၏ ပြယုဂ်ဖြစ်သည့် ပိတောက်ပန်း၊ အတာရေနှင့် အကအလှသဘာဝနှင့်အတူ နှစ်ဟောင်းက ဆောင်ရွက်ခဲ့သည့်အကြောင်းကိစ္စများအား ပြန်လည်တည့်မတ်ပေးမည့် သင်္ကြန်သံချပ်အဖွဲ့များ၏ အနုပညာဖြင့် တင်ပြသည့် ပြည်သူ့ဆန္ဒများကို ကြည့်ရှုရင်း ၂၀၁၇ ခုနှစ် (မြန်မာသက္ကရာဇ်-၁၃၇၈ ခုနှစ်) မဟာသင်္ကြန်ကို ကျန်းမာပျော်ရွှင်စွာဖြင့် ပါဝင်စီးမျောနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။


HTOO


သကြန်









# ဗန်းစကားပြဿနာ (၇)



## မောင်ခင်မင်(ဓနုဖြူ)

"သဒ္ဒါစည်းကမ်း တိမ်းချော်မှားယွင်းတာဟာလည်း ဗန်းစကားသုံးတာ မသုံးတာထက် ပိုပြီးအရေးကြီးတယ်ကွဲ့။ အရင်အပတ်က စာလုံးပေါင်း သတ်ပုံမှားတဲ့ကိစ္စ ပြောပြီးပြီဆိုတော့ အခု သဒ္ဒါစည်းကမ်း အတိမ်းအချော်အကြောင်း ပြောရဦးမှာပေ့ါ"

"ပြောပြပါ ဘဘ"

"မင်းတို့ သိပြီးသားပါပဲ။ သဒ္ဒါစည်းကမ်းဆိုတာ ဘာသာစကားတစ်ခုကို ဘယ်လို ဖွဲ့စည်းတည်ဆောက်ထားတယ်ဆိုတဲ့ စည်းကမ်းပဲ။ သဒ္ဒါစည်းကမ်းကလည်း သတ်ပုံစည်းကမ်းကိုပဲ ခုတစ်မျိုး တော်တော်ကြာတစ်မျိုး ပြောင်းနေတာ မဟုတ်ဘူးလေ။ ခိုင်မာတဲ့စည်းကမ်းပဲ မဟုတ်လား"

"ဟုတ်ကဲ့၊ သာဓက ကလေးတွေ သိပါရစေဆရာကြီး"

"လွယ်လွယ်ပြောရအောင်။ 'ခွေးက ကြောင်ကို ကိုက်တယ်' ဆိုတဲ့ဝါကျကို 'ခွေးကို ကြောင်က ကိုက်တယ်'လို့ ပြောင်းပြောရင် ဘယ်လို ဖြစ်သွားမလဲ"

"ဟာ ... အဓိပ္ပာယ်ပြောင်းပြန် ဖြစ်သွားမှာပေ့ါ ဘဘ။ ကိုက်တဲ့ကောင်က အကိုက်ခံရတဲ့ ကောင်ဖြစ်၊ အကိုက်ခံရတဲ့ ကောင်က ကိုက်တဲ့ကောင် ဖြစ်ရော"

"အေး ... အဲဒီလို အဓိပ္ပာယ်ပြောင်းသွားတာဟာ ဝါကျထဲက 'က' နဲ့ 'ကို' ဆိုတဲ့ စာလုံးကလေး နှစ်လုံးကို နေရာပြောင်းလိုက်ရုံနဲ့ ဖြစ်သွားတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ကဲ ...'ကြောင် ခွေးကိုက်တယ်' ဆိုရင်ကော"

"အင်း ... ပြောတဲ့လေယူလေသိမ်းကိုလိုက်ပြီး ကြောင်က ခွေးကို ကိုက်တာလည်း ဖြစ်နိုင်တာပဲ၊ ကြောင်ကို ခွေးက ကိုက်တာလည်း ဖြစ်နိုင်တာပဲလို့ ထင်ပါတယ်"

"မသဲမကွဲဖြစ်နေတာပေ့ါ။ 'က' နဲ့ 'ကို' မထည့်တော့ အဓိပ္ပာယ်နှစ်မျိုး ဖြစ်နိုင်တာပေ့ါ။ အဲဒီ နောက်ဆက်ပစ္စည်းတွေကလည်း အရေးကြီးတာပဲလေ"

"ဟုတ်ကဲ့ပါ"

"မြန်မာစကားရဲ့ သဒ္ဒါစည်းကမ်းကို ကတ္တား+ကံ+ကြိယာပုံစံလို့ သတ်မှတ်ကြတယ်။ အင်္ဂလိပ်လို SOV လို့ ခေါ်တယ်။ S+Object+ Verb ပေ့ါ"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်"

"မြန်မာစကားကို ကြိယာနဲ့အဆုံးသတ်တဲ့ ဘာသာစကား Verb Final Language လို့လည်း ခေါ်တယ်။ မြန်မာဝါကျကို ကြိယာနဲ့ အဆုံးသတ်ရတာမို့ ကြိယာဟာ ဝါကျအဆုံးမှာ ရှိရတယ်။ ရှေ့က ပုဒ်တွေကတော့ နေရာအပြောင်းအလဲ လုပ်လို့ရတယ်။ သိပ်မတင်းကျပ်ဘူး"

"အရင်တစ်ခါ ဘဘ သာဓကတွေနဲ့ ပြောဖူးတာ မှတ်မိပါတယ်"

"အေး သားတို့သမီးတို့သိတဲ့ အင်္ဂလိပ်စကားကျတော့ SVO Language လို့ သတ်မှတ်တယ်။ The dog bites the cat ဆိုတဲ့ ဝါကျကို ကြည့်လေ။ မြန်မာစကားနဲ့ကြိယာနေရာချင်း မတူဘူး"

"ဟုတ်ကဲ့ပါ"

"ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာစကားတွေထဲမှာ မြန်မာစကားလို SOV ရော၊ အင်္ဂလိပ်စကားလို SVO ရောရှိတဲ့အပြင် VOS, VSO, OVS, OSV ဆိုတဲ့ ဘာသာစကားတွေလည်း ရှိတယ်ကွဲ့။ သဘောသိအောင်ပြောတာပါ"

"ဒါဆိုရင် ဘာသာစကားတွေဟာ သဒ္ဒါစည်းကမ်းချင်း ကွဲနိုင်တာပေ့ါ"

"ဒါပေ့ါ။ မြန်မာစကားပြောရင်'စားမယ်ထမင်းငါ'လို့မှ မပြောတာ၊ 'ငါထမင်းစားမယ်' လို့ပြောမှ နားလည်မှာလေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ချက်ပြောဦးမယ်။ မြန်မာစကားမှာ ဝါကျထဲက စကားလုံးတွေရဲ့နေရာဟာ အရေးကြီးတယ်။ နေရာကိုလိုက်ပြီး ပြုလုပ်သူလား၊ ပြုလုပ်ခံရသူလား စသည်ဖြင့် ကွဲပြားတယ်။ 'ကို' တို့၊ 'က' တို့ နောက်ဆက်ပစ္စည်းတွေလည်း အရေးကြီးတာပေ့ါ။ 'ဖြူဖြူက နီနီကိုကြည့်တယ်' ဆိုတဲ့ ဝါကျနဲ့ 'နီနီက ဖြူဖြူကို ကြည့်တယ်'ဆိုတဲ့ ဝါကျအဓိပ္ပာယ်မတူတာဟာ ဝါကျထဲက 'ဖြူဖြူ' နဲ့ 'နီနီ'ရဲ့နေရာကြောင့် မဟုတ်လား"

> **သဒ္ဒါစနစ်ဟာ ဘာသာစကားအသီးသီးမှာ ခိုင်ခိုင်မာမာရှိတာမို့ အတိမ်းအချော်ဖြစ်ရင် စောစောက ပြောသလို အဓိပ္ပာယ်ပြောင်းပြန် ဖြစ်သွားတာမျိုးကအစ အဓိပ္ပာယ် မသဲမကွဲဖြစ်တာမျိုးအထိ ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ဂရုစိုက်ဖို့ လိုတယ်**

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ မြန်မာစကားမှာ စကားလုံးတွေကို ဝါကျထဲက နေရာအရ၊ နောက်ကတွဲတဲ့ နောက်ဆက်ပစ္စည်းအရ သဒ္ဒါတာဝန် သတ်မှတ်တာလို့ ဆိုရမှာပေ့ါ။ အဲ...တချို့စကားတွေကျတော့ ဒီလိုမဟုတ်ဘူး။ ပါဠိဆိုပါတော့။ ပါဠိစကားမှာ စကားလုံးတွေကို ရုပ်သွင်ပြောင်းပြီး သဒ္ဒါတာဝန်ပါ သတ်မှတ်ပေးတယ်။ 'ဗုဒ္ဓ'ဆိုတဲ့ စကားလုံးကိုပဲ ကြည့်ရအောင်"

"ဟုတ်ကဲ့ပါ"

"ဗုဒ္ဓကို ဝါကျထဲမှာ ဒီအတိုင်းသုံးလို့ မရဘူး မဟုတ်လား။ ရုပ်သွင်တစ်မျိုးမျိုး ပြောင်းရတယ်လေ။ ဘာလဲ၊ ပါဠိတွေ မေ့ကုန်ပြီလား"

"မမေ့ပါဘူး ဘဘ။ ဗုဒ္ဓကို 'ဗုဒ္ဓေါ၊ ဗုဒ္ဓာ၊ ဗုဒ္ဓံ၊ ဗုဒ္ဓဿ ဆိုတာမျိုး ရုပ်သွင်တွေပြောင်းပြီးမှ သုံးလို့ရပါတယ်"

"အေး ဗုဒ္ဓေါဆိုရင် ပြုလုပ်သူပဲ။ 'ဘုရားသည်'လို့ မြန်မာပြန်ရတယ်"

'ဗုဒ္ဓာ' ဆိုရင် ဘုရားတို့သည်ပေ့ါ။ အများပြတာပေ့ါ။ 'ဗုဒ္ဓံ' ဆိုရင် ပြုလုပ်ခံရသူ၊ 'ဘုရားကို' ပေ့ါ။ 'ဗုဒ္ဓဿ' ဆိုရင် ဘုရားပေ့ါ။ ပိုင်ဆိုင်သူပေ့ါ။ ဒီတော့ စကားလုံးတစ်လုံးကို ရုပ်ပြောင်းလိုက်တာနဲ့ သဒ္ဒါတာဝန်ပါ သတ်မှတ်ပြီးသား ဖြစ်သွားတဲ့အတွက် ဝါကျထဲမှာ ဘယ်နေရာမှာထားထား၊ အဲဒီသဒ္ဒါတာဝန် မပြောင်းဘူးလေ။

'ဗုဒ္ဓံသရဏံ ဂစ္ဆာမိ'လို့ရေးရေး၊ 'သရဏံ ဂစ္ဆာမိ ဗုဒ္ဓံ' လို့ရေးရေး 'ဘုရားကို' ဆိုတဲ့ အဓိပ္ပာယ်ပြောင်းမသွားဘူးလေ။ ဒီဘာသာစကားမျိုးက စကားလုံးကို ရုပ်သွင်ပြောင်းပြီး သဒ္ဒါတာဝန်သတ်မှတ်တဲ့ ဘာသာစကားပုဒ် ဝါကျထဲက နေရာက အရေးမကြီးဘူး။ ဘယ်နေရာနေနေ သဒ္ဒါတာဝန်မပြောင်းလဲဘူး။ ဒါက ဘာသာစကားတွေမှာ သဒ္ဒါစည်းကမ်းအမျိုးမျိုး ရှိတာကိုသိသာရုံ ပြောတာပါ"

"မှတ်ထားပါ့မယ် ဆရာကြီး"

"သဒ္ဒါစနစ်ဟာ ဘာသာစကားအသီးသီးမှာ ခိုင်ခိုင်မာမာရှိတာမို့ အတိမ်းအချော်ဖြစ်ရင် စောစောက ပြောသလို အဓိပ္ပာယ်ပြောင်းပြန် ဖြစ်သွားတာမျိုးကအစ အဓိပ္ပာယ် မသဲမကွဲဖြစ်တာမျိုးအထိ ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ဂရုစိုက်ဖို့ လိုတယ်လို့ ပြောတာပေ့ါ"

"ဟုတ်ကဲ့ပါ"

"ဒီပြင် ဘာသာစကားတွေရဲ့သဒ္ဒါစည်းကမ်းအကြောင်း ခဏထားပြီး တို့မြန်မာစကားရဲ့ သဒ္ဒါစည်းကမ်းအကြောင်း ပြောကြရအောင်။ အဓိက ပြောချင်တာကတော့ နောက်ဆက်ပစ္စည်းတွေမှာ သဒ္ဒါတာဝန်သတ်မှတ်ချက်တွေရှိတဲ့ အကြောင်းပဲ။ 'က'ဆိုရင် ပြုလုပ်သူကိုဖော်ပြတယ်၊ 'ကို' ဆိုရင် ပြုလုပ်ခံရသူကို ဖော်ပြတယ်၊ 'အား'ဆိုရင် လက်ခံသူကို ဖော်ပြတယ်၊ 'မှ'ဆိုရင် ထွက်ခွာရာကိုဖော်ပြတယ်၊ 'သို့'ဆိုရင် ရှေးရှုရာကို ဖော်ပြတယ် စသည်ဖြင့်ပေ့ါ။ သူ့အဓိပ္ပာယ်နဲ့သူ ရှိနေတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"တစ်ခါ 'မှ' နဲ့ 'အား' က စာသုံးအနေနဲ့ပဲ သုံးတယ်၊ စကားပြောတဲ့အခါ 'မှ' နဲ့ 'အား' ကို ခုပြောတဲ့အဓိပ္ပာယ်တွေနဲ့ မသုံးတော့ဘူးလေ"

"အဲဒါဘာဆိုလိုတာလဲ ဆရာကြီး။ သိပ်မရှင်းလို့ပါ"

"ဩော် ...'မှ' ဟာ ထွက်ခွာရာပြ စကားဆိုပေမယ့် စာသုံးစကားအနေနဲ့ပဲ သုံးတော့တာကို ပြောတာပါ။ ကဲ ... ကျွန်တော်သည် အိမ်မှ ကျောင်းသို့ သွားသည်လို့ ရေးပေမယ့် 'ကျွန်တော် အိမ်မှကျောင်းသို့ သွားတယ်' လို့ပြောသလား"

"မပြောပါဘူး ဆရာကြီး"

" 'အဖေ မန္တလေးမှလာတယ်' လို့ လည်း မပြောဘူး။ ပြောရင်ဘယ်လိုပြောသလဲ"

"အဖေ မန္တလေးက လာတယ်လို့ပဲ ပြောပါတယ်"

"တွေ့ပါတယ် ဆရာ"

"ဒီတော့ 'မှ' ဟာ စာမှာပဲ သုံးတော့တယ်၊ 'အပြောမှာ မသုံးတော့ဘူးဆိုတာ တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် ဆရာ"

" 'က' ကတော့ အပြောမှာလည်းသုံးတယ်၊ အရေးမှာလည်း သုံးတယ်။

"ကျွန်တော် 'အိမ်ကလာတယ်' လို့ပြောရင်လည်း မှန်တယ်။ 'ကျွန်တော် အိမ်ကလာသည်' လို့ ရေးရင်လည်း မှန်တယ်မဟုတ်လား"

" ဟုတ်ကဲ့ပါ"

"စာမှာပဲသုံးတဲ့ အဲဒီ'မှ' ကို အခုအပြောမှာ သုံးနေကြတယ်။ "သုံးတော့လည်း ထွက်ခွာရာပြအနေနဲ့ သုံးတာ မဟုတ်ဘဲ ပြုလုပ်သူအနေနဲ့ သုံးနေကြတယ်"

"ဟုတ်ကဲ့"

" 'ဝန်ကြီးမှ ဆုချီးမြှင့်ပေးပါရန် ပန်ကြားပါတယ်' ဆိုတာမျိုးပေ့ါ။ တကယ်က 'ဝန်ကြီးက ဆုချီးမြှင့်ပေးဖို့ ပန်ကြားပါတယ်' လို့ သုံးရမှာလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ စဉ်းစားကြည့်ပေ့ါ။ 'မှ' က အပြောသုံးလည်း မဟုတ်ဘူး။ ပြုလုပ်သူကိုပြတာလည်း မဟုတ်ဘူး။ ထွက်ခွာရာပဲ ပြတာလေ။ အဲဒါကို ပြုလုပ်သူအနေနဲ့သုံးတော့ ဘယ်လောက် မှားနေသလဲဆိုတာ"

"ဟုတ်ကဲ့ပါ"

" 'တပ်မတော်က လက်နက်ကို သိမ်းဆည်းရမိသည်' လို့ ရေးရမှာကို 'တပ်မတော်မှ လက်နက်ပစ္စည်းကို သိမ်းဆည်းရမိသည်'လို့ 'က'နဲ့ 'မှ' မှားရေးမိတာနဲ့ တပ်မတော်က လက်နက်သိမ်းသူမဟုတ်တော့ဘဲ အသိမ်းခံရသူဖြစ်သွားတာကို ဆရာကြီး ဦးဖေမောင်တင် ထောက်ပြဖူးပါတယ်ကွယ်။ ဆရာတို့လည်း ခဏခဏပြောနေတာပါ"

" 'ကို'နဲ့ 'အား' လည်းမှားသုံးနေကြတာပဲ။ 'အား' က စာထဲမှာပဲ သုံးတယ်။ အပြောမှာ မသုံးတော့ဘူး။ 'ကို' က ပြုလုပ်ခံရတဲ့ ကံပုဒ်ကိုပြတယ်။ ဆရာကြီးသည် စာအုပ်များကို တပည့်များအား 'ဝေ၏' ဆိုတာမျိုးပေ့ါ။ အပြောမှာဆိုရင်တော့ "ဆရာကြီးက တပည့်တွေကို စာအုပ်တွေဝေတယ်' လို့ပြောမှာပေ့ါ။ 'ကို' က လက်ခံပုဒ်လည်းဖြစ်တာပေ့ါ။ အခုတော့ အဲဒီလိုမသုံးဘဲ 'အစည်းအဝေးအား ကျင်းပသည်။ တယ်လီဖုန်းအား ဆက်သည်။ အစီအစဉ်အား ကြေညာသည်။ မေးခွန်းအား ပြောကြားသည် ' ဆိုတာမျိုးတွေ ရေးနေကြတာ အများကြီးပါပဲကွယ်"

"ဟုတ်ပါတယ် ဘဘ၊ သမီးတို့လည်း 'အား' တွေပဲ ဖတ်နေရပါတယ်"

"အဲဒီလို 'က' နေရာမှာ 'မှ' ကမှားသုံးတာ၊ 'ကို' နေရာမှာ 'အား' ကို မှားသုံးတာတွေက သဒ္ဒါစည်းကမ်းတိမ်းချော်တာမို့ တချို့စိုးရိမ်နေတဲ့ဗန်းစကားတွေ သုံးတာထက်ပိုပြီး အန္တရာယ်ကြီးပါတယ်လို့ ဘဘတို့ပြောနေရတာပါ။ ဒီလောက်ဆိုရင်တော့ ဗန်းစကားပြဿနာ ရှင်းလောက်ပါပြီကွယ်"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ် ဆရာကြီး"

# မီးသတ်သမားများတွင် အပူရှိန်ကြောင့် နှလုံးရောဂါပိုမိုဖြစ်ပွားနိုင်ကြောင်း တွေ့ရှိ

## ကလျာမိုးမြင့်

အပူချိန်ပြင်းထန်တဲ့နေရာတွေမှာအလုပ်လုပ်ရတဲ့သူတွေဟာ နှလုံးသွေးကြောရုတ်တရက် ပိတ်ဆို့မှုဝေဒနာပိုမိုခံစားရနိုင်ကြောင်း သုတေသနပညာရှင်တွေကပြောကြားခဲ့ပါတယ်။

မီးသတ်ကယ်ဆယ်ရေးတာဝန်ကို ထမ်းဆောင်နေရသူတွေမှာ နှလုံးရောဂါဟာ ဘာကြောင့် သေဆုံးမှုအများဆုံးဖြစ်စေတဲ့ အကြောင်းရင်းဖြစ်နေရတယ်ဆိုတာကို လေ့လာမှုတွေက ရှင်းပြနိုင်ကြောင်း အီဒင်ဘတ်တက္ကသိုလ်က သုတေသနပညာရှင်များက ပြောကြားခဲ့ပါတယ်။

မီးသတ်ကယ်ဆယ်ရေးသမား တစ်ဦးဖြစ်သူ ဆိုင်မွန်မက်နယ်လီဟာ မူလက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်စွမ်းသူဖြစ်ပြီး မီးသတ်လုပ်ငန်းလုပ်ဆောင်နေစဉ် အသက် ၃၆ နှစ်မှာတော့ နှလုံးရောဂါစတင်ခံစားလာရပါတယ်။ ဆိုင်မွန်ဟာ Essex မှာလည်း ညွှန်ကြားသူတစ်ဦးအဖြစ် အလုပ်လုပ်ခဲ့ပြီး ကုန်ပစ္စည်းသိုလှောင်ရုံထဲမှာ တစ်နေ့လေးကြိမ် မီးမွှေးရလို့ အပူချိန် ၆၀၀ ကနေ ၁၀၀၀ ဒီဂရီဆဲလ်ဆီးယပ်စ်လောက်အထိ နေ့စဉ်ပုံမှန် ထိတွေ့ခဲ့ရပါတယ်။

နေထိုင်မကောင်းစဖြစ်လာချိန်မှာ ဆိုင်မွန်ဟာ အစီရင်ခံစာတစ်စောင်ကို ရေးသားခဲ့ပြီး စားပွဲခုံအောက်မှာ ထည့်ထားခဲ့ပါတယ်။ စာထဲမှာ ရေးသားထားတာက ၎င်းဟာ



အတော်လေး နေထိုင်မကောင်းဖြစ်နေပြီး ဘယ်ဘက်လက်မောင်းက ထုံကျင်နေတယ်။ လက်သည်းတွေကို ကြည့်လိုက်တဲ့အခါမှာ ပုံမှန်မဟုတ်ဘဲ ပြာနှမ်းနေတာကို သိလိုက်ရတယ်။ ရင်ဘတ်အောင့်ပြီး နာကျင်တဲ့ဝေဒနာကိုလည်း စတင်ခံစားလာရတယ်လို့ ဆိုပါတယ်။

ဆိုင်မွန်ကို ကျန်းမာရေးအကြံပေးမှုတွေ ပြုလုပ်နေသူဆရာဝန်က ဆိုင်မွန်ရဲ့သွေးလွှတ်ကြောတွေထဲကတစ်ခုမှာ သွေးခဲနေကြောင်း ပြောကြားခဲ့ပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာမှာ ဆိုင်မွန်ဟာ လန်ဒန်ဆေးရုံကို ပြောင်းရွှေ့လာခဲ့ပါတယ်။

ဆရာဝန်ရဲ့ ပြောကြားချက်အရ သူ့ရဲ့နှလုံးသွေးလွှတ်ကြောတစ်ခုဟာလည်း အနည်းငယ်ကျဉ်းမြောင်းနေပြီး ၊ဒါပေမယ့်အန္တရာယ်မရှိနိုင်ဘူးလို့ ပြောကြားခဲ့ပါတယ်။ ဆရာဝန်က သူအလုပ်လုပ်ခဲ့တဲ့နေရာဟာ အပူချိန်ပြင်းထန်မှုကြောင့် သွေးခဲသွားတာဖြစ်နိုင်တယ် လို့ဆိုပါတယ်။

ဗြိတိန်နိုင်ငံနှလုံးဖောင်ဒေးရှင်း (BHF) က ငွေကြေးထည့်ဝင်ခဲ့တဲ့ နှလုံးရောဂါဖြစ်ပွားမှုဆိုင်ရာသုတေသနပြုလေ့လာမှုကို Circulation ဂျာနယ်ထဲမှာ ပုံနှိပ်ဖော်ပြခဲ့ပါတယ်။ လေ့လာမှုအတွင်းမှာ စကော့တလန် မီးသတ်ကယ်ဆယ်ရေးဝန်ဆောင်မှုအဖွဲ့ကနေ ဆေးလိပ်သောက်သုံးခြင်းမရှိတဲ့ ကျန်းမာသန်စွမ်းသူမီးသတ်တပ်ဖွဲ့ဝင်တွေကိုရွေးထုတ်ခဲ့ပါတယ်။

ရွေးထုတ်ထားတဲ့ မီးသတ်အဖွဲ့ဝင်တွေဟာ နှလုံးစောင့်ကြည့်ကိရိယာ တပ်ဆင်ပြီး နှစ်ထပ်အဆောက်အအုံတစ်ခုမှာ ပြင်းထန်တဲ့အပူရှိန်တွေ ထိတွေ့စေခဲ့ပြီး ကယ်ဆယ်ရေးဆောင်ရွက်စေခြင်းဖြင့် စောင့်ကြည့်လေ့လာမှု လုပ်ခဲ့ပါတယ်။မီးအပူရှိန်နဲ့ ထိတွေ့ပြီးနောက်မှာ စမ်းသပ်ခံမီးသတ်သမားတွေရဲ့ကိုယ်အပူချိန်ဟာ သုံးလေးနာရီကြာမြင့်တဲ့အထိ အပူချိန်မြင့်တက်နေဆဲဖြစ်တာကိုတွေ့ရပါတယ်။

ဒီအခါမှာ သုတေသနအဖွဲ့က အပူရှိန်ကို ခန္ဓာကိုယ်ရဲ့တုန့်ပြန်မှုနဲ့ ချွေးထွက်မှုတွေကြောင့် အရည်ဆုံးရှုံးမှုတွေပေါင်းစပ်ကာ သွေးခဲတာကို ပိုမိုဖြစ်ပွားစေခဲ့ကြောင်း ကောက်ချက်ချခဲ့ကြပါတယ်။

(Health news)

မြန် မာ့ ရိုး ရာ အား က စား

# ကမ္ဘာသို့ထိုးဖောက်ပျံ့နှံ့နိုင်ရေး ဂျပန်နိုင်ငံမှ အခြေပြုစတင်မည့် မြန်မာ့ရိုးရာလက်ဝှေ့ တတိယမြောက်ခရီးစဉ်

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်

ယနေ့ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့နိုင်ငံများသို့ မွေထိုင်းနည်းတူ ထိုးဖောက်ပျံ့နှံ့နိုင်ရေး ကြိုးပမ်းလျက်ရှိရာ ပြည်တွင်းပြည်ပ နိုင်ငံအချို့တို့တွင် အထိုက်အလျောက် အောင်မြင်၍ အရှိန်အဟုန်ရနေပြီဖြစ်သည်။ ရိုးရာလက်ဝှေ့ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရေး ဂျပန်နိုင်ငံကိုခြေကုပ်ယူကာ စတင်အခြေပြုမည်ဖြစ်သော မဟာဗျူဟာစီမံကိန်းကိုမြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ပြည်တွင်းပြည်ပ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ဦးဆောင်ကျင်းပပေးနေသော မြန်မာမီဒီယာဂရု(ပ်)က တတိယမြောက်ခရီးစဉ်အဖြစ် လာမည့် ဧပြီ ၁၈ ရက်တွင် သွားရောက်ကျင်းပတော့မည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ တတိယမြောက်ခရီးစဉ်တွင် တွဲဆိုင်းခုနစ်ဆိုင်း ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ပြီး ပြိုင်ပွဲကြီးကို ဂျပန်နိုင်ငံ တိုကျိုမြို့ခိုလကုအန်အားကစားခန်းမ၌ ဧပြီ၁၈ရက် ဂျပန်ဒေသစံတော်ချိန် ၅ နာရီခွဲ (မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ)တွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ကျင်းပမည့် အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ တတိယမြောက်ခရီးစဉ်ကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ပြီး ဂျပန် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာမီဒီယာဂရု(ပ်)တို့ ဦးဆောင်ကျင်းပခြင်း ဖြစ်သည်။

"အခု ဧပြီ ၁၈ ရက် ဂျပန်နိုင်ငံမှာကျင်းပမယ့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲက တတိယမြောက်ပွဲစဉ် ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို အခုလို စတင်ကျင်းပခဲ့တာကတော့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်က ပထမဆုံးအကြိမ် ကျင်းပခဲ့တာပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၆ ရက်က ဒုတိယအကြိမ် သွားရောက်ကျင်းပခဲ့ပြီး ဒီအကြိမ်က တတိယမြောက် ကျင်းပတာဖြစ်ပါတယ်။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ ဂျပန်နိုင်ငံမှာ သီးသန့်ကျင်းပတာ ဒီတစ်ကြိမ်အပါအဝင် သုံးကြိမ်ရှိပါပြီ။ ဂျပန်နိုင်ငံကို ရိုးရာလက်ဝှေ့သမားတွေအနေနဲ့ အရင်တုန်းကလည်း သွားထိုးကြပါတယ်။ ဒါပေမယ့် တခြားပြိုင်ပွဲတွေမှာ ကြားညှပ်သဘောမျိုးနဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြရတာပါ။ အခုလို မြန်မာ့ရိုးရာလက်ဝှေ့စစ်စစ်ရယ်လို့ တသီးတသန့် မလုပ်ခဲ့ဖူးပါဘူး"ဟု အဆိုပါ လက်ဝှေ့ပြိုင်ပွဲများကို မြန်မာနိုင်ငံဘက်မှ အဓိက တာဝန်ယူစီစဉ်ပေးသည့် ဦးဝဏ္ဏ (မာဂျေ)က ပြောသည်။

ဂျပန်နိုင်ငံတွင် မြန်မာ့ရိုးရာလက်ဝှေ့ကို ယခင်နှစ် အောက်တိုဘာ ၂၇ ရက်က မိတ်ဆက်သည့်အနေဖြင့် ပထမဆုံးအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့သမားများချည်းသာ သွားရောက်ယှဉ်ပြိုင် ထိုးသတ်ခဲ့သည်။ အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဒုတိယအကြိမ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျင်းပသည့် ပြိုင်ပွဲ၌ အိမ်ရှင်ဂျပန်နိုင်ငံအနေဖြင့် တွဲဆိုင်းအားလုံးတွင် ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ လက်သီးဗလာ၊ သတ်ကိုးသတ်နှင့် ခြေလက်၊ ခေါင်းအဆုံး မာဂုဏ်မြင့် တိုက်ခိုက်မှုစွမ်းရည်ကို ဂျပန်နိုင်ငံရှိ ကရာတေးသမား၊ တိုက်ကွမ်ဒိုသမား၊ ကစ်ဘောက်ဆင်သမားများနှင့် K1 အားကစားသမားအဆုံး လာရောက်အားပေးကာ နှစ်သက်သဘောကျသွားကြသည်။ အဆိုပါပြိုင်ပွဲတွင် ဂျပန်နိုင်ငံဆိုင်ရာ K1 အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်တိုင် လာ၍အားပေးခဲ့ကြောင်း သိရသည်။ အခုဆိုလျှင် ဂျပန်နိုင်ငံရှိ ကရာတေးသမား၊ နပန်း၊ ကစ်ဘောက်ဆင်မှအစ ဘက်ပေါင်းစုံမှ ကိုယ်ခံပညာပေါင်းစုံ အားကစားသမားများက မြန်မာ့ရိုးရာလက်ဝှေ့ကို နှစ်သက်သဘောကျသဖြင့် ရိုးရာလက်ဝှေ့သို့ အသွင်ကူးပြောင်းကာ တစိုက်မတ်မတ် လေ့ကျင့်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

တတိယအကြိမ်မြောက်ကျင်းပမည့် ဂျပန်နိုင်ငံ တိုကျိုမြို့ ခိုလကုအန် အားကစားခန်းမတွင် အိမ်ရှင် ဂျပန်၊ မြန်မာ၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံများမှ မွေထိုင်း၊ နပန်း၊ ကရာတေး တိုက်ခိုက်ရေးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယှဉ်ပြိုင်ထိုးသတ်မည့်တွဲဆိုင်းများမှာ အဓိကတွဲဆိုင်းအဖြစ် ၈၀ ကီလိုတန်းတွင် မြန်မာနိုင်ငံ၌ တတိယအကြိမ် လာရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော အဲကမ္ဘောဇအောင်လံဆုရှင် လက်ရှိ မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံ ဒေ့ဗ်လက်ဒပ်(ကနေဒါ)နှင့် ဩစတြေးလျနိုင်ငံသား မွေထိုင်းလက်ဝှေ့ကျော် အက်ဒမ်၊ ၈၀ ကီလိုတန်း ဒုတိယပွဲစဉ်တွင် မြန်မာနိုင်ငံ အလွတ်တန်းချန်ပီယံဟောင်း စောငမန်းနှင့် ဂျပန်နိုင်ငံ ကရာတေးလောကတွင် နာမည်ကြီးနေသော တာရှူဟီကို ကူဘို၊ ၆၉ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့လောက၌ တစ်ဟုန်ထိုး နာမည်ရလာသော ဖျံသွေးနှင့် အန်ရန်နာ(အမေရိကန်)၊ ၆၅ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သားအသည်းတစ်ပွင့်နှင့် ဂျပန်နိုင်ငံမှ ကရာတေးအားကစားသမား ဟီကာယူဟာဆူမီ၊ ၆၀ ကီလိုတန်း ပြိုင်ပွဲများတွင် ဆလိုင်းချမ်းမြေ့ကို (မြန်မာ)နှင့် ဂျပန်နပန်းသမား ဘာကီ၊ ၆၀ ကီလိုတန်း ဒုတိယပွဲစဉ်တွင် မြန်မာနိုင်ငံမှ ကျားဘဟိန်းနှင့် အမေရိကန်နိုင်ငံမှ ကိုဒီမိုဘာလီ၊ ၅၆ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မျိုးဆက်သစ် တက်သစ်စလက်ဝှေ့ကျော် တိမ်တိုက်နှင့် ဂျပန်နိုင်ငံမှ မွေထိုင်းအားကစားသမား ဟာမာမိုတို ကက်ယူတာတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယခုနှစ်တွင် ဂျပန်နိုင်ငံ၌ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာမီဒီယာဂရု(ပ်)တို့ ပူးပေါင်းကာ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို နှစ်လတစ်ကြိမ်ဖြင့် တစ်နှစ်အတွင်း စုစုပေါင်း ခြောက်ပွဲ ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ၊ ဧပြီ၊ ဇွန်၊ ဩဂုတ်၊ အောက်တိုဘာနှင့် ဒီဇင်ဘာလတို့တွင် စီစဉ်ကျင်းပသွားမည်ဖြစ်သည်။ ယခု တတိယအကြိမ်မြောက် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် ရှုံ့ဝင်ကြေးအဖြစ် ဂျပန်ယန်း ၁၀၀၀ မှ ၂၀၀၀၀ အထိ ထိုင်ခုံအဆင့်ပေါ်မူတည်၍ သတ်မှတ်ထားသည်။

> မြန်မာ့ရိုးရာလက်ဝှေ့ လက်သီးဗလာ၊ သတ်ကိုးသတ်နှင့် ခြေ၊ လက်၊ ခေါင်းအဆုံး မာဂုဏ်မြင့် တိုက်ခိုက်မှုစွမ်းရည်ကို ဂျပန်နိုင်ငံ ကရာတေး၊ တိုက်ကွမ်ဒို၊ ကစ်ဘောက်ဆင်သမားများနှင့် K1 အားကစားသမားအဆုံး လာရောက်အားပေးကာ နှစ်သက်သဘောကျ၊ ဂျပန်နိုင်ငံဆိုင်ရာ K1 အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်တိုင် လာရောက်အားပေး

အဆိုပါပွဲကို မြန်မာဘက်မှ ဦးဆောင်စီစဉ်သူ ဦးဝဏ္ဏ (မာဂျေ)က "မြန်မာ့ရိုးရာလက်ဝှေ့က ခုမှ ဂျပန်မှာ မြေစမ်းခရမ်းပျိုး ခြေကုပ်ယူနေတုန်းပဲ ရှိသေးတယ်။ ဂျပန်နိုင်ငံမှာက ရုံကို ကိုယ်တိုင်လာကြည့်တဲ့သူ များသလို Live ပြန်ကြည့်တဲ့သူကလည်း သိန်း၊ သန်းအရေအတွက်လောက်ရှိတယ်။ ကျွန်တော်တို့ဆီမှာနဲ့ ကွာတယ်။ ဒီမှာက ရုပ်သံလိုင်းတွေ တိုက်ရိုက်လွှင့်လို့ပဲဖြစ်ဖြစ်၊ Delay ပြန်လွှင့်လို့ပဲဖြစ်ဖြစ် နိုင်ငံတကာက ရုပ်သံတွေနဲ့ မတူဘူး။ သူတို့ဆီမှာက သတ်မှတ်နှုန်းထားအတိုင်း တိုက်ရိုက်ထုတ်လွှင့်ရင် တိုက်ရိုက်ထုတ်လွှင့်တဲ့ကြေး၊ ပြန်လွှင့်ရင် ပြန်လွှင့်တဲ့ကြေး နှုန်းထားတွေ သတ်မှတ်ထားတာရှိတယ်။ ဂျပန်နိုင်ငံမှာက ဒီလိုလက်ဝှေ့ပွဲတွေကို Live လွှင့်ရင် အခပေးပြီး ကြည့်ကြတယ်။ ပြီးခဲ့တဲ့ ဒုတိယအကြိမ် သွားရောက်ကျင်းပတဲ့ လက်ဝှေ့ပွဲတုန်းကဆို ကမ္ဘာ့နိုင်ငံပေါင်း ၄၁ နိုင်ငံကို Live ထုတ်လွှင့်ပြသခဲ့တယ်"ဟု ပြောကြားသည်။

ဂျပန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၆ ရက်က ဒုတိယအကြိမ် ကျင်းပခဲ့သော မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို Abema Internet TV က ဂျပန်နိုင်ငံတွင် Live လွှင့်ခဲ့ရာ ပြည်သူနှစ်သိန်းနီးပါး ကြည့်ရှုကြပြီး ယင်းပြိုင်ပွဲကို Delay ခုနစ်ကြိမ် ပြန်လွှင့်ပြသခဲ့ရာ ပြည်သူတစ်သန်းကျော် စောင့်ကြည့်ခဲ့ကြောင်း သိရသည်။ ယင်းပွဲတွင် ကမ္ဘာ့နိုင်ငံအများစုသို့ ထုတ်လွှင့်ပြသနေသော Fite internet TV ကလည်း ကိုရီးယား၊ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို၊ ဘရာဇီး၊ ဩစတြေးလျနှင့် ဗြိတိန် အပါအဝင် နိုင်ငံပေါင်း ၄၀ ကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ အဆိုပါ ဒုတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် လက်ရှိဂျပန်အာဏာရပါတီ LDP က ဆုဖလားပေးပို့ခဲ့ပြီး အဆိုပါပါတီအနေဖြင့် ယင်းသို့ဆုဖလားပေးပို့မှုသည် ပထမဆုံးအကြိမ်ဖြစ်ခဲ့သည်။ ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့နိုင်ငံအများစုသို့ ထိုးဖောက်လျက်ရှိရာ ရုရှားပြီးလျှင် ဒုတိယနေရာ၌ ဂျပန်နိုင်ငံမှ စိတ်ဝင်စားမှုများလာပြီး အနာဂတ်တွင် စိတ်ဝင်စားမှုအများဆုံး ပထမနေရာသို့ရောက်လာမည့် အလားအလာကောင်းနေသည်။ ယခုအခါ ဂျပန်နိုင်ငံတွင် လာမည့်ဧပြီ ၁၄ ရက်တွင် ပထမဆုံးအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ အပျော်တမ်းပြိုင်ပွဲကိုလည်း စတင်ကျင်းပတော့မည်ဖြစ်သည်။

ယခု တတိယအကြိမ်ကျင်းပမည့် ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် ဒေ့ဗ်လက်ဒပ်(ကနေဒါ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် အက်ဒမ်(ဩစတြေးလျ)သည် လက်ရှိ မြန်မာပြည် အလွတ်တန်းချန်ပီယံနှင့် အဲကမ္ဘောဇအောင်လံဆုရှင်ဖြစ်သော ဒေ့ဗ်လက်ဒပ်(ကနေဒါ)ကို အနိုင်ရရှိပါက မြန်မာပြည် အလွတ်တန်း ချန်ပီယံဟောင်း စောငမန်းနှင့် လာမည့်ဇွန်လထဲတွင် ဂျပန်နိုင်ငံ၌ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ယင်းတွဲဆိုင်းတွင် ဒေ့ဗ်လက်ဒပ်(ကနေဒါ)က အက်ဒမ်(ဩစတြေးလျ)ကို အနိုင်ရခဲ့ပါက ဒေ့ဗ်အနေဖြင့် စောငမန်းနှင့် ယှဉ်ပြိုင်ထိုးသတ်ရမှာဖြစ်ခြင်းကြောင့် ယခုလာမည့် တတိယအကြိမ်မြောက် ဂျပန်နိုင်ငံ ရိုးရာလက်ဝှေ့ပြိုင်ပွဲခရီးစဉ်တွင် အဓိကတွဲဆိုင်းအဖြစ် ပါဝင်သည့် ဒေ့ဗ်နှင့် အက်ဒမ် ဘယ်သူက အနိုင်ယူကာ စောငမန်းနှင့် တွေ့မည်လဲဆိုသည့် တတိယမြောက် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဂျပန်ခရီးမှ ရလဒ်အဖြေကို ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများ စောင့်မျှော်ကြည့်ရှုရတော့မည် ဖြစ်ပါကြောင်း။ ။



ဒေ့ဗ်လက်ဒပ်(ကနေဒါ)



အက်ဒမ်(ဩစတြေးလျ)



ဒုတိယအကြိမ်မြောက် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ရှမ်းကို(မြန်မာ)နှင့် အိုကူဒါ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်



စောငမန်း(မြန်မာ)



တာရှူဟီကို ကူဘို(ဂျပန်)

ခ ရီး သွား ဆောင်း ပါး

# အညာကျိုက်ထီးရိုးဆီသို့ တစ်ခေါက်...



**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-မောင်ချစ်ကြည်**

ရုတ်တရက် ရွာချလိုက်သောမိုးကြောင့် အနီးရှိ အဆောက်အအုံငယ်တစ်ခုအတွင်း ပြေးဝင်လိုက်ရသည်။ အချိန်အခါမဟုတ်ရွာသောမိုးက ရေသွန်သလို ရွာလိုက်ရာ တောင်ပေါ်တက်ရန် ပြင်ဆင်နေသူအားလုံး မိုးခိုရန် အပြေးအလွှား ဝင်ရောက်လာကြသည်။ မိုးရေစိုသူစို၊ ရွှဲသူရွှဲနှင့်။ မိုးခိုရင်း ရှေးတူရှူ အဝေးသို့ မျှော်ကြည့်လိုက်ရာ ရှမ်းတောင်တန်းများအပေါ်တွင်လည်း မိုးက စွေနေဆဲ။

မိနစ်အနည်းငယ်ခန့်အကြာတွင် မိုးစဲသွားပြီး ပတ်ဝန်းကျင်တစ်ခွင် ထင်ထင်လင်းလင်း ပြန်ဖြစ်လာသည်။ ကျွန်တော်တို့ မိုးခိုရာအဆောက်အအုံမှ ထွက်ခဲ့ကြပြီး တောင်ပေါ်တက်ရန် ပြင်ဆင်ရသည်။ ဗန်းမောက်မြို့သို့ရောက်နေသော ကျွန်တော်တို့ နာမည်ကျော် ဇလုံတောင်ဘုရားကို တက်ရောက်ဖူးမြော်ရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ရာ တောင်ခြေတွင် မိုးနှင့် တိုးနေခြင်းဖြစ်သည်။

ဇလုံတောင် တောင်ခြေတွင် တယ်ပင်ပြန့်စခန်းရှိရာ ခေတ္တနားခိုဆောင်များ ဆောက်လုပ်ထားသဖြင့် ခရီးသွားများအတွက် အခက်အခဲရှိလျှင် အဆင်ပြေလေသည်။ တယ်ပင်ပြန့်စခန်းတွင် ယာဉ်အဝင်အထွက် မောင်းတံဂိတ်ထားရှိသဖြင့် ဘုရားဖူးဆိုင်ကယ်နှင့် မော်တော်ကားများကို ယာဉ်ဝင်ကြေးကောက်ခံလျက်ရှိသည်ကို တွေ့ရသည်။ ကျွန်တော်တို့ မော်တော်ယာဉ်လည်း ယာဉ်ဝင်ကြေးပေးခဲ့ရသည်။ ဘုရားဖူးလာရောက်သည့် ဆိုင်ကယ်နှင့် မော်တော်ယာဉ်များက ပွင့်လင်းရာသီတွင် များကြောင်း သတိပြုမိသည်။

ဇလုံတောင်သည် ဗန်းမောက်မြို့နှင့် ၁၂ မိုင်ကျော် ဝေးသည်ဖြစ်ရာ ကျွန်တော်တို့ မော်တော်ယာဉ်ဖြင့် လာခဲ့ခြင်းဖြစ်ပြီး ဗန်းမောက်မြို့သား ကိုစိုးခိုင်က လိုက်ပို့ပေးခြင်းဖြစ်၍ ကျေးဇူးတင်ရသည်။ ဗန်းမောက်မြို့မှ ထွက်ကတည်းက တောလမ်းတောင်လမ်းဖြစ်ပြီး လမ်းဘေးဝဲယာတစ်လျှောက် ကျေးလက်အိမ်များကို တွေ့ခဲ့ရသလို စိုက်ခင်းအချို့ကိုလည်း တွေ့မြင်ခဲ့ရသည်။ မကြာမီကာလအတွင်း ခရီးသွားဧည့်သည်များ တိုးမြင့်လာမည့်အခြေအနေကို သိရှိနေကြသည့်အတွက် ဇလုံတောင်သွားရာ လမ်းဘေးကပ်လျက် မြေယာများပေါ်တွင် ခြံစည်းရိုးများ ကာရံထားသည်ကို တွေ့ခဲ့ရသည်။



လမ်းတစ်လျှောက်တွင် တောင်ကျချောင်းငယ်တစ်ခုကို ဖြတ်ကျော်ခဲ့ရသလို သဲချောင်းငယ်တစ်ချောင်းကိုလည်း တွေ့မြင်ခဲ့ရသည်။ နွေရာသီမို့လားမသိ၊ ရေကပါးပါးလျလျ စီးဆင်းနေသည်။ တောင်ကျချောင်း အချို့နေရာများတွင် ရွှေကျင်သည့် ဒေသခံများရှိကြောင်း၊ အချို့မှာ အခြားမြို့ရွာများမှ လာရောက်ရွှေကျင်ကြခြင်းဖြစ်ကြောင်း သိရသည်။ ဗန်းမောက်မြို့အနီးဝန်းကျင်တွင် ရွှေတူးဖော်ခြင်းလုပ်ငန်းများ ရှိခဲ့ပြီး ကုမ္ပဏီများက စက်ယန္တရားကြီးများဖြင့် တူးဖော်ခဲ့မှုကြောင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။

ဗန်းမောက်မြို့ အနီးဝန်းကျင်ဒေသတွင် ရွှေတူးဖော်သည့်လုပ်ငန်းများကြောင့် အခြေခံအဆောက်အအုံများ တိုးတက်မှုရှိခဲ့ပြီး ဒေသခံများ ငွေကြေးရရှိမှုနှင့်အတူ လူငယ်အချို့ မူးယစ်သားကောင်များ ဖြစ်ခဲ့ရသည်မှာလည်း ဝမ်းနည်းစရာပင်ဖြစ်သည်။ လူငယ်များ လမ်းမှားမရောက်စေရေး ထိထိရောက်ရောက် ဟန့်တားမှုများ ပြုလုပ်သင့်သည်မှာ အမှန်ပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ကုမ္ပဏီများ ရွှေတူးဖော်မှုမရှိတော့သော်လည်း ဒေသခံများက နေ့စဉ် ဝင်ငွေရှာဖွေသည့်အနေဖြင့် တောင်ကျချောင်း အချို့နေရာများ၌ ရွှေကျင်သည့်လုပ်ငန်းများကို ဝမ်းရေးအတွက် လုပ်ကိုင်နေကြလျက်ရှိကြောင်း သိရသည်။ ဗန်းမောက်မြို့ဝန်းကျင်တွင် ရွှေမှော်များ ရှိနေသည်။

ဗန်းမောက်မြို့အနီးဝန်းကျင် အခြေအနေများအပေါ် အတွေးဝင်နေရာမှ အတွေးစကိုဖြတ်ကာ တောင်ပေါ်တက်ခဲ့ကြသည်။ သဘာဝပတ်ဝန်းကျင်ကို လေ့လာလိုသဖြင့် ဖြည်းဖြည်းချင်း ခြေကျင်တက်ရောက်ခဲ့ရာ ခရီးသွားဘုရားဖူးအချို့လည်း အတူလိုက်ပါလာကြသည်။ လမ်းဘေးဝဲယာတစ်လျှောက်တွင် မိုးရွာပြီးစမို့လားမသိ၊ တောတောင်တစ်ခွင် စိုပြည်လန်းဆန်းကာ ဝင်းပလျက်ရှိနေသည်ကို တွေ့ရသည်။

ဇလုံတောင်က တောတောင်များအလယ်တွင် ထီးထီးတည်ရှိနေရာ အဝေးမှပင် လှမ်းမြင်ရသည်။ အမြင့်ပေ ၃၀၉၀ ရှိသော ဇလုံတောင်နှင့် ဇလုံတောင်ဘုရားအား အညာကျိုက်ထီးရိုးဘုရားဟု တင်စားအမွှမ်းတင်ကြကြောင်း သိရသည်။ မွန်ပြည်နယ် ကျိုက်ထိုမြို့အနီး ကျိုက်ထီးရိုး စေတီတော်ကို ဖူးမြော်ရာတွင်လည်း တောင်တက်လမ်းအတိုင်း တက်ရောက်ဖူးမြော်ရခြင်းနှင့် ဆင်တူနေ၍ တင်စား အမည်ပေးထားခြင်းဖြစ်မည်ဟု တွေးမိသည်။

ဇလုံဆိုသည်မှာ ရှမ်းဘာသာစကားဖြင့် ကြီးမားသောဆင် သို့မဟုတ် ဆင်မင်းဟု အဓိပ္ပာယ်ရသဖြင့် ဆင်မင်းတောင်ဟု မြန်မာလို သိရှိနားလည်ရသည်ဟု ကိုစိုးခိုင်က ပြောပြသည်။ ယခင်က ဇလုံတောင်သို့တက်ရောက်ရန် လမ်းခရီးခက်ခဲကြောင်း၊ ဒေသခံအချို့သာ တက်ရောက်ကြကြောင်း သိရသည်။ ဇလုံတောင်နှင့် စေတီတို့အား အများပြည်သူတို့ လာရောက်ဖူးမြော်နိုင်ရန်နှင့် သာသနာပြုနိုင်ရေးအတွက် လွန်ခဲ့သည့် ၁၉၉၁ ခုနှစ်မှ စတင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဇလုံတောင်သို့ တက်ရောက်ရာ လမ်းကိုလည်း အင်ဂျင်နီယာများက ကုသိုလ်ယူကာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ တဖြည်းဖြည်းနှင့် ခရီးသွားဧည့်သည်များ၊ ဘုရားဖူးများ တစ်နှစ်ထက်တစ်နှစ် လာရောက်ဖူးမြော်ကြရာမှ အမည်ကျော်ကြားလာခဲ့ခြင်းဖြစ်သည်။ ဇလုံတောင်ဝန်းကျင်ဒေသသည် ဇီဝမျိုးစုံ ကြွယ်ဝသည်ဖြစ်ရာ တောတောင်ရေမြေ သဘာဝကိုလည်း တွေ့မြင်ခံစားနိုင်သဖြင့် နှစ်စဉ်ဘုရားဖူးများ သောင်းချီလာရောက်ဖူးမြော်နေကြခြင်းဖြစ်သည်။

ကျွန်တော်တို့ ဇလုံတောင်ခြေရင်းသို့ ရောက်ခဲ့ကြသည်။ ဒေသခံအချို့က ဇလုံမှောက်ထားသကဲ့သို့ တည်ရှိနေသော ပုံသဏ္ဌာန်ကြောင့် ဇလုံတောင်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်ကြောင်းလည်း သိရပြန်သည်။ ရွှေချထားသော အုန်းသီးများကဲ့သို့ လုံးချောစွာ ဖြစ်တည်နေသော ဇလုံတောင်ပေါ်သို့ လက်ကိုင်တန်းကို အားပြုကာ ဖြည်းဖြည်းချင်း တက်ခဲ့ကြသည်။ လှေကားထစ်များကို သေချာစွာ စနစ်တကျ ပြုလုပ်ထားပြီး လက်ကိုင်လက်ရန်းများပါ ပြုလုပ်ပေးထားသဖြင့် စိတ်ထဲမှ သာဓုခေါ်မိသည်။ အလှူရှင်များ၏ စေတနာနှင့် လှူဒါန်းမှု၊ လုပ်ကိုင်ဆောင်ရွက်ပေးမှုတို့မှာ သဒ္ဒါတရားကြီးမားကြောင်း ခံစားမိသည်။

ဘုရားဖူးလာသူအချို့လည်း တက်ရောက်နေကြလျက်ရှိရာ ဆင်းသူ တက်သူများနှင့် စည်ကားလျက်ရှိသည်။ အချို့က အမှတ်တရ ဓာတ်ပုံရိုက်နေကြပြီး အချို့က သဘာဝ တောတောင်ရှုခင်းအလှကို မှတ်တမ်းတင် ဓာတ်ပုံရိုက်နေကြသည်ကို တွေ့ရသည်။ ဇလုံတောင်ဘုရားကို နောက်ခံထားပြီး အုပ်စုလိုက် အမှတ်တရ ဓာတ်ပုံရိုက်နေသူများလည်း ရှိနေသည်။

လှေကားထစ်များအတိုင်း တစ်ထစ်ချင်းတက်ရောက်ခဲ့ရာ ညာဘက် ကျောက်တောင်အလွှာတစ်ခုပေါ်တွင်တည်ထားသော စေတီတော်တစ်ဆူကို ဖူးတွေ့ရသည်။ ရွှေရောင်ဝင်းပနေသော စေတီငယ်မှာ ကြည်ညိုသပ္ပာယ်စရာဖြစ်သည်။ လက်အုပ်ချီဖူးမြော်ပြီး ဆက်တက်ခဲ့ကြသည်။ ဇလုံတောင်စေတီပေါ်အထိ တောင်ခြေမှ ဓာတ်ကြိုးသွယ်တန်းကာ လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ပေးထားသည်ကိုလည်း တွေ့ရသည်။

ကျွန်တော်တို့ ဆက်လက်တက်ရောက်ခဲ့ရာ ဇလုံတောင် ဒုတိယအဆင့်နေရာ ကျောက်လွှာညာဘက်တွင် စေတီငယ်တစ်ဆူ တည်ထားသည်ကို တွေ့မြင်ရပြန်သည်။ စေတီအနီးတွင် နဂါးရုံဗုဒ္ဓဆင်းတုတော်တစ်ဆူကို တည်ထားသလို အတက်အဆင်းလမ်းဝဲဘက် ကျောက်တုံးတစ်တုံးပေါ်၌လည်း အရွယ်အစား အတန်ငယ်ကြီးမားသော နဂါးရုံဗုဒ္ဓဆင်းတုတော်တစ်ဆူ တည်ထားသည်ကို တွေ့မြင်ဖူးမြော်ရသည်။ အတက်အဆင်းလှေကားပေါ်မှရပ်ပြီး ဖူးမြော်လိုက်လျှင် နဂါးရုံဗုဒ္ဓဆင်းတုတော်မှာ လေထဲလွင့်ပျံနေသည့်အလားပင်။

ကျွန်တော်တို့ ဇလုံတောင်ထိပ်ဆီသို့ ဆက်လက်တက်ရောက်ခဲ့ကြသည်။ တောင်ထိပ်သို့တက်ရာလမ်းသည် အချို့နေရာ၌ ကျဉ်းမြောင်းပြီး ကျောက်လွှာချပ်များအကြား ကျဉ်းကျဉ်းကျပ်ကျပ် တက်ရသည်ဖြစ်၍ အသက်အရွယ်ကြီးရင့်သူ အဘိုးအဘွားများအတွက် အခက်အခဲရှိသည်ဟု တွေးမိသည်။ လှေကားထစ်များ ကောင်းမွန်သဖြင့် လူငယ်၊ လူလတ်ပိုင်းများအတွက် ပိုမိုအဆင်ပြေနိုင်သော်လည်း ကျန်းမာရေးကောင်းမွန်သော သက်ကြီးရွယ်အိုအချို့လည်း တက်ရောက်ဖူးမြော်နေကြသည်ကို တွေ့မြင်ရသဖြင့် အံ့သြစိတ်ဖြစ်မိသည်။

ကျွန်တော်တို့ ဇလုံတောင်ထိပ်သို့ ရောက်ခဲ့ကြသည်။ စိမ်းညို့နေသော တောတောင်များအလယ်တွင် လေထဲလွင့်ပျံနေသော ကျောက်တောင်ထိပ်ပေါ် ခေတ္တရပ်ကြည့်ရင်း သီးခြားကမ္ဘာလေးတစ်ခုသို့ ရောက်ရှိနေသလို ခံစားလိုက်ရသည်။ ကောင်းကင်တွင် လွင့်မျောနေသော တိမ်တိုက်အချို့ကိုကြည့်ကာ ပတ်ဝန်းကျင်တစ်ခွင်တွင် တိတ်ဆိတ်ခြင်း၊ လွတ်လပ်ခြင်း၊ လွင့်မျောခြင်း၊ ကင်းလွတ်ခြင်းဆိုသည့် ခံစားချက်များ ဖြစ်ပေါ်နေမိသည်။ ပတ်ဝန်းကျင်သည် တကယ့်ကို ဟင်းလင်းပြင်သဖွယ်။

ကျွန်တော်တို့ အတက်လမ်းထိပ် ဝဲဘက်အခြမ်းရှိ တောင်ထိပ်စွန်းတွင် တည်ထားသော စေတီသို့ သွားခဲ့ကြသည်။ စကြံလျှောက်လမ်းသဖွယ် ပြုလုပ်တည်ဆောက်ထားသော လူသွားလမ်းက သေသပ်ခိုင်ခံ့စွာ ပြုလုပ်ထားခြင်းဖြစ်သည်။ လမ်းတစ်ဖက်တစ်ချက်တွင် အကာအရံများ၊ လက်တန်းများကို စနစ်တကျ ဆောက်လုပ်ထားပြီး ဘုရားဖူးများအတွက် ဘေးအန္တရာယ်မဖြစ်စေရန် သေချာစွာ စီစဉ်စီမံထားသဖြင့် ဘေးကင်းစွာ ဘုရားဖူးမြော်ခွင့် ရရှိစေလျက်ရှိသည်။

အောက်ခြေတွင် စေတီငယ်တစ်ဆူ တည်ထားပြီး အနီးတွင် လိုဏ်ဂူသဖွယ်ရှိကာ အပေါ်ဘက်၌ စေတီတစ်ဆူနှင့် အရံစေတီတော်များ ပါဝင်တည်ထားသည့် စေတီကိုလည်း ဖူးမြော်ကြည်ညိုလိုက်သည်။ အတန်ကြာမျှ ဘုရားရှိခိုး အမျှဝေပြီးနောက် ဇလုံတောင်ဘုရားအကြောင်းကို အတွေးဝင်မိသည်။

ကောဇာသက္ကရာဇ် ၁၂၃ ခုနှစ်၌ ဂေါတမမြတ်စွာဘုရားအား နဂါးမင်းက တရားဟောပြောပေးပါရန် လျှောက်ထားမှုအရ မြတ်စွာဘုရားက ယခုဇလုံတောင်ဟု ခေါ်တွင်နေသည့် ဂေါဒေါပလ္လင်တောင်၌ ခုနစ်ရက်တိုင်တိုင် သီတင်းသုံးပြီး တရားရေအေးအမြိုက်ဆေး တိုက်ကျွေးဟောပြောတော်မူခဲ့ခြင်းဖြစ်သည်။

ထို့နောက် သက္ကရာဇ် ၄၉၂ ခုနှစ်တွင် ရှင်အရဟံမထေရ်က ဤတောင်ပေါ်၌ စေတီတည်ထား ကိုးကွယ်ခဲ့သဖြင့် ဇလုံတောင်စေတီ၏ သက်တမ်းမှာ နှစ်ပေါင်း ၉၀၀ ခန့် ရှိနေပြီဖြစ်ကြောင်း၊ နောက်ပိုင်း စေတီများကို သာသနာနေ ရဟန်းတော်များက တည်ထားခဲ့ကြောင်း သမိုင်းကျောက်စာအရ သိရှိရသည်။ ခေတ်အဆက်ဆက် သာသနာပြုခဲ့ကြသဖြင့် ယခုထက်တိုင် ဖွံ့ဖြိုးတိုးတက်နေခြင်းဖြစ်သည်။

အတွေးကိုဖြတ်ပြီး မတ်တတ်ရပ်ကာ အနီးဝန်းကျင်ကို လေ့လာမိသည်။ ဇလုံတောင်မှာ တောင်မကြီးနှစ်တောင်နှင့် တောင်ငယ်များ ပူးကပ်နေသဖြင့် ဇလုံမှောက်ထားသကဲ့သို့သဏ္ဌာန် တည်ရှိနေသော်လည်း ထူးခြားသောပုံသဏ္ဌာန်နှင့် အသွင်အပြင်ရှိနေသော တောင်တစ်ခုလည်း ဖြစ်သည်။

ဇလုံတောင်ဘုရားက ဗန်းမောက်မြို့အနီးတွင် တည်ရှိပြီး မန္တလေးမြို့နှင့် မိုင် ၂၀၀ ခန့်ဝေးသည့်နေရာ၌ တည်ရှိနေသည်။ အရှေ့ဘက်တွင် မော်လူး၊ နန့်စီအောင်၊ အင်းတော်နှင့် ကသာမြို့တို့ ရှိနေပြီး အနောက်တောင်ဘက်၌ ပင်လည်ဘူးနှင့် ဝန်းသိုမြို့တို့ ရှိနေသည်။ ဇလုံတောင်ထိပ်မှ အရပ်လေးမျက်နှာကိုကြည့်လျှင် မြူတွေဆိုင်းနေသော တောတန်းတောင်စွယ်များက စိမ်းညို့ဝေမှိုင်းလျက်။

ဂေါဒေါပလ္လင် ဇလုံတောင်ထိပ်တွင် အချိန်အတန်ကြာ လေ့လာပြီးနောက် ကျွန်တော်တို့ ပြန်ဆင်းခဲ့ကြသည်။ ဘုရားဖူးလာသူများက တက်ရောက်လာနေကြသည်ကို တွေ့ရသည်။ ထူးထူးခြားခြား သဘာဝအလျောက် ဖြစ်တည်နေသော ဇလုံတောင်က ရေမြေတောတောင် သဘာဝနှင့် စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ ပြည်တွင်းပြည်ပ ခရီးသွားများ၊ ဘုရားဖူးများအတွက် ခရီးစဉ်တစ်ခုဖြစ်ရာ ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးလာမည်ဟု ယုံကြည်နေမိသည်။

တောင်ပေါ်မှ ပြန်ဆင်းလာရာ တောင်ခြေ မရောက်ခင်မှာပင် မိုးသက်လေကတိုက်ခတ်လာပြန်သည်။ တောင်တန်းတောင်စွယ်များဆီသို့ လှမ်းကြည့်လိုက်ရာ အုံ့ဆိုင်းမှုန်မှိုင်းကာ မိုးတွေညို့နေသည်ကို တွေ့ရသည်။ တောင်တန်းတွေအပေါ် မိုးစွေဦးတော့မည်။ ။

# ခါသင်္ကြန်ရောက်ပြီဆိုမှဖြင့်



**မြင့်စိုး (နတလ)**

**ရွှေတန်ခူးလ ××× ဝေဖူးကြ**
**နွေဦးအလှကုံကော်နဲ့ ××× ပန်းပိတောက်ဝါတွေ**
**နှစ်ဆန်းမို့ အချစ်ပန်းတို့**
**ပွင့်လန်းကြပါစေလို့**
**တောင်းဆုပန်ခြွေ**
**နှစ်သစ်ရွှေတံခါးဖွင့်လို့ ကြိုကြမယ်လေ**
**တိုင်းရင်းသားသွေးချင်းတို့ ပျော်တဲ့သင်္ကြန်နွေ**
**မြေပြန့်နဲ့တောင်ပေါ်က တိုင်းရင်းသားဆွေတွေ**
**စိမ်းလန်းတဲ့××× ငြိမ်းချမ်းတဲ့ ××× ကိန်းခန်းနဲ့အတူ**
**မင်္ဂလာယူကြပါလေ×××**
**နေ့သစ်တွေတိုင်းမှာ ပြည်ထောင်စုကြီး**
**အေးချမ်းပါစေ။**
**မြန်မာပြည်အနှံ့အပြားက**
**တိုင်းရင်းသားမျိုးနွယ်စုတွေ ××× မိသားစုတွေ**
**ရေမြေအလိုက်စုပေါင်းနေထိုင် ×××**
**တိုင်းရင်းသားလူမျိုးစုံစွာ**
**အေးအတူပူအမျှ စုစည်းယှက်နွယ် ×××**
**ပြည်ထောင်စုငယ်လေးများသဖွယ်**
**ထူးခြားတဲ့ဝိသေသရှိတဲ့မြန်မာတွေ ×××**
**နှစ်သစ်ကိုကြည်နူးစွာ ပျော်မြူးနိုင်စေ**
**နယ်စပ်ဒေသက×× တိုင်းရင်းသားတွေ**
**တို့အသက်နဲ့ ထပ်တူ ပြည်ထောင်စုကို**
**ချစ်ကြတယ်လေ။**

ဂီတစာဆို အလင်္ကာကျော်စွာ ဟံသာတဦးမြင့်ဇွေ ရေးစပ်သီကုံးပေးထားသော ပြည်ထောင်စုကြီးအေးချမ်းပါစေ အမည်ရှိ သင်္ကြန်သီချင်းကလေးတစ်ပုဒ်။ နှစ်စဉ် တန်ခူးလ ရောက်တိုင်း ပြန်ဖွင့်ကြည့်ရင်း နားထောင်ဖြစ်စမြဲ၊ ထို သီချင်းကိုကြားရတိုင်းလည်း နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကို သတိရတတ်စမြဲ၊ လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်က သူတို့လေးတွေ လှုပ်ရှားသွားလာခဲ့သည့် ရန်ကုန်မြို့ ဘုရင့်နောင် အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အတွင်းရှိ မိမိတို့ဝန်ကြီးဌာနမဏ္ဍပ်ပုံရိပ်များကို ပြန်လည်မြင်ယောင်တတ်စမြဲ ဖြစ်ခဲ့သည်။ ၁၉၉၂-၁၉၉၃ ခုနှစ် မဟာသင်္ကြန်ပွဲတော်မှသည် ၂၀၀၄ခုနှစ် မဟာသင်္ကြန် ပွဲတော် ကာလအထိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကို အလှည့်ကျဖိတ်ကြားခေါ်ယူ၍ ရန်ကုန်မြို့မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲစေခြင်း၊ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင်လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ သင်္ကြန်ပွဲတော်ကာလ၌ တိုင်းရင်းသူများစုပေါင်း၍ ၁၆ ဦးယိမ်း၊ ၂၀ ဦးယိမ်း အဖွဲ့များဖွဲ့ပေးကာ နယ်စပ်ရေးရာဝန်ကြီးဌာန၏ သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ သင်္ကြန်တေးများကို ဂီတစာဆို အလင်္ကာကျော်စွာ ဟံသာတ ဦးမြင့်ဇွေက ပင်တိုင်ရေးဖွဲ့သီကုံးပေးသကဲ့သို့ ဆရာသုခိအောင်(အဘဦးကျော်ဆန်း)၊ ဗိုလ်မှူးမြသန်းစံ(ငြိမ်း)၊ ကေတုဝင်းထွဋ်၊ ရာမဦးအုန်းမောင်တို့ကလည်း ရေးစပ်သီကုံးပေးခဲ့သည်။ တိုင်းရင်းသားမျိုးဆွေ ခါသင်္ကြန်ရေ၊ ရိုးရာအလှ မြန်မာ့သင်္ကြန်၊ ပြည်ထောင်စုအားမာန် သွေးချင်းတို့သင်္ကြန်၊ ပြည်ထောင်စုသားတို့ သင်္ကြန်၊ နွေပိတောက်၊ ပြည်ထောင်စုနှင့် ခါသင်္ကြန်၊ ရာသက်ပန် ပြည်ထောင်စုကြီး အေးချမ်းပါစေနှင့် ရွှေဝါဖူးသင်္ကြန်တေးသီချင်းများဖြစ်ကြသည်။ အဆိုပါ သင်္ကြန်သီချင်းများထဲမှာ ပိတောက်ရနံ့အပြင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ပန်းရနံ့များသင်းပျံ့ထုံမွှမ်းကြိုင်လှောင်နေသည်ကတော့ အမှန်ပင်ဖြစ်၏။ ထိုတေးသီချင်းများဖြင့် သင်္ကြန်ယိမ်းအကများတိုက်ပြီး မိမိတို့နယ်စပ်ရေးရာဝန်ကြီးဌာန သင်္ကြန်မဏ္ဍပ်အပြင် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၊ ပြည်ထဲရေးဝန်ကြီးဌာန မဏ္ဍပ်၊ ဗိုလ်ချုပ်ဈေးမဏ္ဍပ်တို့၌ လှည့်လည် သီဆိုကပြဖျော်ဖြေခဲ့ကြ၏။

တစ်ခုထူးခြားသည်ကတော့ အထက်ပါတေးသီချင်းများနှင့် အကများအပြင် တိုင်းရင်းသားရိုးရာ တေးသီချင်းများနှင့်အကများကိုပါ သီဆိုကပြဖျော်ဖြေခွင့်ရကြသောကြောင့် မိမိတို့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ပြသခွင့်ရရှိခဲ့ကြခြင်းပင်ဖြစ်၏။ တိုင်းရင်းသားရိုးရာတေးသီချင်းများနှင့် အကများထဲမှ ရဝမ်အဇီးလမ် အက၊ လီဆူ ရှာဖဲတာအက၊ ကိုးကန့် တိုင်းရင်းသား တိုင်းရင်းသူများ၏ လက်ဖက်ခူးအက၊ ‘ဝ’ တိုင်းရင်းသား တိုင်းရင်းသူများ၏ စပါးလိပ်ပြာ ပြန်လာပါအက၊ ‘ဝ’ တောင်တန်း ပေါ်က ဗုံမောင်းမြည်ဟိန်းသံအက၊ ‘ဝ’တို့ပျိုမေ ဆံကေသာအက၊ ကယားတိုင်းရင်းသား တိုင်းရင်းသူများ၏ ဆောင်ဒူပါကမ်း အက၊ သာယာလှပ ကယန်းဒေသအက၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၏ ဒုံးယိမ်းအက၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၏ ဝါးညှပ်အကနှင့် ကောက်ရိတ်သိမ်းပွဲ အကများကို ယနေ့တိုင်အမှတ်ရနေဆဲဖြစ်သည်။

ယင်းအပြင် ကိုင်းအီလို ... ကိုင်းအီလို၊ ဝေး . သူငယ်ချင်းတို့ရေ တောင်ယာခုတ်သွားကြပါစို့ ယော်မင်းအီတာဝပ်ရှမ်းကိုင်... ခါးတွေသွေးလို့ တောင်ယာခုတ်ကြပါစို့ဟု အစချီကာ စုပေါင်းတောင်ယာခုတ်ဟန်၊ စိုက်ပျိုးဟန်၊ စပါးများရိတ်သိမ်း နယ်လှေ့ပြီး တပျော်တပါး သယ်ယူကြဟန်တို့ ပါဝင်သော နန်းယွန်း၊ ပန်ဆောင်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူလေးများ၏ ကိုင်းအီလို တေးအက၊ မောင်တောဒေသမှ မြို တိုင်းရင်းသား တိုင်းရင်းသူလေးများ၏ နိန့်ဆာရ်ကျိုးရီပလိုက် တေးအကများသည်လည်း ယနေ့တိုင်ထင်ဟပ်နေသော ကျွန်တော့်နှလုံးသား သင်္ကြန်ပုံရိပ်များထဲမှာ အပါအဝင်ဖြစ်သည်။ မြို ဘာသာစကားအားဖြင့် နိန့်ဆာရ်သည် နှစ်သစ်ဟု အဓိပ္ပာယ်ရကာ ကျိုးရီမှာ ကြိုဆိုလက်ခံခြင်း၊ နှစ်သက်ခြင်းဖြစ်ပြီး ပလိုက် ဆိုသည်ကတော့ အကကို ခေါ်ကြောင်း သိရသည်။ နှစ်သစ်ကိုကြိုဆိုသောအကဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်သာ။

သင်္ကြန်မိုးရေ တန်ခူးလေနှင့်အတူ လွင့်ပျံ့ရင်း ခရီးနှင်နေသော ကျွန်တော့်စိတ်အစဉ်အတိုင်း လိုက်ပါကြည့်မည်ဆိုပါက တစ်ခါတစ်ရံတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ကလေးမှာ နားခိုကောင်းနားခိုနေပါလိမ့်မည်။ တစ်ခါတစ်ရံတွင်မူ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဟိုမိန်းမြို့က နောင်လုံကန်ကြီး အနီးမှာ ဝေ့ကာဝဲကာ ရှိချင်ရှိနေပါလိမ့်မည်။ နယ်စပ်ဒေသ တိုင်းရင်းသား သွေးချင်းများနှင့် မကြာခဏ ရေစက်ဆုံခဲ့ဖူးသော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ လည်းကောင်း၊ ဘုရင့်နောင် အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းဝန်းကျင်၌ လည်းကောင်း ရှိနေမည်မှာလည်း အလွန်သေချာပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာ ထိုဒေသ ထိုပတ်ဝန်းကျင်များတွင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် အေးချမ်းပျော်ရွှင်စွာ အတူတကွလက်တွဲ၍ အတာရေသဘင်ပွဲတော်များကို ဆင်နွှဲခဲ့ဖူးသောကြောင့်ပင်တည်း။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့လေးတွင် ၁၉၉၁ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ထိုစဉ်က တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော PSLA အဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် ဦးအိုက်မုန်း၊ ဦးညီလုံး၊ ဦးလွယ်ဆိုင်၊ ကိုကွီဂျိုး၊ သူတို့တပည့် များဖြစ်သော PSLA လက်နက်ကိုင်တပ်ဖွဲ့ဝင်များအတူ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြဖူးသည်။ မိမိတို့စစ်ဗျူဟာမှူး၊ ဗိုလ်မှူးကြီးစောဘိုးသာနှင့် ထိုစဉ်က ခလရ (၂၃) တွင် တာဝန် ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးကျော်ငြိမ်းတို့ကို သတိရမိသေးတော့။ ယခုတော့ သူတို့ကွယ်လွန်ခဲ့ကြပြီ။

ထိုနည်းတူစွာ နတလကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ၁၉၉၆ခုနှစ်၌ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုမိန်းမြို့ကလေးတွင် အကြွင်းမဲ့လက်နက်စွန့်ခဲ့သည့် ဦးခွန်ဆာ ခေါင်းဆောင်သော MTA အဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် နောင်လုံကန်ကြီးအနီး သင်္ကြန်ကျခဲ့ဖူးသည်ကိုလည်း ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။ ထိုသင်္ကြန်များအားလုံးကို ကျွန်တော်က ငြိမ်းချမ်းရေးသင်္ကြန်များဟု အမြဲတမ်းတင်စားခေါ်ဝေါ်ခဲ့ပါသည်။ အမှန်တကယ်လည်း အေးမြကြည်လင်သော သင်္ကြန်ရေသည် ထိုမြို့ ထိုရွာ၊ ထိုနေရာ၊ ထိုဒေသများကို တည်ငြိမ်အေးချမ်းစေခဲ့ပါသည်။ ထိုဒေသများတွင် နေထိုင်ကြကုန်သော ရဟန်းရှင်လူပြည်သူအပေါင်း၏ နှလုံးစိတ်ဝမ်းကိုလည်း ချမ်းမြေ့ကြည်နူးစေခဲ့ပါသည်။ ရန်ကုန်မြို့၌ ကျင်းပသည့် သင်္ကြန်ပွဲတော်များသို့လည်း တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများကို ဖိတ်ကြားကာ တက်ရောက်စေခြင်းဖြင့် နွေးထွေးသောဆက်ဆံရေးကိုအခြေခံ၍ တစ်ဦးအပေါ် တစ်ဦး ယုံကြည်မှုမြင့်မားစေသော အကျိုးကျေးဇူးများ ရရှိခဲ့သည်ဟု ခံယူမိပါသည်။ ဖိတ်ကြားခေါ်ယူခဲ့သည့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူလေးများအားလုံးကလည်း နိုင်ငံတော်၏ ယဉ်ကျေးမှုသံတမန်များအဖြစ် မိမိတို့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ပြသနိုင်ရုံသာမက ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ခိုင်ခိုင်မာမာတည်ဆောက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းရွက်ခဲ့ကြသည်။

တန်ခူးလေနှင့်အတူ သယ်ဆောင်လာမည့် ပိတောက်ပန်းရနံ့များ မကြာမီသင်းပျံ့မွှေးထုံ လာပေတော့မည်။ အေးမြသော အတာရေစက် ရေပေါက်များနှင့် ထိတွေ့ဖျန်းပက်ကြပါတော့မည်။ သင်္ကြန်အားလုံးသည် ငြိမ်းချမ်းရေးသင်္ကြန်များ ဖြစ်မည်ဆိုပါက မည်မျှကောင်းလိုက်ပါမည်နည်း။ ယနေ့နိုင်ငံတော်အစိုးရကလည်း ပြည်သူများတောင့်တမျှော်လင့်နေသည့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ ပြည်သူနှင့်အတူ ပြည်သူ၏အားကိုယူ၍ ထမ်းဆောင်မည့် နိုင်ငံတော်အစိုးရ၏တာဝန်များထဲတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးသည် အဓိကနေရာမှ ပါဝင်လျက်ရှိသည်။ အောင်မြင်မည်ဟူ၍လည်း အလေးအနက်ယုံကြည်မိပါသည်။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်(သို့မဟုတ်)အရောင်ဖျော့ဖျော့ အဝတ်အထည်များကိုဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာများ၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန**





**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် EE/2095 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/8543, Mazda Alto HB245, (H/B) ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လွင် ၉/တသန(နိုင်)၁၀၈၆၅၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

**မန်နေးဂျင်းဒါရိုက်တာပြောင်းလဲခန့်အပ်ခြင်းကို အများသိစေရန် ကြေညာခြင်း**

ရှင်းဟန်မိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် (Shinhan Microfinance Co.,Ltd)(939 FC 2015-2016)သည် မတ်လ (၂၄) ရက်၊ ၂၀၁၇ ခုနှစ်တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီမန်နေးဂျင်းဒါရိုက်တာ Mr. Kim, Tae Jung ၏ ရာထူးနေရာတွင် Mr. Rha, Sang Yoon ကို ပြောင်းလဲ ခန့်အပ်လိုက်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ရှင်းဟန်မိုက်ခရိုဖိုင်းနန့် (စ်) ကုမ္ပဏီလီမိတက်

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁)၊ ဦးပိုင်အမှတ်(၁၁)၊ ၆၇×၆၈လမ်းကြား၊ ကနောင်×မဂ္ဂရာလမ်းကြားရှိ ဗိုလ်ကြီးသိန်းထွဋ်ဦး အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးဝင်းလွင်ဦး ၁၄/ညတန(နိုင်)၀၀၀၀၁၉ မှ မြေချမ်းမိန့်၊ မြေဖိုး၊ လမ်းဖိုးပြေစာမူရင်းများပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက် အခွန်ပေးသွင်းပြီးငွေသွင်းပြေစာ၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်သစ်၊အမည်ပြောင်းလျှောက်ထားရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

# JUNCTION CITY

# CONGRATULATIONS

## Heartiest congratulations and best wishes from

KONE

Carrier United Technologies

krislite The light that outshines LIGHTING SPECIALIST CO LTD

COUSTIC RCHITECTURE

GREAT FIRE PROTECTION SYSTEM Great Alliance Engineering Supply Co., Ltd

SPP

MASTECH

SCK

NZB ငွေစံပါယ်လှိုင် NGWE ZABAL HLAING COMPANY LIMITED

CFTG Client Focus Technology Group Co., Ltd.

A/A GLOBAL

CENTRAL LPG Piping Development Co.,Ltd.

APQ Asia Power Quality Electric Co.,Ltd.

Constructive Engineers Ltd Air-Conditioning & Mechanical Ventilation

三泰建設(新)私人有限公司 San Tai Construction (S) Pte Ltd 2 Kim Chuan Drive #04-01 CSI Distribution Centre, Singapore 537080 Tel: 6741 3500 Fax: 6741 3050 GST Reg No: 1998-00486-W Co. Reg No: 1998-00486-W

NYLECT NYLECT TECHNOLOGY (Myanmar) LTD. (Turnkey M&E - Design & Build, Project Manangement, Supply & Installation) Contact: 95 1 8551480 / 8566140 Email inquiry.mm@nylect.com

SINMA FURNISHINGS

CS ENGINEERING

Sunlabob Renewable Energy

Wave

FUJI SIGNCRAFTS INDUSTRIES

## on the official opening of Junction City Tower and Junction City Shopping Centre on 31 March 2017

**Corner of Bogyoke Aung San Road and Shwedagon Pagoda Road, Pabedan Township, Yangon. www.junctioncityyangon.com**

YCDC Building Completion Certificate (BCC) : ၁၂၁၆ / အိမ်ယာ / စည်ပင် - ယာ / အုံ(ပုံစံ)

Master Developer

SHWE TAUNG JUNCTION CITY DEVELOPMENT CO., LTD

SHWE TAUNG Real Estate

Keppel Land Thinking Unboxed™

## ဒေါက်တာကျော်စိုး

**M.Econ; D.M.A; M.B.A;Ph.d (Economics)**

ညွှန်ကြားရေးမှူး(ငြိမ်း)

သတင်းအချက်အလက်နည်းပညာနှင့် Cyber လုံခြုံရေးဦးစီးဌာန

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန

ဗဟိုစီးပွားရေးကော်မတီအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ စာရင်းစစ်

လူရည်ချွန် (၁၉၆၄-၁၉၈၈)အဖွဲ့

ဒုတိယဉက္ကဋ္ဌ၊ ဘောဂဗေဒအသင်း

ဒါရိုက်တာ၊ စီးပွားရေးရာဌာန

ရွှေသံလွင်ကုမ္ပဏီလီမိတက်

**Coordinator**

**Myanmar International School (MIS)**

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ရတနာလမ်းသစ်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၂၀၂နေ ဒေါ်ရွှေဇင်ဝါ (လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်း၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၄၃၈နေ ဦးလှနွယ်-ဒေါ်ရင်ရွှေတို့၏သား၊ ဦးမောင်မောင်-(ဒေါ်သန်းသန်းနွယ်)တို့၏သားသမက်၊ Captain သန်းနိုင်-ဒေါ်သန်းသန်းအေး၊ ဦးအောင်ကျော်ဇော၊ ဒေါ်မြတ်သီတာ၊ ဦးယဉ်ထွေး၊ ဒေါ်စန္ဒာရွှေ၊ ဒေါ်သီနွယ်ထွေး၊ ဗိုလ်ကြီးတင်ဆန်းဦး-ဗိုလ်မေလွင်၊ ကိုဝင်းထွဋ်တို့၏အစ်ကို၊ မောင်ဖြိုးနောင်ဝင်း၊ မောင်ထွန်းနောင်ဝင်း၊ မရွှေယမင်း၊ မောင်သုထက်အောင်၊ မထက်သီရိနိုင်၊ မစုယဉ်မွန်ထွေးတို့၏ဘကြီးသည် ၇-၄-၂၀၁၇ရက်(သောကြာနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာကျော်စိုး (စာရေးဆရာ ရွှေနွယ်)

**(Eco-1977)**

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာ၊ တိုက် (၁၁)၊ အခန်း(၂၀၂)နေ ဒေါ်ဆွေဇင်ဝါ (လက်ထောက်အင်ဂျင်နီယာ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ခင်ပွန်း ဒေါက်တာကျော်စိုး (စာရေးဆရာ ရွှေနွယ်) Eco-1977 သည် ၇-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးလှကျော်နှင့်ဇနီး

ဒုတိယဝန်ကြီး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မဏ္ဍပ်၊ရေကန်၊အုတ်တံတိုင်းဒါယိကာမကြီး

## ဒေါ်ညွန့်ရင် အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဝေဇယန္တာအနောက် ၁၂လမ်း၊အမှတ် ၅၉၅နေ ဦးအောင်သန်း(ဆပ်သွား)ဂွမြို့နယ်အသင်း၊ သံတွဲခရိုင်အသင်းတို့၏နာယက၊ ဝံသရက္ခိတ သာရေးနာရေးအသင်းဥက္ကဋ္ဌ၏ဇနီး၊ (ဦးသန်းညွန့်အောင်)၊ (ဦးချစ်ရီ)-ဒေါ်ရီရီမြင့်(တပ်မတော်သဘော်ဆေးစက်ရုံ၊ ငြိမ်း)၊ ဦးမြင့်အောင်-ဒေါ်ဥမ္မာမြင့်၊ ဦးမျိုးဝင်းညွန့်(ဌာနမှူး၊ ငြိမ်း၊ တပ်မတော်သဘော်ဆေးစက်ရုံ)-ဒေါ်သန္တာခင်၊ ဒုရဲမှူးဝင်းမြင့်ထွန်း(လေကြောင်းရဲတပ်ဖွဲ့)-ဒေါ်ခင်ယုမော်တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၇-၄-၂၀၁၇ရက်(သောကြာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) ၄နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဝင်း အသက်(၇၁)နှစ်

**(Edwin Mg Gyi) [ St. Paul ကျောင်းသားဟောင်း) ဆရာလေး**

**(Daily Essential Co.,Director)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ (၆၇) လေးလွှာ(ဝဲ)နေ (ဦးခင်မောင်ကြီး-ဒေါ်ရွှေပု)တို့၏သား၊ ဦးဘသင်း-ဒေါ်ခင်မြတို့၏သားသမက်၊ ဒေါ်လှမြတ်သင်း(Winnie Thin)၏ခင်ပွန်း၊ ဦးကိုကိုကျော်မင်း-ဒေါ်မြတ်သဇင်ညွန့်၊ (မောင်ထူးကျော်-မပန်းအိဆွေ)၊ ဦးအောင်အောင်-ဒေါ်ချိုသဲ၊ မောင်ပြည့်ဖြိုးကျော်၊ မမြတ်မြင့်မိုရ်ဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊[ဒေါ်ခင်ခင်ဝင်း(ခ)Shirle Mg Gyi]၊ ဒေါ်စန်းစန်းဝင်း(Jessie Mg Gyi) (အထက-၄၊ အလုံ၊ အလယ်တန်းပြ၊ ငြိမ်း၊ အပူဇော်ခံဆရာမ)၊ ဦးမြင့်ဆွေ-ဒေါ်ရီရီဝင်း(Irene Gyi)၊ ဦးမောင်မောင်ဝင်း(Robert Mg Gyi)-ဒေါ်ခင်စန္ဒာမြင့်(Austra Lia Sidney)တို့၏အစ်ကိုသည် ၈-၄-၂၀၁၇ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက်(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်သီဟတင်ထွန်း(ခ) ပိုးပိုး အသက်(၂၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ တပ်လမ်း၊ အမှတ် ၁၅နှင့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၂)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ် ၉၆နေ (ဦးတင်ထွန်း)-ဒေါ်ခင်ဦးတို့၏မြေး၊ ဦးဇော်မိုးအောင်-ဒေါ်မင်းမင်းထွန်းတို့၏သား၊ မောင်ရွှေကမ္ဘာပိုင်၊ မအိန္ဒြာသဇင်မင်း၊ မောင်နန္ဒမင်းအောင်တို့၏အစ်ကိုသည် ၇-၄-၂၀၁၇ရက်(သောကြာနေ့)ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၄-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စိန်လှ အသက်(၈၆)နှစ်

(ဦးတင်ဝင်း)၊ (ဒေါ်သိန်းသိန်း)၊ (ဒေါ်ဝင်းမြင့်)တို့၏အစ်မ၊ မောင်သန့်ဇင် - မနှင်းအိအိခိုင်တို့၏ မိခင်သည် ၈-၄-၂၀၁၇ရက်(စနေနေ့)ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ၄လမ်း၊ အမှတ်၂၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ရဟန်းအမကြီး

## ဒေါ်မြသန်း (မင်းလှမြို့)

အသက်(၉၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ဇရစ်ချောင်းကျေးရွာနေ (ဦးပန်းသာ-ဒေါ်ငွေး)တို့၏သမီး၊ မင်းလှမြို့၊ ဇီးကုန်းလေးရပ်ကွက်နေ (ဦးကျော်ဦး)၏ဇနီး၊ ဦးစောလွင်-ဒေါ်မြင့်ရီ၊ ဗိုလ်ကြီးအေးကျော်(ငြိမ်း)-ဒေါ်ခင်မြင့်၊ ဦးဘုန်းအောင်(Ex-C/E)-ဒေါ်ခင်သန်းဝင်း၊ ဦးလှမြင့်(2/O)-ဒေါ်ခင်စိန်းရည်၊ ဦးဝင်းမောင်(2/O OCEAN TANKERS)-ဒေါ်ဝေမီအောင်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၈-၄-၂၀၁၇ရက် နံနက် ၉း၁၅နာရီတွင် မရမ်းကုန်းမြို့နယ်၊ မြဝတ်ရည်လမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ အမှတ်(၃/က)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။[မရမ်းကုန်းမြို့နယ်၊မြဝတ်ရည်လမ်းသွယ်(၂)၊ပါရမီရိပ်သာ၊ အမှတ်(၃/က)နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ငွေအေး (ကျောက်ဖြူမြို့)

အသက်(၉၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဦးဝိစာရလမ်းသွယ်(မြေနီခြံ)၊ အမှတ် ၁၀၄/၃(ပထပ်)နေ (ဦးအောင်တင်) ရွှေပန်းထိမ်ဆရာကြီး၏ဇနီး၊ (ဦးရွှေယဉ်)-ဒေါ်အေးသန်း(ယောဂီ-စမ်းရေဖျားတောရ)၊ ဒေါ်စန်းစန်းရီ(ရခိုင်ပြည်နယ်၊တရားလွှတ်တော်တရားသူကြီး)၊ဒေါ်စန်းစန်းငွေး(လက်ထောက်ခရိုင်ပညာရေးမှူး၊ ကျောက်ဖြူ)၊ ဦးတင်ငွေး(ANP ဗဟိုအလုပ်အမှုဆောင်)-ဒေါ်ခင်မာမြိုင်၊ ဦးဝင်းတင်-ဒေါ်နီလာရွှေ၊ ဒေါ်ထွေးထွေးရီ(ကျောင်းအုပ်ဆရာမကြီး၊ အထက၊ စေတီပြင်၊ ရသေ့တောင်)၊ ဦးတင်အေး-ဒေါ်ခင်ဆွေမြ၊ (ဒေါ်စန်းစန်းအေး-ဦးထွန်းထွန်းလွင်)တို့၏မိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၈-၄-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် ကျောက်ဖြူအသင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဆွေ (ရေစကြို)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ၄ဝါလမ်း၊ အမှတ် ၂၁၃နေ [ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း)၊ စက်မှု(၁) ဒုဝန်ကြီး(ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဒေါက်တာသက်နိုင်-ဒေါက်တာမိုးမိုးကျော်၊ ဗိုလ်မှူးမြတ်ထွန်းကျော်(ငြိမ်း)ညွှန်ကြားရေးမှူး၊(ကညန၊ကလ)-ဒေါ်မျိုးဖြူစင်၊ ဦးကျော်ဇော-ဒေါ်ဝင်းအိအိဖြူ၊ မကြည်သာဆွေတို့၏မိခင်၊ မလင်းသီရိအိမ်၊ မထက်ထက်သီရိဝေ၊ မောင်ဘုန်းပြည့်လျှံ၊ မအေးချမ်းသီရိစံတို့၏အဘွားသည် ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၅း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၄-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်မြ(ခ)ဒေါ်ရင်ရင်မြ

အသက်(၆၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ရှမ်းရိပ်သာလမ်း၊ အမှတ် ၂၆ (ဘီ)နေ (ဦးစိုက်ရာ-ဒေါ်ကျင်မှုံ)တို့၏သမီး၊ (ဦးတင်စော-ဒေါ်ခွန်တီ)တို့၏သမီးချွေးမ၊ ဦးအောင်ဝင်း(Suzuki Myo Motor)၏ ချစ်လှစွာသောဇနီး၊ကိုအောင်မျိုးဟိန်း-မခင်သဉ္ဇာသော်၊ ကိုအောင်မျိုးဝင်း-မလွင်လွင်မိုးအေး၊ ကိုအောင်မျိုးနိုင်တို့၏မိခင်၊ မချိုမွန်ကို၊ မောင်ဟိန်းမင်းသန့်၊ မောင်ထက်နိုင်ဝင်းတို့၏အဘွားသည် ၈-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖူကျန့်တရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်ကိုကိုနိုင်(ခ)

## ဦးကိုကိုနိုင် အသက်(၅၀)

ရုံးအဖွဲ့မှူး(ငြိမ်း)

စီမံခန့်ခွဲရေးကော်မတီရုံး

ရွှေလင်ပန်းစက်မှုဇုန်

အထက(၁)ဒဂုံကျောင်းသားဟောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ တန်ဖိုးနည်းအိမ်ရာ၊ တိုက် (C)၊ အခန်း ၄၀၁နေ (ဦးအောင်မြင့်၊ ခရိုင်မန်နေဂျာ၊ ငြိမ်း)-ဒေါ်ခင်မြင့်မြင့်တို့၏သား၊ ဦးမောင်ကျော် - ဒေါ်ခင်ရွှေတို့၏သားသမက်၊ (ဒေါ်ဖြူဖြူမြင့်)၊ ဒေါ်စန္ဒာညီညီမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးခင်မောင်ကျော်-ဒေါ်သီတာမြင့်၊ ဦးရဲထွဋ်ဦး(ခေတ္တ-ဂျာမနီ)-ဒေါ်မြသီတာဆွေ၊ (ဒေါ်သန္တာမြင့်)တို့၏မောင်/ညီ၊ ဒေါ်ဥမ္မာမြင့်(ခေတ္တ-အမေရိကန်)တို့၏အစ်ကို၊ ဒေါ်ချောချောတင်၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၈-၄-၂၀၁၇ရက် (စနေနေ့) နံနက် ဝဝး၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက် (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမကြီးဒေါ်သိန်းသိန်းစိန်

**(B.A. BEd)**

အထက(၁၆၊ ၁၈၊ ၁၉)

အထပြ(ငြိမ်း)

အသက်(၇၃)နှစ်

မန္တလေးမြို့၊ အထက်မြန်မာပြည်မက်သဒစ်(စ) အသင်းတော်ဂိုဏ်းချုပ်ကြီး(ဦးဘိုးထွန်း-ဒေါ်ထွန်းပန်း)၊(ဦးဘိုးလွင် B.E.S Co.Ltd.၊ စက်ဗိုလ်-ဒေါ်ဒွေးဥ)တို့၏မြေး၊ ဗိုလ်မှူးစိန်ထွန်း(လက်ထောက်စစ်ဥပဒေချုပ်၊ ငြိမ်း)-နော်ပါးပို့က်(ခ)ဒေါ်မြလွင်တို့၏ သမီး၊ ဒေါ်ခင်ခင်စိန်-ဦးသောင်းဖေတို့၏ညီမ၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်မြင့်မြင့်စိန်-ဦးဝင်းမြင့်၊ ဦးစိန်လွင်ထွန်း-ဒေါ်ဝေမာအေးတို့၏အစ်မ၊ (ဦးကိုကြီး)၏ဇနီးသည် ၈-၄-၂၀၁၇ရက်(စနေနေ့)နံနက် ၅း၃၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်မြ(ခ)ဒေါ်ရင်ရင်မြ

အသက်(၆၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ရှမ်းရိပ်သာလမ်း၊ အမှတ် ၂၆ (ဘီ)နေ (ဦးစိုက်ရာ-ဒေါ်ကျင်မှုံ)တို့၏သမီး၊(ဦးတင်စော-ဒေါ်ခွန်တီ)တို့၏သမီးချွေးမ၊ ဦးအောင်ဝင်း(Suzuki Myo Motor)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သိန်း-(ဒေါ်အုန်းကြည်)၊(ဦးအောင်သိန်း-ဒေါ်စောကြည်)၊ ဦးသန်းရွှေ-ဒေါ်မြင့်မြင့်နွယ်၊ ဦးမြစီ-ဒေါ်ကျင်အေး၊ ဦးတင်အေး-ဒေါ်ဖြူဖြူဝင်း၊ဦးမြင့်ဆွေ - ဒေါ်ပဘာညွန့်တို့၏ညီမ၊ တူ၊ တူမ ၂၇ယောက်တို့၏အဒေါ်သည် ၈-၄-၂၀၁၇ရက်(စနေနေ့)နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေး ဖူကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးထွမ်ခမ်ကပ်

**Pu Thuam Khan Kap (Naulakbeh)**

အသက်(၉၆)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ အန်လန်ရွာနေ (ဦးဂင်တွာလ်-ဒေါ်ခေါလ်ကိုုန်)တို့၏သား၊ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၈)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ် ၂၂၇နေ ဒေါ်တင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းစိန်-ဒေါ်ကျင်ဇလွန်(ခ)ဒေါ်လွန်နိုး၊[ဒေါ်ဒိမ်ငိုက်ဒုန်(ခ)ဒေါ်ကျင်]၊ ဦးတွာကပ်ကျင့် - ဒိန်ဆွန်ညောင်(ခ)ဒေါ်ခင်မမ၊ [ဦးတွာလ်ခုပ်ပေါင်(ခ)ဦးတင်ဦး]-ဒေါ်အေးအေးသွင်၊ ဦးဂိုခွန်ထန်(ခ)ဦးအေးချို-ဒေါ်ခင်မေသန်း၊ ဦးကျော်မင်းလွင်-ဒေါ်မန်ငိုက်ဝုန်(ခ)ဒေါ်ခင်ညို၊ ဦးထန်ဇအုပ်-ဒေါ်ညောင်မန်လျှံ(ခ)ဒေါ်နှင်းဆီ၊ ဦးစံရီ-ဒေါ်ကျင်လန်းလွန်(ခ)ဒေါ်စန်းစန်း၊ဦးဖေဟန်-ဒေါ်ညင်စွမ်းဒင်(ခ)ဒေါ်မိုးသူ၊ ဦးပေါင်လန်းမန်-ဒေါ်ကျိန်ထန်မန်၊ဒေါ်ညင်စွမ်းနွမ်(ခ)ဒေါ်ငယ်၊ဦးခင်မောင်ကြည်-မန်ငိုက်ကျိန်(ခ)ဒေါ်ပလာတူးတို့၏ဖခင်၊ မြေး ၃၃ယောက်၊ မြစ် ၁၉ယောက်တို့၏ အဘိုးသည် ၈-၄-၂၀၁၇ရက်(စနေနေ့)နံနက် ၁၀း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက်(သောကြာနေ့)နံနက် ၇နာရီတွင် အောက်မေ့ဖွယ်ဝတ်ပြုပွဲကို ပြုလုပ်မည် ဖြစ်ပါသဖြင့် အထက်ပါ ဒဂုံမြို့သစ်(တောင်ပိုင်း) နေအိမ်သို့ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး

## ဒေါ်ငွေအေး (ကျောက်ဖြူမြို့)

အသက်(၉၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဦးဝိစာရလမ်းသွယ်(မြေနီခြံ)၊ အမှတ် ၁၀၄/၃(ပထပ်)နေ (ဦးအောင်တင်) ရွှေပန်းထိမ်ဆရာကြီး၏ဇနီး၊ ကိုတင်ကိုသန်း-မခိုင်ဇာသွယ်၊ ကိုတင်ကိုရွှေ-မစန်းစန်းငွေး(ရိုးမရွှေဆိုင်၊ တွံတေး)၊ ကိုအောင်ဗိုလ်မြင့် (Country Manager, EASB, Singapore)-မဝေမာပုလဲ(Lecturer-Ngee Ann Polytechnic, Singapore)၊ မတင်မူဝင်း (BE Civil-WYTU)၊ မမျိုးသန္တာဝင်း-ကိုမင်းချစ်သူ(ကျောက်ဖြူခရိုင် တရားရုံး)၊ မအေးသီရိဆွေ၊ မောင် လွင်ဝင်းကို(တတိယနှစ်၊ ဥပဒေ စစ်တွေ)၊ မောင်တင်မျိုးအောင်၊ မောင်ခန့်ငြိမ်းကျော်၊ မောင်ကျော်စိုးလင်းတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏အဖီးသည် ၈-၄-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် ကျောက်ဖြူအသင်းမှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်တင်လှိုင် (တွံတေးမြို့)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၂)၊ သီရိရတနာရိပ်သာ၊ မေတ္တာလမ်း၊ အမှတ် ၉၀၃နေ (ဦးပွ-ဒေါ်မြတင်)တို့၏သမီး၊ ရဲမှူးကျော်လှိုင်(ငြိမ်း)သတင်းတပ်ဖွဲ့၏ချစ်လှစွာသောဇနီး၊ ကိုအောင်ဝင်းထွန်း-မလှလှကြည် (California Tech)၊ ကိုတင်အောင်မျိုး (CE, MTM Ship Management)၊ မသီသီကျော်(လ/ထ ညွှန်မှူး၊ငြိမ်း၊လျှပ်စစ်-၂)၊ကိုဝင်းသိန်း (CE,North Star Ship management)၊ မအိအိအောင်တို့၏ ချစ်လှစွာသောမိခင်၊ မသော်တာဝင်းထွန်း 3rd MB (ဆေး-၂)၊ မောင်မင်းသန့်ထွန်း၊မအေးမြတ်သီရိမျိုး၊ မကြည်ဖြူသန့်၊ မောင်မြတ်ဝင်းခန့်၊ ဖိုးသားလေးတို့၏ ဘွားဘွားကြီးသည် ၇-၄-၂၀၁၇ရက် ညနေ ၆း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၇ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမောင်လေး (မကွေးမြို့)

အနောက်ပိုင်းခရိုင်မှူး (လဝက၊ ငြိမ်း)

**UNHCR -IND Project (မောင်တော)**

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ ၄ဝါ ၄လမ်း၊ အမှတ်(K-7)နေ ဒေါ်မကြေည်(မိုးညှင်းမြို့)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်၊ ဆရာမကြီးဒေါ်ချစ်ကြည်၊ ဒေါ်ခင်ရီအေးတို့၏မောင်၊ ဒေါ်လွင်လွင်မူ(MD-ပုလဲနဒီကုမ္ပဏီ)၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ဦးထွန်းထွန်းကျော်၊ ဦးနေဝင်း (DY-CE Y.C.D.C)-ဒေါ်ဝင်းဝင်းမာ၊ ဦးသန်းဝင်းအောင်(Chairman -ပုလဲနဒီကုမ္ပဏီ)၊ ဦးသက်နိုင်ထွန်း(Project Director Client Focus Technology Group Co.,Ltd)-ဒေါ်ချောစုလှိုင်(Director -ပုလဲနဒီခရီးသွားလုပ်ငန်း)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်နေဝင်း(Director-ပုလဲနဒီ)၊ မောင်ဇေယျာမင်းသူ၊ မစုသီရိခေတ်၊ မစုသီရိမြတ်၊ မောင်ဇေယျာမင်းခန့်တို့၏အဘိုးသည် ၇-၄-၂၀၁၇ရက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးထွန်းကြည်ဦး(ခ)ဦးမောင်ကြီး

အသက်(၆၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ် ၅၂၊ လေးလွှာနေ (ဦးကျော်ထွန်း-ဒေါ်ကြည်ကြည်)တို့၏သား၊ စောမြဝင်းကျော်-နော်ဖေဖိုးတို့၏သားသမက်၊ ဒေါ်ခင်သန်းစိုး၊ (ဒေါ်ခင်ဆွေမြင့်)၊ ဒေါ်ခင်ချိုအေး၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ကြည်ကြည်လှိုင်ထွန်းတို့၏မောင်၊ ဦးမောင်အောင်-Mrs. Poe၊ ဒေါ်မွေးသူဇာကျော်ထွန်း-ဦးဇော်ဝင်းမောင်တို့၏အစ်ကို၊ မဆုမြတ်နိုးဦး၊ မချယ်ရတီတို့၏ဖခင်၊မဖြူသက်ဆွေ၊မနှင်းလဲ့ဆွေ၊မဆွေဆွေအောင်@ Nucharee Aung တို့၏ဦးကြီး၊ နော်မေရီကျော်၏ချစ်လှစွာသောခင်ပွန်းသည် ၆-၄-၂၀၁၇ရက် ညနေ ၄း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးပါ (ပဲနွယ်ကုန်း)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ် ၁၀၅/၁၀၆နေ(ဦးစုဝါ-ဒေါ်သိန်း)တို့၏သား၊ (ဒေါ်ညွန့်)၏ခင်ပွန်း၊ ဒေါ်အမာ-(ဦးဘိုနီ)တို့၏မောင်၊ ဒေါ်မမလေး-(ဦးသိန်းလှိုင်)တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်ကြည်-ဦးစိုးမြင့်၊ ဦးမြင့်ဝင်း၊ ဦးဇော်ဝင်း၊ ဦးသန်းဝင်း-ဒေါ်ဝါဝါသက်၊(ဒေါ်မြင့်မြင့်လွင်)-ဦးအောင်ကျော်သင်း၊ဒေါ်မြင့်မြင့်ထွေး - ဦးရဲလင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်၊ တီလေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၈-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၄-၂၀၁၇ရက်(သောကြာနေ့)တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးလှမြင့် အသက်(၇၃)နှစ်

**[စာရင်းစစ်မှူး၊ က·ကငွေ(ငြိမ်း)]**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက ၂၁လမ်း၊ အမှတ် ၆၂၁(ဂ)နေ (ဦးသိန်းဟန်-ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးချမ်းမင်းထော-ဒေါ်နော်အက်စတာ)တို့၏ သားသမက်၊ မောင်မင်းသူ၊ မောင်မြတ်သူ၊ မောင်သက်အောင်-မဇင်သူလှမြင့်တို့၏ ဖခင်၊ ဒေါ်နော်ကလဲရာချမ်းမင်း (မျက်စိဆေးရုံ၊ အမျိုးသားမျက်စိဘဏ်၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၄-၂၀၁၇ရက်(သောကြာနေ့) နံနက် ၉း၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မီမီကျော် အသက်(၅၅)နှစ်

ဌာနခွဲစာရေး(ငြိမ်း)

စိုက်/သုဌာနခွဲ၊ လယ်/ဆည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ရန်နိုင်လမ်းသွယ်(၇)လမ်း၊ တိုက် ၂၁၂၊ အခန်း ၁၄နေ (ဦးထွန်းအောင်ကျော်)-ဒေါ်သန်းမြင့်တို့၏သမီး၊ ဦးစိုးဝင်း(လယ်/ဆည်)၏ဇနီး၊ ဦးသန်းလွင်-ဒေါ်သန်းသန်းရွှေတို့၏ညီမ၊ဦးဖြိုးမောင်မောင်ကျော်-ဒေါ်စန်းစန်းကျော်၊ ဦးကျော်လွင်၊ ဦးလင်းကြည်-ဒေါ်ယုယုထက်တို့၏အစ်မသည်၈-၄-၂၀၁၇ရက်(စနေနေ့) ညနေ ၄း၃၅နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဒုံးဖြူ (ကော့ကရိတ်)

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာလမ်း၊ ၂လမ်းမြောက်၊ အမှတ် ၃၆၇နေ (ဦးရွှေလှ-ဒေါ်ရွှေငုံ)တို့၏သမီး၊ (ဦးထွန်းစိန်)၏ဇနီး၊ (ဦးငွေလှိုင်)-ဒေါ်စန်း၊ ဦးဝင်းကြိုင်(အင်ဂျင်နီယာမှူး၊ ငြိမ်း၊ ပဆင)-နော်မူမူ(ခေတ္တ-စင်ကာပူ)၊ ဦးကျော်မြင့်(အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း၊ ပဆင)-ဒေါ်ခင်မျိုးမြင့်(အိုင်ဒီယာပွိုင့်စားသောက်ဆိုင်)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၈-၄-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၇ရက် (တနင်္လာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လေး အသက်(၇၅)နှစ်

ဦးစီးအရာရှိ(ငြိမ်း)

စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လှိုင်ကော်မြို့နေ (ဦးဘဇ-ဒေါ်ဖွားခင်)တို့၏သမီး၊ ဦးအောင်စိန်၊ (ဦးထွန်းစိန်)၊(ဦးကြီးစိန်)တို့၏ညီမ၊ဒေါ်ခင်ငွေး၊ (ဦးဇင်းစိန်ဝင်း)၊ ဦးဇင်းမွန်ထော်တို့၏ အစ်မ၊ယုဇနဥယျာဉ်မြို့တော်နေ ဦးဘုန်းမြင့်၏ဇနီး၊ ဆောမြို့နေ ဦးအောင်ချို၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄) ရပ်ကွက်၊နဝရတ်လမ်း၊အမှတ် ၁၁၇၂/က နေ ဒေါ်ထားနွယ်ခင်(တရားလွှတ်တော်ရှေ့နေ)တို့၏မိခင်၊ မောင်ဝေယံထက်၊ မောင်နေဝင်းထက်တို့၏ အဘွားသည် ၇-၄-၂၀၁၇ရက် (သောကြာနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၄-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှဝင်းရွှေ

(ခရိုင်တရားသူကြီး၊ ငြိမ်း)

အသက်(၆၉)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၃-၆၄လမ်းကြား၊ ဥပဒေအရာရှိရိပ်သာနေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးစန်းလွင်ဦး(ဒု-ခရိုင်ဥပဒေအရာရှိ) - ဒေါ်ယုယုဝင်း(လ/ထ တိုင်းဒေသကြီးဥပဒေအရာရှိ)၊ ဦးစည်သူဝင်း(မြို့နယ်တရားသူကြီး၊ မိုးညှင်းမြို့)-ဒေါ်မာမာအေး၊ ဦးဖြိုးသူဝင်း၊ မဇွန်မေသဇင်ဝင်းရွှေတို့၏ချစ်လှစွာသောဖခင်သည် ၈-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# မြန်မာ့သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်တို့၏ အနာဂတ်ဈေးကွက်အလားအလာ

**သတင်းဆောင်းပါး - မင်းသစ်(သတင်းစဉ်)၊ ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ - ဖေဇော်**




သီရိမင်္ဂလာဈေးရှိ သစ်သီးမျိုးစုံရောင်းဝယ်ရေးဆိုင်ကို တွေ့ရစဉ်

ယနေ့ ရန်ကုန်မြို့ စူပါမားကတ်ကြီးများနှင့် သစ်သီးဝလံရောင်းချသည့်ဆိုင်များတွင် ဒေသထွက် အသီးအနှံများအစား ပြည်ပအိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသည့် သစ်သီးဝလံအများစုက ဝင်ရောက်နေရာယူလာသည်။

"စူပါမားကတ်တွေမှာ ရောင်းနေတဲ့ အသီးအနှံတွေက ပြည်တွင်းက နည်းတယ်။ ဒီမှာက ထုတ်လုပ်မှုကနည်းပြီး ထုတ်လုပ်မှုစရိတ်က မြင့်တော့ သူတို့မယှဉ်နိုင်ဘူး။ ထုတ်လုပ်မှုစရိတ်မှာလည်း ယှဉ်လို့မရသလို အရည်အသွေးပိုင်းမှာလည်း မယှဉ်နိုင်ဘူး။ သူတို့ဆီမှာက အင်နဲ့အားနဲ့ အများကြီးထုတ်လုပ်တယ်"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။

ပန်းသီး၊ လိမ္မော်သီးဈေးကွက်တွင်လည်း တရုတ်၊ ထိုင်းနိုင်ငံတို့က အလုံးအရင်းဖြင့် ဝင်ရောက်လာသည့်အတွက် ပန်းသီးနှင့် လိမ္မော်သီး စိုက်တောင်သူ မရှိသလောက်နည်းပါးလာပြီး ဈေးကွက်ပျက်သွားသည့် အနေအထားမျိုး ရှိနေကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက သုံးသပ်ထားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❄

## တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှေ့ ကားပါကင်၌ သေနတ်ဖြင့် ပစ်ခတ်မှုတွင် ပူးပေါင်းပါဝင်ခဲ့သူ တရားခံပြေး အောင်ဝင်းခိုင်အား INTERPOL က အနီရောင်ကြေညာချက် ထုတ်ပြန်ထားရှိ

*စာမျက်နှာ - ၁၃*



## ဆန်းဒေးကာတွန်း

*စာမျက်နှာ - ၁၆-၁၇*

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၈

| | | |
|---|---|---|
| ချောက်မြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| နေပြည်တော်(ရေဆင်း)၊ ပျဉ်းမနားမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ပြည်မြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |

# ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်(ရန်ကုန်)တွင် မဏ္ဍပ် ၂၀ ပါဝင်ရေကစားမည်



(၁၃)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်(ရန်ကုန်) ရေသဘင်ပွဲ ဆင်နွှဲနေစဉ်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် မေ ၈**

၂၀၁၇ ခုနှစ် (၁၄)ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် (ရန်ကုန်)ကို ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ရာ ရေကစားမဏ္ဍပ် ၂၀ ပါဝင်ရေကစားမည်ဖြစ်ကြောင်း ရခိုင်ရိုးရာသင်္ကြန်ပွဲတော် (ရန်ကုန်) ဖြစ်မြောက်ရေးအဖွဲ့မှ သိရသည်။

ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်(ရန်ကုန်)ကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနက ကြီးမှူး၍ ရခိုင်လူမှုရေးအဖွဲ့အစည်းများက

*စာမျက်နှာ ၄ ကော်လံ ၁* ✻

